# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၆ ခုနှစ် ၊ ဝါခေါင်လပြည့်ကျော် (၇) ရက် ၊ တနင်္လာနေ့ ၊ (26-8-2024) ၊ အတွဲ (၃၃) ၊ အမှတ် (၁၁၈)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

## မန္တလေးမြို့ရှိ ရှေးဟောင်းသမိုင်းဝင် သာသနိကယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းထားရှိမှုများကို ကြည့်ရှုစစ်ဆေး၊ တန်ခိုးကြီးဘုရား၊ စေတီများအား ဖူးမြော်ကြည်ညို

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က ပဋ္ဌမသင်္ဂါယနာတင်၊ ဘဝရှင်မင်းတုန်းမင်းတရားကြီး တည်ထားကိုးကွယ်တော်မူသော မဟာသကျမာရဇိန် ကျောက်တော်ကြီးဘုရားအား ဖူးမြော်ကြည်ညိုစဉ်။





**နေပြည်တော် ဩဂုတ် ၂၅**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့ နံနက်ပိုင်းတွင် ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် ဇနီး၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီးမောင်မောင်အေးနှင့် ဇနီး၊ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ဗိုလ်ချုပ်ကြီးညိုစောနှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမင်းနောင်၊ ဦးမျိုးသန့်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ မန္တလေးမြို့ရှိ ရှေးဟောင်းသမိုင်းဝင် သာသနိကယဉ်ကျေးမှုအမွေအနှစ်များ **စာမျက်နှာ ၁၆ ကော်လံ ၁**


**Myanmar Mobile Money(MMM) ကိုအသုံးပြု၍အောက်ပါဝန်ဆောင်မှုများကိုရရှိနိုင်ပါသည်။**

ငွေသွင်းငွေထုတ်ခြင်း၊ ငွေလွှဲခြင်း၊ ဝန်ထမ်းလစာ/ ပင်စင်လစာထုတ်ပေးခြင်း ၊ လျှပ်စစ်မီတာ Bill ပေးဆောင်ခြင်း၊ E-Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊ ဈေးဝယ်ခြင်း ၊ Internet Bill ပေးဆောင်ခြင်း၊ Skynet Bill Payment ပေးသွင်းခြင်း၊Gift Card ပေးခြင်း၊ ပြည်ပငွေလွှဲ(ထိုင်း)၊ မြန်မာ့အာမခံလုပ်ငန်းသို့ အာမခံပရီမီယံပေးဆောင်ခြင်း၊ E-Commerce လုပ်ငန်းငွေပေးချေမှုများ ဆောင်ရွက်ခြင်း

မြဝတီနယ်စပ်ကုန်သွယ်ရေးလုပ်ငန်း အတွက် Customs Duty ပေးဆောင်မှုများအား MMM Service အသုံးပြုပြီး လွယ်ကူလျင်မြန်စွာဆောင်ရွက်နိုင်ပါပြီ။

အငြိမ်းစား လစာ အိမ်အဝင် ငွေပို့ငွေလွှဲခြင်း၊လစာထုတ်ခြင်းများကို ဘဏ်ကိုသွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။

ရုံးချုပ် - အမှတ်(၅၁)ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀ ၁၅၂၁
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေးလမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့် ၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆

ရတနာပုံ
၂၀၂၄ ခုနှစ် ဩဂုတ် ၂၆ ရက်
အယ်ဒီတာ့အာဘော်

# လူကုန်ကူးမှုများ လျော့နည်းကျဆင်းရေး

လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဗဟိုအဖွဲ့အစည်းအဝေး(၁/၂၀၂၄)ကို ဩဂုတ် ၂၂ ရက်က မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အရိန္ဒမာခန်းမ၌ကျင်းပခဲ့သည်။ လူကုန်ကူးမှုသည် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာတစ်ဝန်းပျံ့နှံ့ဖြစ်ပွားလျက်ရှိသည့် ဆိုးရွားလှသောမှုခင်းတစ်ရပ်ဖြစ်သည်။ လူကုန်ကူးခံရသူများကို လေ့လာကြည့်ပါက အမျိုးသမီးများနှင့် ကလေးငယ်များ ပါဝင်မှုအများဆုံးဖြစ်သည်ကို တွေ့ရပါသည်။ လူကုန်ကူးမှုသည် မြန်မာတစ်မျိုးသားလုံး၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို ထိခိုက်ပျက်ပြားစေသောကြောင့် လူကုန်ကူးမှုများ လျော့နည်းကျဆင်းအောင် လူကုန်ကူးမှုတားဆီးကာကွယ်ရေးတွင် ပြည်သူတစ်ရပ်လုံးက ပူးပေါင်းပါဝင်ကြရမည်ဖြစ်ပေသည်။

လူကုန်ကူးမှုများသည် ပုံသဏ္ဌာန်နည်းလမ်းမျိုးစုံဖြင့် ကမ္ဘာ့နေရာအနှံ့အပြားတွင် ဖြစ်ပွားနေသည်ကို တွေ့ရသည်။ အထူးသဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနောက်ကျသည့် နိုင်ငံများတွင် လူကုန်ကူးမှု၏ ဆိုးကျိုးများပိုမိုခံစားနေကြရသည်။ မြန်မာနိုင်ငံတွင်တွေ့ရသည့်လူကုန်ကူးမှုအမျိုးအစားများကို လေ့လာကြည့်လျှင် အဓမ္မထိမ်းမြားလက်ထပ်ခြင်း၊ အဓမ္မပြည့်တန်ဆာပြုခြင်း၊ အဓမ္မစေခိုင်းခြင်း၊ ကလေးသူငယ်လူကုန်ကူးခြင်း၊ ကြွေးမြီနှောင်ဖွဲ့ခိုင်းစေခြင်းတို့ဖြစ်သည်။

ထို့ပြင် လူပွဲစားများ၏ ဖြားယောင်းသွေးဆောင်မှုများကြောင့် လူကုန်ကူးခံရသူများလည်းရှိကြသည်။ ထို့အတူ ရွှေ့ပြောင်းသွားလာခြင်းမှလည်းကောင်း၊ ပြည်ပနိုင်ငံများသို့ တရားဝင်ဖြစ်စေ၊ တရားမဝင်ဖြစ်စေ နည်းလမ်းမျိုးစုံဖြင့် သွားရောက်ရာတွင် မသိနားမလည်ခြင်းကြောင့်လည်းကောင်း လူကုန်ကူးခံရခြင်း နွံအတွင်းသို့ကျဆင်းသွားကြရခြင်းဖြစ်ပေသည်။

လူကုန်ကူးခံရခြင်းသည် လူကုန်ကူးခံရသူတို့၏အားနည်းချက်ဖြစ်သော အားနာတတ်ခြင်း၊ ခွင့်လွှတ်တတ်ခြင်း၊ သူတစ်ပါးပြောသမျှယုံကြည်လွယ်ခြင်း၊ သူတစ်ပါးကိုအထင်ကြီးလွယ်ခြင်း၊ စူးစမ်းလေ့လာမှုအားနည်းခြင်း၊ လူပွဲစားများ၏ငွေပေါပေါရွှင်ရွှင်သုံးစွဲမှု၊ လက်ဆောင်ပေးမှု၊ ဟန်ဆောင်စာနာမှုကို အဟုတ်ထင်ယုံမှတ်ခြင်းကြောင့်ဖြစ်ပေသည်။

မြန်မာနိုင်ငံတွင် လူကုန်ကူးခံရသူများအတွက် အကောင်းဆုံးဝန်ဆောင်မှုများပေးနိုင်ရန် စံလုပ်ငန်းအစီအစဉ်တစ်ခုဖြစ်သည့် လူကုန်ကူးခံရသူများကို ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာအမျိုးသားအဆင့် စံလုပ်ငန်းအစီအစဉ်(၂၀၂၀)ကို ရေးဆွဲအတည်ပြုပြီးဖြစ်သည်။ ထို့ကြောင့် အဆိုပါစံလုပ်ငန်းအစီအစဉ်တွင်ပါရှိသည့်လုပ်ငန်းစဉ်များအတိုင်း လူကုန်ကူးခံရသူများကို လိုအပ်သည့်ပံ့ပိုးကူညီမှုများ၊ နောက်ဆက်တွဲစောင့်ရှောက်မှုများကို ဆက်လက်ဆောင်ရွက်ပေးကြရမည်ဖြစ်ပေသည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံ၌ ပြောင်းလဲဖြစ်ပေါ်နေသော လူကုန်ကူးမှုပုံစံသစ်များကိုတိုက်ဖျက်ရာတွင် ရေးဆွဲထားရှိသော မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ စတုတ္ထငါးနှစ်စီမံကိန်း၏ လုပ်နည်းလုပ်ဟန်သစ်များနှင့် နိုင်ငံတကာတွင်ကျင့်သုံးနေသည့် စံနှုန်းများကိုအသုံးပြုပြီး သက်ဆိုင်ရာအစိုးရဌာနများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများအပါအဝင် ပြည်သူလူထုတစ်ရပ်လုံးကပါ လူကုန်ကူးမှုတိုက်ဖျက်ရေးအသိပညာဗဟုသုတများဖြင့် ပူးပေါင်းပါဝင်အကောင်အထည်ဖော်ကြမှသာ လူကုန်ကူးမှုများ လျော့နည်းကျဆင်းအောင်ထိန်းချုပ်နိုင်မည်ဟု ယုံကြည်ရေးသားလိုက်ရပေသည်။

# ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ငါးမြစ်ချင်း ပိဿာချိန် ၇၇၀၀၀ တင်ပို့ရောင်းချနိုင်ခဲ့

**ပန်းတနော် ဩဂုတ် ၂၅**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ငါးမြစ်ချင်း ပိဿာချိန် ၇၇၀၀၀ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း ပန်းတနော်မြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးအေးသက်က ပြောပြ၍ သိရသည်။

ပန်းတနော်မြို့နယ်မှ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံလုပ်ငန်းများသည် ဒေသထွက် ရေထွက်ကုန်ပစ္စည်းများကို ဝယ်ယူပြီး စနစ်တကျသန့်စင်ထုပ်ပိုးကာ ရန်ကုန်မြို့ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ဇွန်လအတွင်းက ငါးမြစ်ချင်း ပိဿာချိန် ၅၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လအတွင်း ငါးမြစ်ချင်း ပိဿာချိန် ၇၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ ငါးမြစ်ချင်းပိဿာချိန် ၁၀ လျှင် ငွေကျပ် ၉၅၀၀၀ ထိဈေးပေါက်ကြောင်း သိရသည်။

"ပန်းတနော်မြို့နယ်ကနေ ငါးမြစ်ချင်းတွေအပါအဝင် ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကိုပဲ အဓိကတင်ပို့ရောင်းချပါတယ်။ ဇူလိုင်လအတွင်းကလဲ ရန်ကုန်ဈေးကွက်က ငါးမြစ်ချင်းတွေ ဝယ်လိုအားကောင်းမွန်ခဲ့ပါတယ်။ လက်ရှိဩဂုတ်လထဲမှာလဲ ငါးမြစ်ချင်းတွေ အဝယ်လိုက်နေပါတယ်။ ဇူလိုင်လအတွင်း ငါးမြစ်ချင်း ပိဿာချိန် ၇၇၀၀၀ ထိတင်ပို့ရောင်းချခဲ့ရပါတယ်။ ရေထွက်ကုန်တွေအများအပြားတင်ပို့ရောင်းချခဲ့ရတာကြောင့် မွေးမြူရေးလုပ်ငန်းရှင်တွေနဲ့ ကုန်သည်တွေပါ အဆင်ပြေနေပါတယ်"ဟု ပန်းတနော်မြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးအေးသက်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# မန္တလေးဈေးကွက်အတွင်း ဆိပ်ဖြူဘက်မှထွက်ရှိသည့် ကြက်သွန်နီများ အရောင်းအဝယ်ကောင်းမွန်နေ



**မန္တလေး ဩဂုတ် ၂၅**

မန္တလေးဈေးကွက်အတွင်း ဆိပ်ဖြူဘက်မှထွက်ရှိသည့် ကြက်သွန်နီများအရောင်းအဝယ်ကောင်းမွန်နေကြောင်း မန္တလေးမြို့မှ အောင် ကြက်သွန်နှင့်အာလူးပွဲရုံပိုင်ရှင် ဒေါ်မေသဲဆွေက ပြောပြ၍ သိရသည်။

မန္တလေးဈေးကွက်တွင် ဩဂုတ်လ နောက်ဆုံးပတ်အတွင်း ဆိပ်ဖြူဘက်မှ ကြက်သွန်နီများ ဆက်တိုက်အဝယ်လိုက်လျက်ရှိကြောင်း၊ ပြည်တွင်းဈေးကွက်အပြင် ပြည်ပကလည်း ကြက်သွန်နီများကိုဝယ်ယူမှု များပြားလျက်ရှိကြောင်း သိရသည်။

"မန္တလေးဈေးကွက်ထဲ အဝင်များတဲ့အထဲမှာ ဆိပ်ဖြူဘက်က ထွက်ရှိတဲ့ ကြက်သွန်နီအပြင် တောင်သာနဲ့မြင်းခြံကထွက်ရှိတဲ့ ကြက်သွန်နီတွေလဲ ပါပါတယ်။ ဆိပ်ဖြူဘက်ကထွက်ရှိတဲ့ ကြက်သွန်နီကတော့ မန္တလေးဈေးကွက်ထဲ အခုအရောင်းအဝယ်အကောင်းဆုံးအနေအထားမှာရှိတယ်။ မြင်းခြံနဲ့ တောင်သာဘက်ကထွက်ရှိတဲ့ ကြက်သွန်နီတွေလဲ ပုံမှန်အတိုင်းပဲ အရောင်းအဝယ်ဖြစ်နေပါတယ်"ဟု အောင် ကြက်သွန်နှင့်အာလူးပွဲရုံပိုင်ရှင် ဒေါ်မေသဲဆွေက ပြောပြသည်။

မန္တလေးဈေးကွက်အတွင်း ဩဂုတ် ၂၄ ရက် ပေါက်ဈေးအရ ဆိပ်ဖြူဘက်မှ ထွက်ရှိသည့် ကြက်သွန်နီ တစ်ပိဿာလျှင် ငွေကျပ် ၂၃၀၀ ခန့်၊ မြင်းခြံဘက်မှ ထွက်ရှိသည့် ကြက်သွန်နီ တစ်ပိဿာလျှင် ငွေကျပ် ၂၀၀၀၊ တောင်သာဘက်မှထွက်ရှိသည့် ကြက်သွန်နီ တစ်ပိဿာလျှင် ငွေကျပ် ၂၂၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။ (၁၈၄)

# ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၁၀၄၂၇ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**ယင်းမာပင် ဩဂုတ် ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၁၀၄၂၇ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြ၍ သိရသည်။

ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ဧက ၁၆၂၅၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဇွန်လမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၀၄၂၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ယင်းမာပင်ခရိုင်အတွင်း နေကြာ ဧက ၁၆၂၅၀ စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ၁၀၄၂၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ဆက်လက်လဲစိုက်ပျိုးနေပါတယ်။ ပြည်ပကနေ ဆီတင်သွင်းမှုကို လျှော့ချနိုင်ဖို့အတွက် ဆီထွက်သီးနှံဖြစ်တဲ့နေကြာကို တိုးချဲ့စိုက်ပျိုးရေးဆောင်ရွက်ပေးတယ်။ ဆီထွက်သီးနှံဖြစ်တဲ့ နေကြာရဲ့ တစ်ဧကဆီထွက်ရှိမှုက ကျန်တဲ့ မြေပဲ၊ နှမ်းတွေထက်များပါတယ်။ နေကြာကို ဆောင်းရာသီမှာ အများဆုံးစိုက်ပျိုးကြတာပါ"ဟု ယင်းမာပင်ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

ယင်းမာပင်ခရိုင်တွင် ယခုနှစ် မြို့နယ်အလိုက် နေကြာစိုက်ပျိုးပြီးစီးမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ၃၃၂၉ ဧက၊ ကနီမြို့နယ်တွင် ၃၂၂၈ ဧက၊ ဆားလင်းကြီးမြို့နယ်တွင် ဧက ၆၅၀၊ ပုလဲမြို့နယ်တွင် ဧက ၃၂၂၀ စုစုပေါင်း ၁၀၄၂၇ ဧကဖြစ်ကြောင်း၊ နေကြာစိုက်ပျိုးရန် မြို့နယ်အလိုက်လျာထားမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ၇၉၄၁ ဧက၊ ကနီမြို့နယ်တွင် ၃၉၃၉ ဧက၊ ဆားလင်းကြီးမြို့နယ်တွင် ဧက ၁၁၅၀၊ ပုလဲမြို့နယ်တွင် ဧက ၃၂၂၀ စုစုပေါင်း ဧက ၁၆၂၅၀ ဖြစ်ကြောင်း သိရသည်။

ယင်းမာပင်ခရိုင်တွင် သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နေကြာတိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးသင်တန်းများပေးခြင်း၊ ဝန်ထမ်းနှင့်နေကြာစိုက်ပျိုးမည့်တောင်သူများ စွမ်းဆောင်ရည်မြှင့်မားရေးအတွက် အသိပညာပေးသင်တန်းပေးခြင်းများကို အရှိန်မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထို့ပြင် ယင်းမာပင်ခရိုင်တွင် ယခုနှစ် နေကြာသီးနှံစိုက်တောင်သူများကို ယူရီးယား ဓာတ်မြေဩဇာများ ချိုသာသောဈေးနှုန်းဖြင့် ရောင်းချပေးနိုင်ရေး၊ ထွက်ရှိလာသောနေကြာမျိုးများကို တောင်သူမှတောင်သူ ဖလှယ်သည့် နည်းစနစ်များဖြင့် ဖြန့်ဖြူးပေးသွားရေးတို့ကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ (၂၀၆)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# သံဖြူဇရပ်မြို့နယ် ဘုရားလေးဆူကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေထုတ်ချေး

သံဖြူဇရပ် ဩဂုတ် ၂၅

မွန်ပြည်နယ် မော်လမြိုင်ခရိုင် သံဖြူဇရပ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဘုရားလေးဆူကျေးရွာ၌ ပထမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးပေးခြင်းကို ဩဂုတ် ၂၄ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သံဖြူဇရပ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်တင်ဝေနှင်းနှင့် ဝန်ထမ်းများက ဘုရားလေးဆူကျေးရွာရှိ ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ မြစိမ်းရောင်ကျေးရွာလုပ်ငန်းအဖွဲ့ဝင်များ၊ အသင်းသားအသင်းသူများနှင့် တွေ့ဆုံပြီး မြစိမ်းရောင် ကျေးရွာစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ အကြောင်းအရာများ၊ မိသားစုတစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို ယခင်ကထက် ပိုမိုတိုးချဲ့လုပ်ကိုင်ဆောင်ရွက်စေလိုကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ၏ တာဝန်နှင့် ခံစားခွင့်များ၊ ပြစ်မှုပြစ်ဒဏ်များကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံဝန်ထမ်းက စီမံကိန်း စက်ဝန်းကာလနှင့် အတိုးနှုန်း သတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးပေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ဘုရားလေးဆူကျေးရွာရှိ မြစိမ်းရောင်ကျေးရွာ လုပ်ငန်းအဖွဲ့ဝင်များထံသို့ စီမံကိန်းရန်ပုံငွေကျပ် ၂၉ ဒသမ ၄၀ သန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာလုပ်ငန်းအဖွဲ့ဝင်များက ဘုရားလေးဆူကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၈ ဦးကို ငွေကျပ် ၂၀ ဒသမ ၅၀ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၅ ဦးကိုငွေကျပ် ၆ ဒသမ ၄၀ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၃ ဦးကို ငွေကျပ် ၂ ဒသမ ၅၀ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၃၆ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ်၂၉ ဒသမ ၄၀ သန်းကို ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ ချိုလေး



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် နမ့်တော‌မြို့နေ ဒေါ်အီသန်း မိသားစုက ဦးကျောက်ပိုအားရည်စူး၍ ဆေးပဒေသာပင်အတွက် အလှူငွေကျပ် ၁၀၀၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာ ဦးခင်မောင်၊ ဘဏ္ဍာရေးဆပ်ကော်မတီဥက္ကဋ္ဌ ဦးစိုးလွင်နှင့် ဆွမ်းကွမ်းအဖွဲ့ဝင် ဦးဝင်းမြင့်တို့က လက်ခံရယူစဉ်။

# ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း မနောသုခဆန် ၂၄ ပြည်ဝင် အိတ်ရေ ၈၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



ဖျာပုံ ဩဂုတ် ၂၅

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း မနောသုခဆန် ၂၄ ပြည်ဝင်အိတ်ရေ ၈၅၀၀၀ ထိတင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း ဖျာပုံမြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဖြူဖြူအောင်က ပြောပြသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇွန်လက မနောသုခဆန် ၂၄ ပြည်ဝင်အိတ်ရေ ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင် ၁ ရက်မှ ၃၁ ရက်ထိ မနောသုခဆန်အမျိုးအစားတင်းရေ ၈၅၀၀၀ ထိတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊အဆိုပါဆန်အမျိုးအစားသည် ဆန်ကြမ်းအုပ်စုတွင် ပါဝင်သည့် အမျိုးအစားဖြစ်ကြောင်း သိရသည်။

''ပြီးခဲ့တဲ့ ဇူလိုင်လအတွင်း ဖျာပုံကနေ မနောသုခဆန်တွေ အများအပြားရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ ဖျာပုံမြို့နယ်ကနေ လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အများဆုံးတင်ပို့ရောင်းချနေပါတယ်။ မနောသုခဆန်က ဆန်အကြမ်းအုပ်စုထဲမှာပါတဲ့ အမျိုးအစားဖြစ်ပါတယ်။ မနောသုခဆန်အမျိုးအစားကို ရန်ကုန်ဈေးကွက်က အခုလထဲမှာလဲ အများအပြားဝယ်ယူဖို့ ချိတ်ဆက်မှုတွေရှိပါတယ်။ အခြားဆန်တွေနဲ့ယှဉ်ရင် ပြီးခဲ့တဲ့တစ်လအတွင်းမှာကော လတ်တလောအနေနဲ့ပါ အရောင်းအဝယ်ပိုဖြစ်နေပါတယ်။ ဆန်အိတ်တွေကို ကုန်းလမ်းနဲ့ အဓိကထားတင်ပို့ရောင်းချနေပါတယ်''ဟု ဖျာပုံမြို့နယ်မှ ဆန်စပါး ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဖြူဖြူအောင်က ပြောပြသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း တင်ပို့ရောင်းချခဲ့သည့် မနောသုခဆန် ၂၄ ပြည်ဝင် အိတ်ရေ ၁၀ အိတ်လျှင်ငွေကျပ် ၉၉၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါဆန်များ အရောင်းအဝယ် ကောင်းမွန်လာသည့်အတွက် တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်လုပ်ငန်းရှင်များ အလုပ်အကိုင်အခွင့်အလမ်းရရှိလျက်ရှိကြောင်း ဖျာပုံမြို့နယ်မှဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဖြူဖြူအောင်ထံမှ သိရသည်။

ကျော်ကျော်လင်း

# မလှိုင်မြို့နယ် မြေခြားကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း စစ်ဆေး

မလှိုင် ဩဂုတ် ၂၅

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဘွက်ငယ်ကျေးရွာအုပ်စု မြေခြားကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိသောလုပ်ငန်းများကို ဩဂုတ် ၂၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစု၊ ဦးစီးအရာရှိ ဒေါ်အေးမိုးခိုင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြေခြားကျေးရွာ၌ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့်စာရင်းပုံစံများ ပြည့်စုံမှုရှိ၊ မရှိ စစ်ဆေးပြီး မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြေခြားကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၉၆ ဦးကို ငွေကျပ် ၄၁ ဒသမ ၄သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၁ ဦးကို ငွေကျပ် ၈ ဒသမ ၁၅ သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ သုံးဦးကို ငွေကျပ် ၁ ဒသမ ၂၅ သန်းနှင့် အခြားလုပ်ငန်းလုပ်ကိုင်သူ ခုနစ်ဦးကို ငွေကျပ် ၂ ဒသမ ၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၂၇ ဦး ငွေကျပ် ၅၃ ဒသမ ၃ သန်းကို ထုတ်ချေးပေးထားကြောင်း သိရသည်။

ဟိန်းထက်စိုး(မလှိုင်)

# မော်လိုက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၁၀၈၄၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

မော်လိုက် ဩဂုတ် ၂၅

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင် မော်လိုက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၁၀၈၄၃ ဧကထိစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မော်လိုက်ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မော်လိုက်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ဧက ၁၉၅၀၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဇွန်လမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၀၈၄၃ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးချိန် မော်လိုက်မြို့နယ်မှာ မိုးစပါဧက ၁၉၅၀၀ စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ၁၀၈၄၃ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မိုးစပါး သတ်မှတ်လျာထားဧကပြည့်မီအောင် လိုအပ်တဲ့နည်းပညာ၊ မျိုးတွေ ဆောင်ရွက်ပေးနေပါတယ်။ တောင်သူတွေ အနေနဲ့ မိုးစပါးတွေအချိန်မီပြီးစီးအောင်စိုက်ပျိုးနိုင်ဖို့ ကွင်းဆင်းဆောင်ရွက်ပေးနေပါတယ်"ဟု မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါးစိုက်ပျိုးရာတွင် အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မော်လိုက်မြို့နယ်တွင် မိုးစပါးစိုက်တောင်သူများကို စိုက်ပျိုးရေးဆိုင်ရာနည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှုကာကွယ်ရေးအသိပညာပေးခြင်း၊ သီးနှံများပျက်စီးဆုံးရှုံးမှုမရှိရေး အသိပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယခုနှစ် မော်လိုက်မြို့နယ်တွင် မိုးစပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းမွန်စေရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးခြင်း၊ ပိုးမွှားကျရောက်မှု ကင်းထောက်ခြင်းစသည့်လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်ထံမှ သိရသည်။ (၂၀၆)



# စစ်နဲ့လူသား

ချစ်နိုင်(စိတ်ပညာ)

"စစ်ဆိုသည်မှာ နိုင်ငံတော်အတွက် သေရေးရှင်ရေးတမျှအရေးကြီးလှသော ကိစ္စတစ်ရပ်ဖြစ်သည်။ စစ်သည် ပြည်သူလူထု၏အသက်ရှင်ရေးနှင့်လည်းကောင်း၊ သေကျေပျက်စီးရေးနှင့်လည်းကောင်း သက်ဆိုင်လျက်ရှိရုံမျှမက နိုင်ငံတော်တည်တံ့ခိုင်မြဲရေးကိုလည်းကောင်း၊ ပျက်သုဉ်းရေးကိုလည်းကောင်း ဖြစ်ပေါ်စေနိုင်သည်။ ထို့ကြောင့် စစ်ပညာကိုစေ့စပ်သေချာစွာဂရုတစိုက်လေ့လာဆည်းပူးထိုက်သည်။

စစ်မက်ရေးရာကိုဆင်ခြင်သုံးသပ်ရာတွင် မရှိမဖြစ်အခြေခံအချက် ငါးရပ်ပါဝင်ရမည်။

၁။ Moral Influence စိတ်ဓာတ်ရေးရာလွှမ်းမိုးရေး၊
၂။ Weather ကာလ၊ သဘာဝရာသီဥတုအခြေအနေ၊
၃။ Terrain ဒေသ၊ စစ်မြေပြင်အခြေအနေ၊
၄။ Command ပုဂ္ဂလ၊ ခေါင်းဆောင်ကွပ်ကဲမှု၊
၅။ Doctrine စည်းကမ်း၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်း

**တရုတ်စစ်သူကြီးဆွန်ဇု(ဘီစီ ၅၄၄-၄၉၆)**
**ဘီစီ ၅ ရာစု၊ ဝူပြည်နယ်၊ မင်းမှုထမ်း**

ကျွန်ုပ်တို့သည် **"စစ်နှင့်ငြိမ်းချမ်းရေး"**အကြောင်းကို စာအုပ်စာပေများထဲမှ ဖတ်ရှု၍တွေ့ကြုံလာခဲ့ရသည်။ ရုရှားစာရေးဆရာကြီးလီယိုတော်စတွိုင်း (၁၈၂၈-၁၉၁၀)၏ ဘာသာပြန် စစ်နှင့်ငြိမ်းချမ်းရေးကို ဆရာကြီးမြသန်းတင့်ကျေးဇူးဖြင့် အရသာတစိမ့်စိမ့်ခံ၍ ဖတ်ခွင့်ရခဲ့သည်။

ဆရာကြီးမြသန်းတင့် (၁၉၂၉-၁၉၉၈) သည် မြန်မာစာပေလောကတွင် အထူးပင်လေးစားအားကျထိုက်သော စာရေးဆရာတစ်ဦးဖြစ်လေသည်။ အသက် ၂၀ အရွယ်မှစ၍ တာရာမဂ္ဂဇင်းတွင် ဝတ္ထုရေးခဲ့သည်။ မကွယ်လွန်မီ ၆၉ နှစ်အရွယ်ထိ နှစ်ပေါင်း ၅၀ ကြာမျှအချိန်ကာလအတွင်း ဝတ္ထုရှည်၊ ဝတ္ထုတို၊ ဘာသာပြန်၊ စာပေအမျိုးမျိုးကို ကလောင်ခွဲများစွာနှင့် အဆက်မပြတ်ရေးခဲ့သူဖြစ်၏။ စာအုပ်ပေါင်း ၁၀၀ ခန့်ရေးသားခဲ့ရာတွင် အောက်ပါဘာသာပြန်ဝတ္ထုရှည်ကြီးများအတွက် အမျိုးသားစာပေဆု ငါးကြိမ်တိုင်တိုင် နိုင်ငံတော်အစိုးရက အလေးအမြတ်ရွေးချယ်ဆုပေး၍ ဂုဏ်ပြုခဲ့ရသည်။

၁။ **စစ်နှင့်ငြိမ်းချမ်းရေးပေါင်းချုပ်(၁၉၇၂)**
(အတွဲလိုက်ခွဲ၍ ပုဂံစာအုပ်တိုက်မှထုတ်ဝေခဲ့သည်ကတော့ ၁၉၆၄-၁၉၆၅ ဆီကပင်ဖြစ်လေသည်)
၂။ **လေရူးသုန်သုန်(၁၉၇၈)အမေရိကန်စစ်နောက်ခံ**
၃။ **ခန်းဆောင်နီအိပ်မက်(၁၉၈၈)ဂန္ထဝင်တရုတ်ဝတ္ထု**
၄။ **သုခမြို့တော်(၁၉၉၂)**
၅။ **အချစ်မိုးကောင်းကင်(၁၉၉၅)**

သူနှင့်အတူတွဲ၍ စာပေဟောပြောပွဲပေါင်းများစွာ သွားလာဟောပြောခဲ့ဖူးသော ဆရာကြီးအောင်သင်းက သူနှင့်အတော်တွဲဖြစ်သော ဆရာကြီးမြသန်းတင့်၏ ဇာတိ၊ ပခုက္ကူ မြိုင်ဘက်ဆီသို့စာပေဟောပြောပွဲသွားရောက်ခဲ့ပုံလေးကို လွမ်းလွမ်းတတရေးထားပုံလေး အမှတ်ရနေမိသည်။

"ကျွန်တော်စာပေခရီးမြောက်မြားစွာ၊ မိုင်ပေါင်းများစွာထွက်ခဲ့ဖူးသည်။ အပင်ပန်းဆုံးမှာ ပခုက္ကူခရီးဖြစ်သည်။ အလန်းဆုံးမှာလည်း ပခုက္ကူခရီးဖြစ်သည်။ ယနေ့တိုင်အလွမ်းဆုံးမှာလည်း ပခုက္ကူခရီးဖြစ်သည်။ လွမ်းရမည့်သူကလည်းရှိနေသည်" စသည်ဖြင့် ပခုက္ကူ မြိုင်ဇာတိသားဆရာကြီးမြသန်းတင့်အကြောင်း စီကာပတ်ကုံးဖွဲ့နွဲ့ရေးထားခဲ့သည်။

စာရေးသူ ရင်နှင့်ကြေကွဲရသည်ကတော့ မြိုင်မြို့မှာနေသော ဆရာမြ၏ယောက်ဖ(ကျောင်းဆရာ)၊ တူမ(ကျောင်းဆရာမ) စသော ပညာတတ်ဆွေမျိုးရင်းချာများကို ၂၀၂၂-၂၀၂၃ ခုနှစ်ကာလဆီတွင် အကြမ်းဖက်လက်နက်ကိုင် ပညာမဲ့သောင်းသူများက တစ်ယောက်ပြီးတစ်ယောက် ဓားဖြင့်ခုတ်သတ်လို့သတ်၊ ကြိုးဖြင့်တုပ်၍သေနတ်ဖြင့်ပစ်သတ်လို့သတ်၊ ရက်စက်စွာ လုယက်သတ်ဖြတ်ခြင်းအမျိုးမျိုးဖြင့် နှိပ်စက်အသတ်ခံခဲ့ကြရသည်။ ကမ္ဘာသိကျော်ကြားထင်ရှားသော မြန်မာစာရေးဆရာကြီးသည် သူ၏ဆွေမျိုးရင်းချာများ မြိုင်မြို့မှာရှိသမျှအကြမ်းဖက်သူပုန်ရက်စက်မှုဖြင့် စစ်ဘေးစစ်ဒဏ်သင့်ကြရမည်ကို တစ်ခါမျှစိတ်ကူးဖူးမည်မဟုတ်ပါပေ။ စာမျက်နှာပေါင်းထောင်ချီများပြားအောင် ရှည်လျားသော လီယိုတော်စတွိုင်း၏ ကမ္ဘာ့ဂန္ထဝင်ဝတ္ထုရှည်ကြီး စစ်နှင့်ငြိမ်းချမ်းရေးထဲတွင် စစ်၏အနိဋ္ဌာရုံများကို ထိတ်လန့်ကြောက်ရွံ့အံ့ဩစက်ဆုပ်ဖွယ် ဆရာကြီးမြသန်းတင့်က တိကျပြည့်စုံစွာဘာသာပြန်ခဲ့ပါ၏။ အင်္ဂလိပ်ဘာသာ စစ်နှင့်ငြိမ်းချမ်းရေးမူများကို သုံးလေးအုပ်ဖတ်ရှုလေ့လာပြီး သူအကောင်းဆုံးထင်သောမူကို ကြိုးစားပမ်းစားပြန်ဆိုခြင်းဖြစ်ပါ၏။ စစ်၏အနိဋ္ဌာရုံ၊ ယမ်းနံ့၊ သွေးညှီနံ့၊ စစ်မြေပြင်မီးလောင်ပြင်မှ လူသေကောင်ပုပ်ညှီနံ့ စသည်တို့ကိုမြင်ယောင်ကြားယောင်ခံစားရအောင် စွမ်းဆောင်နိုင်ခဲ့ပါ၏။ ဆရာကြီးမြသန်းတင့်က ဘာသာပြန်ကောင်းသကဲ့သို့ မူရင်းစာရေးဆရာလီယိုတော်စတွိုင်း(၁၈၂၈- ၁၉၁၀)ကလည်း ဤဝတ္ထုရှည်ကြီးထဲတွင် စစ်ပွဲတွေကို စာဖတ်သူများမုန်းတီးဆန့်ကျင်သွားလောက်သော ခံစားချက်ရစေအောင် ရသမြောက်ခဲ့ပါ၏။

စစ်ဆိုသည်မှာ လူတစ်ယောက်စိတ်ရူးပေါက်ရုံမျှဖြင့်လည်း ထဖြစ်ချင်ဖြစ်နိုင်၏။ စစ်သည် ဗိုလ်ပါ ထောင်သောင်းများစွာပါသော တပ်ရင်း၊ တပ်မများ၊ အမြောက်တပ်၊ မြင်းတပ်၊ သေနတ်ကိုင်တပ်များဖြင့် ရင်ဆိုင်ကာ စစ်တိုက်ကြရ၏။ လူပေါင်းရာထောင်ချီ၍ သေကျေ၊ ဒဏ်ရာရ၊ သွေးအလူးလူးဖြင့် ခြေပြတ်၊ လက်ပြတ်တွေဖြစ်စေတတ်၏။ ငယ်ရွယ်သူတွေ၊ ဖခင်တွေ၊ လင်ယောကျ်ားတွေသည် စစ်မီး၏တောက်လောင်ဝါးမြိုခြင်းခံရကာ ဝေဒနာအမျိုးမျိုးဖြင့် စစ်မြေပြင်တွင် ပြန့်ကျဲသေဆုံးကြရ၏။

လူသားတွေရှိနေသမျှ အချို့လူတို့မိုက်လုံးကြီးနေသမျှ တစ်ကိုယ်ကောင်းစိတ်ဆန္ဒနှင့် မာန်မာနတွေရှိနေသမျှ စစ်ပွဲတွေက ဆက်လက်လောင်ကျွမ်းနေဦးမည်သာဖြစ်ကြောင်း ပေါ်လွင်ထင်ရှားမြင်သာအောင် စစ်၏သရုပ်ကိုပီပြင်စွာရေးသားဖော်ပြထား၏။ တိုက်ပွဲများ၊ စစ်ပွဲများအကြောင်း လီယိုတော်စတွိုင်းက သူမတူအောင်အရေးကောင်းလှချေတကား၊ မှန်ပါ၏။ ကရိုင်းမီးယားစစ်ပွဲတွင် သူကငယ်ငယ်ရွယ်ရွယ်နှင့် ပါဝင်တိုက်ခိုက်ခဲ့ရသည်။ အမြောက်တပ်အရာရှိဖြစ်လာသည်။ ဆီဗက်စတိုဗိုပိုမှာ ၁၁ လကြာဝိုင်းရံထားခြင်းခံရသည့်အထဲတွင် သူလည်းပိတ်မိနေခဲ့၏။ စစ်ပွဲအတွင်း နေ့စဉ်နှင့်အမျှ စစ်၏အနိဋ္ဌာရုံများကို ကိုယ်တိုင်မြင်တွေ့နေခဲ့ရ၏။ သေဆုံးသူပေါင်းများစွာ၊ အလောင်းများစွာ၊ မသေမရှင်ဒဏ်ရာရသူပေါင်းများစွာ၊ နာကျင်စွာအော်ဟစ်ညည်းညူသံများ၊ သွေးညှီနံ့၊ ပြည်ပုပ်နံ့၊ အမြောက်သံ၊ ဗုံးသံများနှင့် နားအူခြင်းခံစားရင်း အော်ဂလီဆန်ခဲ့ရ၏။

ကော့ကေးဆပ်မှာ တာဝန်ထမ်းဆောင်ရစဉ်မှာလည်း တာတာသူပုန်များနှင့် မကြာခဏထိတွေ့တိုက်ပွဲနွှဲခဲ့ရ၏။ တာဝန်ထမ်းခဲ့စဉ်က ဆီဗက်စတိုပို ၁၁ လကြာတိုက်ပွဲစဉ်၊ ကော့ကေးဆပ်တိုက်ပွဲများ၊ စစ်အတွေ့အကြုံကိုယ်တွေ့ဖြတ်သန်းမှုကြောင့် စစ်နှင့်ငြိမ်းချမ်းရေးဝတ္ထုရှည်ကြီးသည် ကမ္ဘာကျော်အောင်မြင်ထင်ရှားသော ဂန္ထဝင်ဝတ္ထုဖြစ်ခဲ့ရလေ၏။ ရုပ်ရှင်ဇာတ်ကားအဖြစ်လည်း အကြိမ်ကြိမ်ရိုက်ရ၏။ မြန်မာဘာသာသို့လည်း ဆရာကြီးမြသန်းတင့်၊ ဆရာစိုးမြိုင် စသည်ဖြင့် စာရေးဆရာများပြန်ဆိုခဲ့ကြ၏။ လီယိုတော်စတွိုင်းက အချို့အခန်းများကို ခုနစ်ကြိမ်လက်ရေးနှင့်ကူးရေးသည်။ အခန်းတစ်ခန်းကို ၈၃ ကြိမ်ပြန်ပြင်ရေးခဲ့ကြောင်း တွေ့ကြရသည်။ စိတ်တိုင်းမကျမချင်း ပြန်ပြန်ရေးခဲ့သည်။ ၁၈၆၉ ခုနှစ်မှာ ရေးသားပြီးစီးခဲ့သည်။ ဆရာကြီးမြသန်းတင့် ဘာသာပြန်စာအုပ်သည်လည်း စတုတ္ထအကြိမ်၊ ပဉ္စမအကြိမ် (၁၉၆၄-၁၉၇၀)စသဖြင့်ပုံနှိပ်ရသည်။ ဂန္ထဝင်သရုပ်မှန်ဝတ္ထုရှည်ကြီးက စာဖတ်သူများကို **စစ်ကိုတားဆီးဆန့်ကျင်ကြရန်နှင့်ငြိမ်းချမ်းရေးကို မြတ်နိုးတန်ဖိုးထားတတ်စေရန် စာပေအနုပညာရသဖြင့်ဖန်တီးရေးသားထားခြင်းဖြစ်လေသည်။**

ကမ္ဘာပေါ်၌ လူ့ယဉ်ကျေးမှုသည် လူမျိုးအလိုက် ယဉ်ကျေးမှုနှင့်မျိုးဆက်သွေးတူရာအလိုက် ဥရောပ၊ အာရှ၊ မွန်ဂိုလွိုက်၊ နီဂရိုး စသည်ဖြင့်လူမျိုးများ၊ တိဗက်၊ ခမာ၊ ဟန် စသည်ဖြင့် လူမျိုးစုများလည်း ကွဲပြားကြသည့်အလျောက် လူမျိုးအုပ်စုချင်း၊ နိုင်ငံချင်းစစ်ခင်းခဲ့ကြ၏။ ဘီစီ ၄၀၀၀ ခန့်မှာပင် ကြည်းကြောင်း၊ ရေကြောင်းစစ်ပွဲတွေရှိနေခဲ့ပြီဖြစ်သည်။

**❖ စစ်ဆိုသည်မှာ လူတစ်ယောက်စိတ်ရူးပေါက်ရုံမျှဖြင့်လည်း ထဖြစ်ချင်ဖြစ်နိုင်၏။ စစ်သည်ဗိုလ်ပါ ထောင်သောင်းများစွာပါသော တပ်ရင်း၊ တပ်မများ၊ အမြောက်တပ်၊ မြင်းတပ်၊ သေနတ်ကိုင်တပ်များဖြင့်ရင်ဆိုင်ကာ စစ်တိုက်ကြရ၏။ လူပေါင်းရာထောင်ချီ၍ သေကျေ၊ ဒဏ်ရာရ၊ သွေးအလူးလူးဖြင့် ခြေပြတ်၊ လက်ပြတ်တွေဖြစ်စေတတ်၏။ ငယ်ရွယ်သူတွေ၊ ဖခင်တွေ၊ လင်ယောကျ်ားတွေသည် စစ်မီး၏တောက်လောင်ဝါးမြိုခြင်းခံရကာ ဝေဒနာအမျိုးမျိုးဖြင့် စစ်မြေပြင်တွင် ပြန့်ကျဲသေဆုံးကြရ၏။❖**

၂၀ ရာစုထဲမှာကား အရင်းရှင်စနစ်၊ နယ်ချဲ့အရင်းရှင်စနစ်ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ ကိုလိုနီနယ်ချဲ့လုယက်ရာမှကမ္ဘာစစ်အထိ နှစ်ကြိမ်တိတိဖြစ်ပွားခဲ့၏။

၁။ **ပထမကမ္ဘာစစ်ကြီး (၁၉၁၄-၁၉၁၈) ငါးနှစ်ကြာ**
၂။ **ဒုတိယကမ္ဘာစစ်ကြီး (၁၉၃၉-၁၉၄၅) ခြောက်နှစ်ကြာ**

ပထမကမ္ဘာစစ်မှာ လူပေါင်း ၁၈ သန်းကျော် နှစ်ဖက်သေကျေပျက်စီးခဲ့ကြရ၏။ စစ်သားရော အရပ်သားများအားလုံးဖြစ်၏။

ဒုတိယကမ္ဘာစစ်တွင်မူ နှစ်ဖက်စလုံးပေါင်းလျှင် လူသားပေါင်း ၅၅ သန်းမှ သန်း ၇၀ ခန့်ထိ သေကျေပျောက်ဆုံး၊ ပျက်စီးခဲ့ကြသည်ဟု သိရ၏။ လေကြောင်း၊ ရေကြောင်း၊ အမြောက်နှင့် သံချပ်ကာ၊ ဗုံးများသာမက အဏုမြူလက်နက်(ဟိုက်ဒရိုဂျင်ဗုံး) ပါ အသုံးပြုတိုက်ခိုက်ခဲ့သောကြောင့် ပထမကမ္ဘာစစ်ထက် လူအသေအပျောက်အဆုံးသုံးဆကျော်စစ်ဘေးစစ်ဒဏ်ကြောင့် ထိခိုက်သေဆုံးခဲ့ကြရကြောင်း တွေ့ရ၏။ မည်သည့်ခေတ်မှာဖြစ်စေ စစ်ပွဲသည် လူသားတို့ကို သတ္တန္တရကပ်ဆိုးကြီးဆိုက်စေမည်သာ။ ယခုလည်း စစ်ရိပ်စစ်ငွေ့တွေသန်းနေဆဲပါ။

စစ်ကြောင့် နှစ်ဖက်တိုက်ခိုက်သောစစ်ပွဲဝင်စစ်သည်များသေကျေကြမည်။ စစ်မီးသည် လောင်မြိုက်မိပါက တားဆီးငြိမ်းသတ်ရန် ခက်ခဲတတ်သဖြင့် အရပ်သူအရပ်သားများလည်းစစ်ဘေးစစ်ဒဏ်သင့်ကြရသည်။ စစ်ဘေးရှောင်ရန် အိုးပစ်အိမ်ပစ်ပြေးလွှားရှောင်တိမ်းကြရသည်။ ကလေးလူကြီးမရွေး ဘေးဒဏ်အမျိုးမျိုးကြုံကြရ၏။ သတ္တန္တရကပ်၏ ကွင်းဆက်အကျိုးဆက်အဖြစ် အစားအစာရှားပါးငတ်မွတ်ခြင်းလည်း လိုက်ပါကြုံတွေ့လာရ၏။ ဒုဗ္ဘိက္ခန္တရကပ်။ လူဦးရေသန်းနှင့်ချီ၍ ငတ်မွတ်သေဆုံးခြင်းများ ၂၀ ရာစုထဲတွင်ပင် တရုတ်၊ အာဖရိက စသည်တို့မှာ ကြုံခဲ့ရ၏။

မပြီးသေးပေ။ အထက်ပါဘေးဆိုးကပ်ဆိုးကြီးများက ရောဂန္တရကပ်ဟူသော အနာရောဂါကူးစက်မှုအမျိုးမျိုးဖြစ်ပေါ်ကာ အသေအပျောက်များလာလိမ့်ဦးမည်။ အစာရေစာမလုံလောက်ခြင်း၊ ရေမသန့်ခြင်း၊ နေထိုင်စရာမလုံခြုံခြင်း စသည့်လူသားဘဝသည် တိရစ္ဆာန်ပမာ နိုင်ရာစားတရားမဲ့အနိုင်ကျင့်မှုများ ခံစားရတတ်သည်။ ယဉ်ကျေးမှု၊ စာနာမှု၊ မေတ္တာတရားတို့ခေါင်းပါးသွားတတ်သည်။ တရားမျှတခြင်း၊ ဥပဒေစိုးမိုးခြင်းပျောက်ဆုံးသွားတတ်သည်။ လူတွေရိုင်းစိုင်းကြမ်းတမ်းသွား၏။


စစ်ပွဲကြားမှာ အမြောက်သံ၊ ဗုံးသံ၊ သေနတ်သံ၊ မိုင်းကွဲသံ၊ မီးခိုးလုံးများ၊ ဗုံးကျသံများ၊ မီးလောင်ပြင်ထဲ ခြေပြတ်လက်ပြတ်၊ ခေါင်းတခြားကိုယ်တခြား သွေးသံရဲရဲအသက်ပျောက်သောလူသေအလောင်းများ။

ရုရှားစာရေးဆရာ လီယိုတော်စတွိုင်း၏ **စစ်နှင့်ငြိမ်းချမ်းရေး** ဝတ္ထုရှည်ကြောင့် စာဖတ်သူ ကမ္ဘာသူကမ္ဘာသားများသည် စစ်မက်၏ဆိုးကျိုးကိုခံစားနားလည်နိုင်ကောင်းပါ၏။ သို့သော် ကမ္ဘာ့လူဦးရေသန်းပေါင်း ၇၅၀၀ ကျော်အနက် စစ်ကိုထိရောက်အောင်မြင်စွာတားဆီးကာကွယ်ကြရမည်ဟု သဘောပေါက်လက်ခံသူ ဦးရေက မည်မျှအရေအတွက်ရှိပါမည်နည်း။ တစ်သန်းလား၊ ၁၀ သန်းလား။

စစ်အကြောင်း သရုပ်မှန်စာပေအနုပညာဖြင့် ရေးသားဖော်ပြကြသော စာရေးဆရာတွေများပြားစွာ

စာမျက်နှာ ၅ သို့ ➤

# လမ်းလျှောက်ခြင်းဖြင့် မုန့်ချိုအိတ်ကျန်းမာစေနိုင်သည်



ပန်ကရိယလို့ခေါ်တဲ့ မုန့်ချို အိတ်က မိမိတို့စားသောက်သမျှ အစာတွေအားလုံးကို ခန္ဓာကိုယ်ရဲ့ ကလာပ်စည်းတွေအတွက် လိုအပ်တဲ့ လောင်စာအဖြစ် ပြောင်းလဲပေးတဲ့ တာဝန်ကို ထမ်းဆောင်ပါတယ်။

သူ့မှာ လုပ်ငန်းကြီးနှစ်ခုရှိပါတယ်။ အဲဒါတွေကတော့ အစာခြေရည်ထုတ်ပေးခြင်းနဲ့ သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးခြင်းတို့ပါပဲ။

ပုံမှန်လမ်းလျှောက်ပေးခြင်းက သွေးတွင်းသကြားဓာတ်ပမာဏကို ကောင်းမွန်တဲ့အခြေအနေတစ်ခုမှာပဲ ရှိနေစေဖို့ ကူညီပေးပါတယ်။

လမ်းလျှောက်တဲ့သူနဲ့ ပြေးတဲ့သူနှိုင်းယှဉ်လိုက်ရင် လမ်းလျှောက်တဲ့သူက ကျန်းမာရေးနဲ့ ညီညွတ်တဲ့ သွေးတွင်းသကြားဓာတ်ပမာဏကိုပိုင်ဆိုင်ထားပါတယ်။

ဒါကြောင့် ဆီးချိုရောဂါဖြစ်ပွားမှုကိုကာကွယ်ရာမှာ လမ်းလျှောက်ခြင်းဟာ ပြေးခြင်းထက် ပိုပြီးထိရောက်မှုရှိတယ်လို့ ဆိုတာပါ။

# ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၆၀၀၅ ဧက စိုက်ပျိုးပြီးစီး



**ကျောက်မြောင်း ဩဂုတ် ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၆၀၀၅ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ဧက ၅၈၅၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှစတင် စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၆၀၀၅ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ကျောက်မြောင်းမြို့နယ်ခွဲအတွင်း ပဲစင်းငုံ ဧက ၅၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၆၀၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ အခုလက်ရှိ ပဲစင်းငုံစိုက်ပျိုးမှုအနေနဲ့ လျာထားဧကထက် ပိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ပဲစင်းငုံ စိုက်ပျိုးရာမှာ အထွက်နှုန်းကောင်းမွန်ဖို့လဲ ဆောင်ရွက်ပေးထားပါတယ်။ ပဲစင်းငုံကို သီးသန့်စိုက်ပျိုးကြသလို သီးထပ်သီးညှပ်အနေ နဲ့လဲ စိုက်ပျိုးကြပါတယ်" ဟု ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဝင်းက ပြောပြသည်။

ယခုနှစ် ကျောက်မြောင်းမြို့နယ်ခွဲတွင် ပဲစင်းငုံစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်စေရေး၊ ပိုးမွှားအန္တရာယ် ကင်းရှင်းစေရေးနှင့် အထွက်နှုန်းကောင်းမွန်စေရေးတို့အတွက် စိုက်ပျိုးရေးနည်းလမ်းများကို ကွင်းဆင်း၍အသိပညာပေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာန အနေဖြင့် ပဲစင်းငုံစိုက် တောင်သူများကို ရွက်ဖျန်းမြေဩဇာဝယ်ယူမှု သက်သာစေရန်အတွက် ယူရီးယားဓာတ်မြေဩဇာနှင့် လက်ချားပေါင်းစပ်သုံးစွဲသည့် နည်းပညာများ ဖြန့်ဝေပေးလျက်ရှိကြောင်း၊ ယူရီးယားနှင့် လက်ချားပေါင်းစပ်သုံးစွဲနည်းကြောင့် စိုက်ပျိုးစရိတ်သက်သာပြီးအပင်များပိုးမွှားကင်းစင်ကာ အပင်ဖြစ်ထွန်းမှုပိုမိုကောင်းမွန်ကြောင်း သိရသည်။

(၂၀၆)

# ဘဝရှေ့ဆောင် ပညာအလင်းရောင်

- ပညာဉာဏ် ရောင်အလင်းက
အမှောင်ခွင်း လူတို့ဘောင်၊
လမ်းမှန်ကို ညွှန်ကာပြတဲ့
ဘဝရှေ့ဆောင်၊
လမ်းမှားသို့ မရောက်အောင်
ယခုနောင် ထိန်းကျောင်းပေး၊
ပညာသည်သာ အမြတ်တရားမို့
မှတ်သားမနေ့း။

- မောင်မယ်တွေ ဘဝရှေ့ရေး
ကောင်းဖို့တွေး အမြဲကြံစည်၊
ပညာတွေကို သင်ယူလျက်
ရှေ့ဆက်ကြမည်၊
ဖွဲလုံ့လ စိုက်ထူအတည်
ပန်းတိုင်ဟူသည် လက်တစ်ကမ်း၊
ပျော်ရွှင်စွာ အားမာန်သစ်ဖြင့်
ထုဆစ်လျှောက်လှမ်း။

- ပညာတွေကို ဆင်ကာမြန်းကွဲ့
မင်္ဂလာပန်း ပန်ဆင်မသွေ၊
ပညာအရောင် တန်ဆောင်ဆီမီး
ထိန်ညီးဖြာဝေ၊
တန်ဖိုးရှိသော လူသားအခြေ
ဖြစ်ဖို့လေ ရည်မျှော်ရင်း၊
ကိုယ့်ဂုဏ်ရှိန် ကိုယ့်တန်ဖိုးကို
တိုးတက်စေမင်း။ ။

ရဲသွေးနီ(တက်ဝန်)

# ရေကြည်မြို့နယ် စီဂွကျွန်းတောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ရေကြည် ဩဂုတ် ၂၅**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ရေကြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စီဂွကျွန်းတောကျေးရွာ၌ ဒုတိယအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ဩဂုတ် ၂၄ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကျုံပျော်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင်မောင်ဌေးနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ အသင်းသူ၊ အသင်းသားများနှင့် တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာ စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ ရရှိလာမည့်အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေများမှ ကျေးလက်နေပြည်သူများ၏ တာဝန်နှင့်ရပိုင်ခွင့်များကိုရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ရေကြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းဆွေက စီမံကိန်းစက်ဝန်းကာလ သတ်မှတ်ချက်များ၊ အတိုးနှုန်းသတ်မှတ်ချက်များ၊ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၃၃ သန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက စီဂွကျွန်းတောကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၇ ဦးကို ငွေကျပ် ၂၃ ဒသမ ၁ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ငါးဦးကို ငွေကျပ် ၁ ဒသမ ၈ သန်း၊ အခြားလုပ်ငန်းလုပ်ကိုင်သူ ၃၆ ဦးကို ငွေကျပ် ၈ ဒသမ ၁ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၈ ဦးကို ရန်ပုံငွေကျပ် ၃၃ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သံသာ**

➤ စာမျက်နှာ ၄ မှအဆက်

ပင်ရှိခဲ့၏။ မဂ္ဂဇင်ဂေါ်ကီ၊ လူရွှန်း၊ အားနက်ဟယ်မင်ဝေး၊ မာဂရက်မစ်ချယ်စသည်တို့ဖြစ်ကြပါ၏။ လူ့သမိုင်းကိုမှတ်တမ်းတင်ပြီး သုံးသပ်ရေးသားသော သမိုင်းဆရာများကိုလည်း သင်ခန်းစာဖော်ထုတ်သဖြင့် ကျေးဇူးတင်ရမည်ဖြစ်ပါ၏။

သို့သော်-

ကုန်းဘောင်ခေတ်၊ ရတနာပုံ မန္တလေးမင်းနေပြည်တော် မြို့တည်နန်းတည်မင်းတုန်းမင်းတြားကြီးလက်ထက်တော်တွင် ညီတော်မြင်ကွန်းမင်းသားနှင့်မြင်းခုံတိုင်မင်းသားတို့ပုန်ကန်ထကြွမှုကို အခါတော်ပေးခဲ့သည်ဟု စစ်ဆေးတွေ့ရှိရသော ဗေဒင်တတ်ကျွမ်းသူ စလေဆရာဦးပုညသည် မင်းဒဏ်သင့်ကာ ရေချကွပ်မျက်သုတ်သင်ခြင်းကိုခံရရှာ၏။ "ရွှေဉာဏ်ရှင် မဝေခွဲနိုင်ဘု၊ ပွဲတွေ့အမှား"ဟုရေးဖွဲ့ရေရွတ်ရုံမှအပ နန်းလုစစ်ပွဲကို ငြိမ်းချမ်းအောင်သူမလုပ်ဆောင်နိုင်ရှာပေ။ မြေစာပင် စလေဦးပုည(၁၇၁၂-၁၈၆၇)စာဆိုတစ်ဦး၏ဘဝ။

ကုန်းဘောင်ခေတ် ဘကြီးတော်ဘုရားလက်ထက် ကသည်းစစ်၊ ကုလားစစ်များတွင် အလုံမြို့ဝန်မင်းကြီးမဟာဗန္ဓုလတို့နှင့်အတူ အမှုတော်ကိုထမ်းရွက်ခဲ့သူ မဟာမင်းလှမင်းခေါင်ဘွဲ့ခံ ဦးရွှန်း(၁၇၈၂-၁၈၅၀) ရေးဖွဲ့သော ဥမ္မာဒန္တီပျို့တွင် ဤသို့တွေ့ရသည်။

**"စစ်ရေးမက်ရေး၊ ရန်သူ့ဘေးကြောင့်**
**အပြေးအလွဲ၊ ဆွေမျိုးကွဲသား**
**ပြည်ထဲရေးရာ၊ ခက်သည်သာတည့်။**
**အစာအစား၊ ထွားထွားမည့်ကျေ**
**ရှားပါးလေ၍**
**သေကြေပျောက်စဲ၊ ငတ်မွတ်ကဲလျှင်**
**ပြည်ထဲရေးထက်၊ ဝမ်းရေးခက်၏။**
**ထို့ထက်မှာမူ၊ ချစ်ခင်သူနှင့်**
**အတူတကွ၊ မပေါင်းရဘဲ**
**လွမ်းတပူဆွေး၊ သူနှင့်ဝေးသော်**
**ပြည်ထဲရေးနှင့်၊ ဝမ်းရေးတို့ထက်**
**လွမ်းရေးခက်၏"**

စစ်မက်ရေးရာထက် ချစ်သက်လျာနှင့်ဝေးရခြင်းက အခက်ဆုံးသော လွမ်းရေးပါပဲဟု စာဆိုကရေးဖွဲ့သော်လည်း စစ်ရေးမက်ရေး ရန်သူဘေးကြောင့် စစ်ဘေးစစ်ရန်ရှောင်ရန်ပြေးလွှားကြသူတို့၏ လက်တွေ့ဘဝက ခါးသီးခက်ထန်ဆိုးရွားနေသည်ကားအမှန်ပင်။

## နိုင်ငံတကာ သတင်းများ

# ဘော့ဆွာနာနိုင်ငံအတွက် ဒုတိယမြောက် အကြီးဆုံးစိန်တုံး တူးဖော်တွေ့ရှိ

**ဂါဘိုရိုနီ ဩဂုတ် ၂၅**

အာဖရိကတိုက်ရှိဘော့ဆွာနာ နိုင်ငံအတွက် နှစ်ပေါင်း ၁၁၀ ကျော် ကာလအတွင်း အရွယ်အစားအကြီး မားဆုံး စိန်တုံးတစ်တုံးကို တူးဖော် တွေ့ရှိထားကြောင်း ဩဂုတ် ၂၄ ရက်တွင် ဖော်ပြထားသည်။

အဆိုပါစိန်တုံးကို ဘော့ဆွာ နာသမ္မတ မာစီစီက ဩဂုတ် ၂၂ ရက်တွင် အခမ်းအနားဖြင့် တရားဝင် ထုတ်ဖော်ပြသခဲ့ကြောင်း သိရသည်။

၎င်းစိန်တုံးသည် ၂၄၉၂ ကာရက် အထိရှိပြီး ဘော့ဆွာနာနိုင်ငံ၌ တူးဖော်တွေ့ရှိခဲ့ဖူးသမျှ ဒုတိယ အကြီးဆုံး စိန်တုံးဖြစ်ကြောင်း ဘော့ဆွာနာအစိုးရက ထုတ်ဖော် ပြောကြားထားသည်။

တရားဝင် အမည်နာမ မပေးရ သေးသည့် အဆိုပါစိန်တုံးကို ကနေဒါအခြေစိုက် လူကာရာ ရတနာတူးဖော်ရေး ကုမ္ပဏီက ဘော့ဆွာနာစိန်တွင်း တစ်တွင်း၌ တူးဖော်တွေ့ရှိခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် အဆိုပါစိန်တုံး ၏တန်ဖိုးကို အတိအကျဆုံးဖြတ် ရန် စောလွန်းနေကြောင်း ဘော့ဆွာနာအစိုးရ တာဝန် ရှိသူများက ပြောကြားထားသည်။

ဘော့ဆွာနာနိုင်ငံ၏ အကြီးဆုံး စိန်တုံးမှာ ၁၉၀၅ ခုနှစ်တွင် တူး ဖော်တွေ့ရှိခဲ့သည့် ၃၁၀၆ ကာရက် ရှိသော ကူလီနန်အမည်ရှိ စိန်တုံး ဖြစ်ကြောင်း သိရသည်။

Ref : RT
Trs : KKO



# ဟစ်ဇ်ဘိုလာအုပ်စုက အစ္စရေးကို ဒုံးကျည် အစင်း ၃၀၀ ကျော်ဖြင့် ပစ်ခတ်တိုက်ခိုက်

**ဘေရွတ် ဩဂုတ် ၂၅**

လက်ဘနွန်အခြေစိုက် ဟစ်ဇ် ဘိုလာအုပ်စုသည် ယနေ့တွင် အစ္စရေးနိုင်ငံကို ဒုံးကျည်အစင်း ၃၀၀ ကျော်ဖြင့် ပစ်ခတ်တိုက်ခိုက် ခဲ့ကြောင်း သိရသည်။

ပြီးခဲ့သည့်လက ဘေရွတ်မြို့၌ ဟစ်ဇ်ဘိုလာ ထိပ်တန်းတပ်မှူး တစ်ဦး လုပ်ကြံခံရမှုကို တုံ့ပြန် သည့်အနေဖြင့် အစ္စရေးပစ်မှတ် ၁၁ ခုကို ကတ်ယူရှာအမျိုးအစား ဒုံးကျည်အစင်း ၃၀၀ ကျော်ဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း ဟစ်ဇ် ဘိုလာအုပ်စုက သတင်းထုတ်ပြန် ထားသည်။

ဟစ်ဇ်ဘိုလာအုပ်စုက ဒုံးကျည် တိုက်ခိုက်မှုမပြုလုပ်မီ အစ္စရေး လေတပ်မှ စစ်လေယာဉ်များက လက်ဘနွန်တောင်ပိုင်းမှ ဟစ်ဇ် ဘိုလာပစ်မှတ်များကို လက်ဦးမှု ရယူ တိုက်ခိုက်ခဲ့ကြောင်း သိရသည်။

ယနေ့ဖြစ်ပွားခဲ့သည့် စစ်ရေး ပဋိပက္ခသည် ဂါဇာစစ်ပွဲ စတင်ခဲ့ ပြီးနောက်ပိုင်း အစ္စရေးနှင့် ဟစ်ဇ် ဘိုလာတို့ကြား ဖြစ်ပွားခဲ့ဖူးသမျှ စစ်ရေးပဋိပက္ခများအနက် အပြင်း ထန်ဆုံးဖြစ်သည်။

ပြီးခဲ့သည့်လက ဟစ်ဇ်ဘိုလာ အုပ်စုသည် အစ္စရေးထိန်းချုပ်မှု အောက်ရှိ ဂိုလန်ကုန်းမြင့်ဒေသကို ဒုံးကျည်ဖြင့် ပစ်ခတ်မှုကြောင့် ကလေး ၁၂ ဦး သေဆုံးခဲ့ရပြီး နောက် အစ္စရေးနှင့် ဟစ်ဇ်ဘိုလာ တို့ကြား စစ်ရေးတင်းမာမှု မြင့်တက် ခဲ့ရသည်။

ဂိုလန်ကုန်းမြင့် တိုက်ခိုက်ခံရ မှုကို တုံ့ပြန်သည့်အနေဖြင့် အစ္စရေး စစ်ဘက်ကလည်း ဘေရွတ်မြို့၌ ဟစ်ဇ်ဘိုလာ ထိပ်တန်းတပ်မှူး တစ်ဦးကို လုပ်ကြံခဲ့ကြောင်း သိရသည်။

Ref : RT
Trs : KKO

# ရုရှားနှင့် ယူကရိန်း နှစ်နိုင်ငံအကျဉ်းသားချင်း အပြန်အလှန်လဲလှယ်



**မော်စကို ဩဂုတ် ၂၅**

ရုရှားနိုင်ငံနှင့် ယူကရိန်းနိုင်ငံ တို့သည် ဩဂုတ် ၂၄ ရက်တွင် အကျဉ်းသားချင်း အပြန်အလှန် လဲလှယ်မှုတစ်ရပ် ပြုလုပ်ခဲ့ရာ ရုရှားအကျဉ်းသား ၁၁၅ ဦးနှင့် ယူကရိန်းအကျဉ်းသား ၁၁၅ ဦး ပြန်လည် လွတ်မြောက်လာ ကြောင်း သိရသည်။

အဆိုပါ အကျဉ်းသားချင်း အပြန်အလှန်လဲလှယ်မှုကို အာရပ် စော်ဘွားများ ပြည်ထောင်စု (ယူအေအီး)၏ ကြားဝင်ညှိနှိုင်း ပေးမှုဖြင့် ရုရှားနိုင်ငံနှင့် ယူကရိန်း နိုင်ငံတို့က ပြုလုပ်နိုင်ခဲ့ခြင်း ဖြစ်သည်။

ဩဂုတ် ၂၄ ရက် အကျဉ်းသား ချင်းလဲလှယ်မှု အစီအစဉ်တွင် ယူကရိန်းက ဖမ်းဆီးထားသည့် ရုရှားအကျဉ်းသား ၁၁၅ ဦး ပြန် လည် လွတ်မြောက်လာကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက အတည်ပြုထားသည်။

အကျဉ်းသားချင်း အပြန် အလှန်လဲလှယ်မှု အစီအစဉ်အရ ပြန်လည် လွတ်မြောက်လာသော ရုရှားတပ်ဖွဲ့ဝင်များသည် ဘီလာ ရုစ်နိုင်ငံသို့ ရောက်ရှိနေပြီး ကျန်းမာရေး စစ်ဆေးမှုများပြုလုပ် နေကြောင်း ရုရှားကာကွယ်ရေး ဝန်ကြီးဌာန သတင်းထုတ်ပြန်ချက် တွင် ဖော်ပြထားသည်။

ရုရှားအနောက်ပိုင်း(ခုစ်)နယ် မြေကို ယူကရိန်းတပ်များ ကျူး ကျော်ဝင်ရောက်ခဲ့ပြီး ရက်သတ္တ နှစ်ပတ်ခန့်အကြာတွင် ရုရှားနှင့် ယူကရိန်းတို့က အကျဉ်းသားချင်း အပြန်အလှန်လဲလှယ်မှု ပြုလုပ်ခဲ့ ခြင်းဖြစ်သည်။

ယူကရိန်း စစ်ရေးပဋိပက္ခ စတင်ခဲ့သည့် ၂၀၂၂ ခုနှစ်မှစ၍ ရုရှားနှင့် ယူကရိန်းတို့သည် အကျဉ်းသားချင်း အပြန်အလှန် လဲလှယ်မှု ပြုလုပ်ခဲ့ခြင်းဖြစ် ကြောင်း သိရသည်။

Ref : RT
Trs : KKO

# မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့လယ်၌ အိန္ဒိယအမျိုးသမီးတစ်ဦး မြေကျွံတွင်းထဲ ပြုတ်ကျပျောက်ဆုံးမှုဖြစ်ပွား

**ကွာလာလမ်ပူ ဩဂုတ် ၂၅**

မလေးရှားနိုင်ငံ ကွာလာလမ်ပူ မြို့၌ အနက် ရှစ်မီတာရှိ မြေကျွံ တွင်းထဲ ပြုတ်ကျပျောက်ဆုံးနေ သော အိန္ဒိယအမျိုးသမီး ကမ္ဘာ လှည့်ခရီးသည်တစ်ဦးကို မလေး ရှားတာဝန်ရှိသူများက ယနေ့ တွင် တတိယမြောက်နေ့အဖြစ် ဆက်လက် ရှာဖွေနေကြောင်း သိရသည်။

အသက် ၄၈နှစ်အရွယ် အဆိုပါ အိန္ဒိယအမျိုးသမီးသည် ကွာလာ လမ်ပူမြို့လယ် လူသွားစင်္ကြံလမ်း ပေါ်၌ လမ်းလျှောက်နေစဉ် မြေကျွံ တွင်း ပေါ်ထွက်လာမှုကြောင့် လူသွားစင်္ကြံပြိုကျခဲ့ရပြီး ၎င်းအမျိုး သမီးမှာလည်း မြေကျွံတွင်းထဲ ကျခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ဖြစ်စဉ်သည် ဩဂုတ် ၂၃ ရက်က ကွာလာလမ်ပူမြို့ ဒန်ဝန်ဂီနယ်မြေ၌ ဖြစ်ပွားခဲ့ခြင်း ဖြစ်ပြီး ဖြစ်ဖြစ်ချင်းမှာပင် ရှာဖွေ ရေးလုပ်ငန်းများ စတင်ခဲ့ကြောင်း မလေးရှား တာဝန်ရှိသူများက ပြောကြားသည်။

လက်ရှိအချိန်တွင် မြေကျွံတွင်း ထဲပြုတ်ကျခဲ့သော အမျိုးသမီး၏ အရိပ်အယောင်ကို မတွေ့ရသေး ကြောင်း မလေးရှား ရှာဖွေကယ် ဆယ်ရေးသမားများက ပြောကြား ထားသည်။

အဆိုပါ အိန္ဒိယအမျိုးသမီး သည် မြေကျွံတွင်းအောက်ခြေရှိ မြေအောက် ရေစီးကြောင်းတစ်ခု ၏ ဆွဲယူခံခဲ့ရဖွယ်ရှိကြောင်း မလေးရှား တာဝန်ရှိသူများက ယူဆထားသည်။

သို့ရာတွင် မိမိတို့အနေဖြင့် ၎င်း အမျိုးသမီးကို ရှာဖွေတွေ့ရှိရေး အတွက် ဆက်လက်ကြိုးပမ်းနေ ကြောင်း မလေးရှားတာဝန်ရှိသူများ ကယနေ့တွင် ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# ပါကစ္စတန်နိုင်ငံ၌ ယာဉ်မတော်တဆမှုဖြစ်ပွား အနည်းဆုံး လူ ၃၄ ဦးသေဆုံး

**အစ္စလာမ္မာဘတ် ဩဂုတ် ၂၅**

ပါကစ္စတန်အရှေ့မြောက်ပိုင်း နှင့် အနောက်တောင်ပိုင်းတို့၌ ယနေ့တွင် ခရီးသည်တင် ဘတ်စကားနှစ်စီး မတော်တဆမှု များဖြစ်ပွားခဲ့ရာ အနည်းဆုံး လူ ၃၄ ဦး သေဆုံးခဲ့ကြောင်း ပါကစ္စတန် တာဝန်ရှိသူများက ပြောကြားထားသည်။

နိုင်ငံ အနောက်တောင်ပိုင်း မာကရန်ကမ်းရိုးတန်း အဝေးပြေး လမ်းပေါ်၌ ဖြစ်ပွားခဲ့သည့် ခရီး သည်တင်ဘတ်စကား မတော် တဆမှုကြောင့် ခရီးသည် ၁၂ ဦး သေဆုံးခဲ့ရကြောင်း သိရသည်။

အလားတူ အရှေ့မြောက်ပိုင်း ဒေသရှိ ပါကစ္စတန်ထိန်းချုပ်ထား သည့် ကတ်ရှ်မီးယားဒေသ၌ ခရီး သည်တင်ဘတ်စကားတစ်စီး လျှို တစ်ခုအတွင်းသို့ ထိုးကျခဲ့မှုကြောင့် ခရီးသည် ၂၂ ဦးသေဆုံးခဲ့ရကြောင်း



ပါကစ္စတန် ပြည်ထဲရေးဝန်ကြီး ဌာနက သတင်းထုတ်ပြန် ထားသည်။

ထို့ပြင် ဩဂုတ် ၂၁ ရက်က လည်း ပါကစ္စတန် ဘုရားဖူးခရီး သည်များ လိုက်ပါလာသည့် ခရီးသည်တင်ဘတ်စကားတစ်စီး အီရန်နိုင်ငံအလယ်ပိုင်းတွင် တိမ်း မှောက်ခဲ့မှုကြောင့် ခရီးသည် ၂၈ ဦး သေဆုံးခဲ့ရသည်။


ပါကစ္စတန်နိုင်ငံ၌ လူအသေ အပျောက်များပြားသည့် ယာဉ် မတော်တဆမှုများသည်မကြာခဏ ဖြစ်ပွားလေ့ရှိသည်။

ယာဉ်စည်းကမ်း၊ လမ်းစည်း ကမ်းလိုက်နာမှု အားနည်းခြင်း၊ ယာဉ်မောင်းများ မကျွမ်းကျင်ခြင်း၊ သယ်ယူပို့ဆောင်ရေး အခြေခံ အဆောက်အအုံများ ညံ့ဖျင်းခြင်း တို့ကြောင့် ပါကစ္စတန်၌ ယာဉ် မတော်တဆမှု အဖြစ်များခြင်းဖြစ် ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# SCIENCE AND TECHNOLOGY

## တရုတ်အမျိုးသားအာကာသအေဂျင်စီက နေအဖွဲ့အစည်းပြင်ပဂြိုဟ်များ ရှာဖွေလေ့လာရေး အာကာသရေဒီယိုတယ်လီစကုပ်လွှတ်တင်ရန် စီစဉ်




ပေကျင်း ဩဂုတ် ၂၅

တရုတ်အမျိုးသားအာကာသအေဂျင်စီသည် နေအဖွဲ့အစည်းပြင်ပဂြိုဟ်များ ရှာဖွေလေ့လာရေး အာကာသရေဒီယိုတယ်လီစကုပ်ကို ၂၀၂၈ ခုနှစ်တွင် လွှတ်တင်ရန် စီစဉ်ထားကြောင်း ဩဂုတ် ၂၄ ရက် သတင်းများအရ သိရသည်။

တရုတ်သိပ္ပံအကယ်ဒမီလက်အောက်မှ ရှန်ဟိုင်းနက္ခတ္တရူပဗေဒ လေ့လာရေးဌာနက အဆိုပြုထားသည့် အထက်ပါအာကာသရေဒီယိုတယ်လီစကုပ်ကို Earth–2.0 အာကာသ ရေဒီယိုတယ်လီစကုပ်ဟူ၍ အမည်ပေးထားသည်။

Earth 2.0 အာကာသရေဒီယိုတယ်လီစကုပ်သည် ကတ်ပလာ ကြယ်တာရာနယ်မြေနှင့် အခြားကြယ်တာရာနယ်မြေများအတွင်းရှိ ကြယ်ပေါင်း နှစ်သန်း ကျော်ကို စောင့်ကြည့်လေ့လာ၍ နေအဖွဲ့အစည်းပြင်ပ ဂြိုဟ်သစ်များကို ရှာဖွေရန်ရည်ရွယ်ထားသည်။

မိမိတို့အနေဖြင့် Earth 2.0 အာကာသရေဒီယိုတယ်လီစကုပ်၏ အကူအညီဖြင့် ဒုတိယမြောက် ကမ္ဘာဂြိုဟ်တစ်စင်းကို နေအဖွဲ့အစည်းပြင်ပ၌ ရှာဖွေတွေ့ရှိနိုင်ရန် မျှော်လင့်ထားသည်ဟု တရုတ်သိပ္ပံပညာရှင်များက ပြောကြားကြောင်း သိရသည်။

Earth 2.0 အာကာသရေဒီယိုတယ်လီစကုပ်ကို ၂၀၂၈ ခုနှစ်တွင် လွှတ်တင်ရန် တရုတ်သိပ္ပံပညာရှင်များက စီစဉ်ထားသည်။

လွှတ်တင်ပြီးချိန်တွင် Earth 2.0 အာကာသရေဒီယိုတယ်လီစကုပ်သည် ကမ္ဘာမြေနှင့် မိုင်တစ်သန်းခန့်အကွာ ပတ်လမ်းတွင် နေရာယူ၍ ဂြိုဟ်သစ်များ ရှာဖွေမည်ဖြစ်ကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

## နိုင်ငံတကာအာကာသစခန်းပေါ်ရှိ စတားလိုင်နာအာကာသယာဉ်မှူး နှစ်ဦး၏ ရွေ့ရေးနှင့်ပတ်သက်၍ အပြီးသတ်ဆုံးဖြတ်ချက်ကို နာဆာ ကြေညာထား

ဝါရှင်တန် ဩဂုတ် ၂၅

နိုင်ငံတကာအာကာသစခန်းပေါ်ရှိ စတားလိုင်နာ အာကာသယာဉ်မှူး နှစ်ဦး၏ရွေ့ရေးနှင့်ပတ်သက်၍ အပြီးသတ်ဆုံးဖြတ်ချက်ကို အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)က ဩဂုတ် ၂၄ ရက်တွင် ကြေညာထားကြောင်း သိရသည်။

နိုင်ငံတကာ အာကာသစခန်းရှိ စတားလိုင်နာ အာကာသယာဉ်မှူး နှစ်ဦးကို ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလထက် နောက်မကျဘဲ ကမ္ဘာမြေပေါ်သို့ ပြန်လည်ခေါ်ယူမည်ဖြစ်ကြောင်း နာဆာ၏ကြေညာချက်၌ ဖော်ပြထားသည်။

ထို့ပြင် အဆိုပါအာကာသယာဉ်မှူးနှစ်ဦးကို ပြန်လည်ခေါ်ယူရာတွင် ၎င်းတို့လိုက်ပါသွားသော စတားလိုင်နာ အာကာသလူသယ်ယာဉ်ကိုမသုံးဘဲ Space–X ကုမ္ပဏီ၏ Crew Dragon အာကာသလူသယ်ယာဉ်ကို အသုံးပြုရန် နာဆာက စီစဉ်ထားသည်။

နာဆာနှင့် ဘိုးရင်းကုမ္ပဏီသည် နာဆာအာကာသယာဉ်မှူး ဘက်ချ်ဝီလ်မိုးနှင့် ဆူနီတာဝီလျံတို့ လိုက်ပါသွားသော စတားလိုင်နာ အာကာသလူသယ်ယာဉ်ကို ယခုနှစ် ဇွန် ၅ ရက်တွင် နိုင်ငံတကာအာကာသစခန်းသို့ လွှတ်တင်ခဲ့ကြောင်း သိရသည်။



အဆိုပါစတားလိုင်နာမစ်ရှင်မှာ မစ်ရှင်သက်တမ်း ရှစ်ရက်သာရှိသော်လည်း စတားလိုင်နာ အာကာသလူသယ်ယာဉ် ဒုံးကန်အားစနစ် ခတ်ငွေ့ယိုစိမ့်မှုကြောင့် အဆိုပါ အာကာသယာဉ်မှူးနှစ်ဦးမှာ ကမ္ဘာမြေပေါ် ပြန်လည်ဆင်းသက်နိုင်မှုမရှိခဲ့ကြောင်း သိရသည်။

စတားလိုင်နာ အာကာသယာဉ်မှူးနှစ်ဦးကို ၂၀၂၅ ခုနှစ်တွင် ပြန်လည်ခေါ်ယူရေးအတွက် နာဆာနှင့် Space–X ကုမ္ပဏီသည် ယခုနှစ်စက်တင်ဘာလတွင် လွှတ်တင်မည့် Crew–9 အာကာသလူသယ်ယာဉ်ကို ပြန်လည်မြှင့်တင်မွမ်းမံမှုများပြုလုပ်၍ အသုံးပြုမည်ဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

## TOI-1408b ဓာတ်ငွေ့ဂြိုဟ်ကြီးအနီးတွင် အခြံအရံဂြိုဟ်တစ်စင်း တည်ရှိနေ

စတော့ဟုမ်း ဩဂုတ် ၂၅

TOI–1408b အမည်ရှိ ဧရာမ ဓာတ်ငွေ့ဂြိုဟ်ကြီးတစ်စင်းအနီးတွင် အခြံအရံဂြိုဟ်တစ်စင်းလည်း တည်ရှိနေကြောင်း ဆွီဒင်နိုင်ငံလန်းတက္ကသိုလ်မှ သိပ္ပံပညာရှင်များက ဩဂုတ် ၂၄ ရက်တွင် ပြောကြားသည်။

TOI–1408b ဂြိုဟ်သည် ကမ္ဘာမြေနှင့်အလင်းနှစ် ၄၅၅ နှစ်အကွာတွင်ရှိသော TOI–1408 အမည်ရှိ ကြယ်တစ်စင်းကို ဗဟိုပြုလှည့်ပတ်နေသည့် ဓာတ်ငွေ့ဂြိုဟ်ကြီး တစ်စင်းဖြစ်သည်။

TOI–1408b ဂြိုဟ်ကို နိုင်ငံတကာ သိပ္ပံပညာရှင်များက အမေရိကန် အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ တက်စ်ဂြိုဟ်တုအကူအညီဖြင့် ၂၀၂၃ ခုနှစ်တွင် ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သို့ရာတွင် ဆွီဒင်သိပ္ပံပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ TOI–1408b ဂြိုဟ်အနီးတွင် အခြားအခြံအရံဂြိုဟ်တစ်စင်းလည်း တည်ရှိနေကြောင်း သိရသည်။

TOI–1408c ဟူ၍အမည်ပေးထားသည့် အဆိုပါဂြိုဟ်သစ်သည် TOI–1408b ဂြိုဟ်နှင့်အတူ မိခင်ကြယ်ကို လှည့်ပတ်နေကြောင်း ဆွီဒင်သုတေသနပညာရှင်များက ပြောကြားသည်။

TOI–1408b ဂြိုဟ်သည် နေအဖွဲ့အစည်းအတွင်းရှိ ကြာသပတေးဂြိုဟ်ထက် အရွယ်အစားနှစ်ဆပိုကြီးမားပြီး မိခင်ကြယ်ကို မြေကမ္ဘာရက်အားဖြင့် ၄ ဒသမ ၄ ရက်လျှင် တစ်ပတ်ကျလှည့်ပတ်နေသည့် ဂြိုဟ်ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

# HEALTH

## ကင်ဆာရောဂါများကုသရေး ဆေးတစ်မျိုးက အယ်ဇိုင်းမားရောဂါကို တားဆီးနိုင်ဖွယ်ရှိ

နယူးယောက် ဩဂုတ် ၂၅

ကင်ဆာရောဂါများ ကုသရေးအတွက် အသုံးပြုနေသည့် ဆေးတစ်မျိုးသည် အယ်ဇိုင်းမားရောဂါကို ရောဂါလက္ခဏာများမပေါ်မီမှာပင် တားဆီးထားနိုင်ဖွယ်ရှိကြောင်း ဩဂုတ် ၂၄ ရက်သတင်းများအရ သိရသည်။

အမေရိကန်နိုင်ငံ ပင်ဆယ်ဗေးနီးယားတက္ကသိုလ်မှ သုတေသနပညာရှင်များသည် ကင်ဆာဆေးမျိုးအစားသစ် တစ်မျိုးကို အယ်ဇိုင်းမားရောဂါ ဖြစ်နိုင်ခြေမြင့်မားသည့် ကြွက်များဖြင့် လက်တွေ့စမ်းသပ်မှုများ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ ၎င်းကင်ဆာဆေးဖြင့် ကုသမှုရယူထားသော ကြွက်များ၏ ဦးနှောက်များမှာ ပြန်လည်နုပျိုသန်စွမ်းလာပြီး မှတ်ဉာဏ်ကို ကာကွယ်ပေးနိုင်သည်ကို တွေ့ရကြောင်း သိရသည်။

အမေရိကန် သုတေသနပညာရှင်များ စမ်းသပ်နေသည့် ကင်ဆာဆေးအမျိုးအစားသည် အာရုံနှာဇ်ဆဲလ်ဆီသို့ပေးပို့သည့် သကြားဓာတ်အဆင့်ကို ထိန်းပေးထားနိုင်ကြောင်း သိရသည်။

မိမိတို့ လေ့လာစမ်းသပ်နေသည့် ကင်ဆာဆေးအမျိုးအစားသည် အမေရိကန်နိုင်ငံသား အယ်ဇိုင်းမားလူနာ ခုနစ်သန်းတို့အတွက် အလားအလာရှိသော ကုထုံးဖြစ်လာနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

အယ်ဇိုင်းမားရောဂါသည် ဘီတာအမိလွိုက် ခေါ် ပရိုတင်းအနည်အနှစ်များ ဦးနှောက်အတွင်း စုစည်းလာချိန်တွင် ဖြစ်ပွားတတ်သည်ဟု သုတေသနပညာရှင်များက ယူဆထားကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

## မြေထဲပင်လယ်ဓာတ်စာ စားသုံးခြင်းဖြင့် ပြင်းထန်ကိုဗစ်ရောဂါဖြစ်နိုင်ခြေ လျှော့ချနိုင်

ဂျကာတာ ဩဂုတ် ၂၅

မြေထဲပင်လယ်ဓာတ်စာ (Me–ditorranean Diet) ခေါ် ဓာတ်စာပုံစံတစ်မျိုး စားသုံးခြင်းဖြင့် ပြင်းထန်သည့် ကိုဗစ်ရောဂါဖြစ်ပွားနိုင်ခြေကို လျှော့ချပေးနိုင်ကြောင်း ဩဂုတ် ၂၄ ရက် သတင်းများအရ သိရသည်။

မြေထဲပင်လယ်ဓာတ်စာ ပုံစံများသည် သစ်သီးဝလံ၊ သစ်စေ့ သစ်ဆန်နှင့် အဆီဓာတ်ကြွယ်ဝသည့် ငါးဟင်းလျာများ အဓိကပါဝင်သော ဓာတ်စာပုံစံဖြစ်သည်။

မြေထဲပင်လယ်ဓာတ်စာများသည် ကိုယ်တွင်းရောင်ရမ်းမှုကို လျှော့ချပေးနိုင်ခြင်း၊ ကိုယ်ခန္ဓာ၏ အင်ဆူလင်ဟော်မုန်းထိန်းညှိနိုင်စွမ်းကို မြှင့်တင်ပေးနိုင်ခြင်းနှင့် နှလုံးရောဂါ၊ ဦးနှောက်စွမ်းဆောင်ရည် ထိခိုက်ပျက်စီးမှုရောဂါ (De–mentia) နှင့် ဆီးချိုရောဂါတို့ကို ကာကွယ်ပေးနိုင်ကြောင်း သုတေသနပညာရှင်များက ယခင်ကပင် လက်ခံထားသည်။

သို့ရာတွင် အင်ဒိုနီးရှားသုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ မြေထဲပင်လယ်ဓာတ်စာသည် ပြင်းထန်သော ကိုဗစ်ရောဂါ ဖြစ်နိုင်ခြေကိုလည်း လျှော့ချနိုင်ကြောင်း သိရသည်။

အင်ဒိုနီးရှား သုတေသနပညာရှင်များသည် လူဦးရေ ၅၅၀၀၀ ပါဝင်သည့် ကိုဗစ်ရောဂါအပေါ် မြေထဲပင်လယ် ဓာတ်စာများ၏ အကျိုးသက်ရောက်မှုဆိုင်ရာ လေ့လာချက်ပေါင်း ခြောက်ခုကို အသေးစိတ် ပြန်လည်လေ့လာပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO



## နိုင်ငံတကာ အားကစားသတင်းများ

# ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ဟက်ထရစ်ဂိုး ခုနစ်ကြိမ်သွင်းယူနိုင်သည့် ကစားသမားအဖြစ် တိုက်စစ်မှူးဟာလန်း မှတ်တမ်းဝင်

**မန်ချက်စတာ ဩဂုတ် ၂၅**

တိုက်စစ်မှူး ဟာလန်းသည် စနေနေ့ကကစားခဲ့သည့် အစ်ဗ့စ်အသင်းနှင့် ပရီးမီးယားလိဂ်ပွဲစဉ်တွင် အသင်းအတွက် သွင်းဂိုး သုံးဂိုး သွင်းယူနိုင်ခဲ့သောကြောင့် ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ဟက်ထရစ်ဂိုး ခုနစ်ကြိမ်ထိ သွင်းယူနိုင်ခဲ့သည့် မှတ်တမ်းကောင်းကို ရရှိခဲ့သည်။

ဟာလန်းသည် ၂၀၂၂ ခုနှစ်က ဒေါ့မွန်အသင်းမှ မန်စီးတီးအသင်းသို့ပြောင်းရွှေ့ခဲ့ပြီးနောက် အသင်းနှင့်အတူ ပြိုင်ပွဲစုံတွင် ဟက်ထရစ်ဂိုး ၁၀ ကြိမ်ထိ သွင်းယူနိုင်ခဲ့ကာ ပရီးမီးယားလိဂ်ပြိုင်ပွဲ ၆၈ ပွဲ ပါဝင်ခဲ့ရာတွင် သွင်းဂိုး ၆၇ ဂိုးထိ သွင်းယူနိုင်ခဲ့သည့်အပြင် ဟက်ထရစ်ဂိုး ခုနစ်ကြိမ်ထိ ရရှိခဲ့ကြောင်း သိရသည်။

ပရီးမီးယားလိဂ် သမိုင်းတွင် မန်စီးတီး တိုက်စစ်မှူးဟောင်း အဂူရိုက ဟက်ထရစ်ဂိုး ၁၂ ကြိမ်ဖြင့် ထိပ်ဆုံးတွင်ရပ်တည်နေပြီး ၎င်းနောက်တွင် အလန်ရှီးယားက ၁၁ ကြိမ်ဖြင့် အဆင့်(၂)၊ ရော်ဘီဖောင်လာက ကိုးကြိမ်ဖြင့် အဆင့်(၃)၊ ဟယ်ရီကိန်း၊ အိုဝင်နှင့် ဟင်နရီတို့က ရှစ်ကြိမ်စီဖြင့် အဆင့်(၄)၊ ရွန်းနီနှင့် ဟာလန်းတို့က ခုနစ်ကြိမ်စီဖြင့် အဆင့်(၅) နေရာတို့တွင်ရပ်တည်နေပြီး တိုက်စစ်မှူးဟာလန်းအနေဖြင့် အသင်းဖော်တိုက်စစ်မှူးဟောင်း အဂူရို၏ စံချိန်ကိုလိုက်မီရန် အခွင့်အရေးကောင်းများ ရှိနေကြောင်း သိရသည်။

ဟာလန်းသည် အစ်ဗ့စ်အသင်းနှင့်ပွဲစဉ်တွင် ပွဲထွက်ကစားသမားအဖြစ် ပါဝင်လာခဲ့ရာ ပွဲကစားချိန် ခုနစ်မိနစ်တွင် အစ်ဗ့စ်အသင်းက ဦးဆောင်ဂိုး သွင်းယူခဲ့သော်လည်း ပွဲချိန် ၁၂ မိနစ်၊ ပွဲချိန် ၁၆ မိနစ်နှင့် ပွဲချိန် ၈၈ မိနစ်တို့တွင် တိုက်စစ်မှူး ဟာလန်းက မန်စီးတီးအသင်းအတွက် ဟက်ထရစ်ဂိုး သွင်းယူပေးခဲ့ပြီး ကွင်းလယ်ကစားသမား ဒီဘရိုင်းက ပွဲချိန် ၁၄ မိနစ်တွင် သွင်းဂိုး တစ်ဂိုး သွင်းယူခဲ့သဖြင့် မန်စီးတီးအသင်းက လေးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

Ref : Premierleague

Trs : ML



## အားကစားသတင်းအတိုအထွာများ

- ခံစစ်ကစားသမား ကန်ဆယ်လိုသည် အယ်ဟိုင်လာအသင်းသို့ ယူရို ၃၅ သန်းဖြင့်ပြောင်းရွှေ့ရန် သဘောတူညီမှုရရှိခဲ့သဖြင့် လာမည့်ရက်ပိုင်းအတွင်း ဆေးစစ်မှုခံယူသွားမည်ဖြစ်ကာ ဆေးအောင်ပါက သုံးနှစ်စာချုပ် ချုပ်ဆိုမည်ဖြစ်ကြောင်း သိရသည်။
- အစ်ဗ့စ်အသင်းက ခံစစ်ပိုင်းလိုအပ်ချက်ကို ဖြည့်ဆည်းရန်အတွက် ဘန်လေအသင်း ခံစစ်ကစားသမား အိုရေးကို ပြောင်းရွှေ့ကြေး ယူရို ၁၅ သန်းဖြင့်ခေါ်ယူရန် သဘောတူညီမှု ရရှိခဲ့သည်။
- ဂျီနိုအာအသင်းက ဂျူဗင်တပ်ကွင်းလယ်ကစားသမား မီရက်စ်တီကို တစ်ရာသီအငှားစာချုပ်ဖြင့် ခေါ်ယူခဲ့သည်။

ML

# IBF ဖယ်သာဝိတ်တန်းကမ္ဘာ့ချန်ပီယံကာကွယ်ပွဲတွင် ကာမီဒါက လက်ရှိချန်ပီယံ ဒလာမီနီအား အနိုင်ရရှိ



**တိုကျို ဩဂုတ် ၂၅**

IBF ဖယ်သာဝိတ်တန်း ကမ္ဘာ့ချန်ပီယံ ကာကွယ်ပွဲအဖြစ် လက်ရှိချန်ပီယံ တောင်အာဖရိက လက်ဝှေ့သမား ဒလာမီနီနှင့် ဂျပန်လက်ဝှေ့သမား ကာမီဒါတို့ ယနေ့ ဂျပန်နိုင်ငံ ဆူတာမြို့တွင် ယှဉ်ပြိုင်ထိုးသတ်ခဲ့ရာ ကာမီဒါက Split Decision ဖြင့် အနိုင်ရရှိကာ ချန်ပီယံခါးပတ် ဆွတ်ခူးရရှိခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဒလာမီနီနှင့် ကာမီဒါတို့သည် ဒုတိယအကြိမ် တွေ့ဆုံထိုးသတ်ခဲ့ခြင်းဖြစ်ပြီး ပထမအကြိမ်တွင် ဒလာမီနီက Split Decision ဖြင့် အနိုင်ရရှိခဲ့သော်လည်း ယခုမကျေပွဲစဉ်တွင် ကာမီဒါက Split Decision ဖြင့် ပြန်လည်အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။

၎င်းတို့အကြား စွမ်းဆောင်ရည်ကွာဟချက် မရှိခဲ့သလို နှစ်ကြိမ်တွေ့ဆုံမှုတွင် တစ်ဦးနှင့်တစ်ဦး ရလဒ်ကွာဟချက် ကျဉ်းမြောင်းစွာဖြင့် အနိုင်ရရှိခဲ့ကြခြင်းဖြစ်ပြီး ကာမီဒါသည် နောက်ဆုံးထိုးသတ်ခဲ့သော စိန်ခေါ်ပွဲ သုံးပွဲရှိခဲ့ပြီး ယင်းစိန်ခေါ်ပွဲ သုံးပွဲတွင် ရှုံးပွဲတစ်ပွဲသာ ရှိခဲ့သကဲ့သို့ ဒလာမီနီသည်လည်း နောက်ဆုံးထိုးသတ်ခဲ့သော စိန်ခေါ်ပွဲ သုံးပွဲရှိခဲ့ပြီး ယင်းစိန်ခေါ်ပွဲ သုံးပွဲတွင် ရှုံးပွဲတစ်ပွဲသာရှိခဲ့သည်။

ကာမီဒါက "ကျွန်တော့်အနေနဲ့ ဒီမကျေပွဲစဉ်အတွက် အကောင်းဆုံးပြင်ဆင်ခဲ့တယ်။ ပြင်ဆင်ထားတဲ့အတိုင်းပဲ ကြိုးဝိုင်းထဲမှာ အကောင်းဆုံး လုပ်ပြနိုင်ခဲ့တယ်။ ပထမအကြိမ် တွေ့ဆုံခဲ့စဉ်က ကံမကောင်းစွာနဲ့ ရှုံးနိမ့်ခဲ့ရတယ်။ ပထမအကြိမ်က အမှားတွေကိုပြင်ဆင်ပြီး ဒီစိန်ခေါ်ပွဲမှာ အကောင်းဆုံး လုပ်ပြနိုင်ခဲ့တယ်။ ကျွန်တော်နဲ့ထိုက်တန်တဲ့ အောင်မြင်မှုကို ရအောင်ပြန်ယူနိုင်ခဲ့တယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : AZL

# တိုက်စစ်မှူး အိုစီမန်အစား ကယ်ဗက်လေဝင်ကို ခေါ်ယူရန် ချဲလ်ဆီးအသင်းကြိုးပမ်း

**လန်ဒန် ဩဂုတ် ၂၅**

ချဲလ်ဆီးအသင်းသည် နာပိုလီအသင်း တိုက်စစ်မှူး အိုစီမန်ကို ခေါ်ယူရန် ကာလရှည်ကြိုးပမ်းခဲ့သော်လည်း ကစားသမားအနေဖြင့် လုပ်ခလစာ မြင့်မားစွာတောင်းဆိုခဲ့သောကြောင့် ၎င်းနေရာတွင် ကယ်ဗက်လေဝင်ကိုသာ အစားထိုးခေါ်ယူရန် ကြိုးပမ်းနေကြောင်း သိရသည်။

ချဲလ်ဆီးအသင်းသည် ယခုအပြောင်းအရွှေ့ကာလတွင် အိုစီမန်ကိုခေါ်ယူရန် ကြိုးပမ်းလျက်ရှိရာ ကစားသမား၏ စာချုပ်ဖျက်သိမ်းကြေးမှာ စတာလင်ပေါင်သန်း ၁၁၀ ထိ ရှိသောကြောင့် ကနဦးအငှားစာချုပ်ဖြင့် ခေါ်ယူရန်ဆုံးဖြတ်ခဲ့ပြီး လူကာကူကို အလိုက်ပေးသွားမည် ဖြစ်သော်လည်း နာပိုလီအသင်းက အငှားစာချုပ်ကို ပယ်ချခဲ့ပြီး တိုက်စစ်မှူး လူကာကူကို စတာလင်ပေါင် ၃၈ သန်းဖြင့် အပြီးသတ်ဝယ်ယူခဲ့သည်။

ထို့နောက် ချဲလ်ဆီးအသင်းအနေဖြင့် အိုစီမန်၏ ကိုယ်စားလှယ်များနှင့် နောက်ဆုံးအဆင့်ဆွေးနွေးမှုများ ထပ်မံပြုလုပ်ခဲ့ရာ အကြိုသဘောတူညီမှု ရရှိခဲ့သော်လည်း ကစားသမား ကိုယ်တိုင်က တစ်ပတ်လုပ်ခ စတာလင်ပေါင် ၅၀၀၀၀၀ ထိ တောင်းဆိုခဲ့သဖြင့် အသင်းအနေဖြင့် လက်လျှော့ခဲ့ရပြီး အဲဗာတန်အသင်းတိုက်စစ်မှူး ကယ်ဗက်လေဝင်ကိုသာ ပြောင်းလဲခေါ်ယူရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

အသက် ၂၅ နှစ်ရှိ အိုစီမန်သည် လက်ရှိ အပြောင်းအရွှေ့ကာလတွင် နာပိုလီအသင်းမှထွက်ခွာရန် တောင်းဆိုထားသူဖြစ်ပြီး ချဲလ်ဆီးအသင်းနှင့် ပီအက်စ်ဂျီအသင်းတို့က အပြိုင်ခေါ်ယူရန် စိတ်ဝင်စားခဲ့သော်လည်း ချဲလ်ဆီးအသင်းအနေဖြင့် အသုံးစရိတ်လျှော့ချရန် ကြိုးပမ်းနေသောကြောင့် အိုစီမန်ကိုခေါ်ယူမည် မဟုတ်တော့ဘဲ လုပ်ခလစာနည်းပါးပြီး ပရီးမီးယားလိဂ် အတွေ့အကြုံကောင်းများရှိသည့် တိုက်စစ်မှူး ကယ်ဗက်လေဝင်ကိုသာ ခေါ်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

Ref : Goal.com

Trs : ML

# တိုက်စစ်မှူးဂျီးဆပ် တံကောက်ကြောဒဏ်ရာရရှိခဲ့ကြောင်း အာဆင်နယ်အသင်းထုတ်ပြန်

**လန်ဒန် ဩဂုတ် ၂၅**

အာဆင်နယ်အသင်း တိုက်စစ်မှူးဂျီးဆပ်သည် ပြီးခဲ့သည့် ကြာသပတေးနေ့က ပြုလုပ်ခဲ့သည့် လေ့ကျင့်ရေးအစီအစဉ်တွင် တံကောက်ကြောဒဏ်ရာ ရရှိခဲ့သောကြောင့် ဆေးစစ်မှုခံယူနေရကြောင်း အာဆင်နယ်အသင်းက ထုတ်ပြန်ခဲ့သည်။

လက်ရှိတွင် တိုက်စစ်မှူး ဂျီးဆပ်သည် အဆိုပါဒဏ်ရာကြောင့် အေဗီလာအသင်းအား အနိုင်ရခဲ့သည့်ပွဲစဉ်ကို လွဲချော်ခဲ့ပြီးနောက် ဒဏ်ရာကို လိုအပ်သည့် စကန်ဖတ်စစ်ဆေးမှုများ ပြုလုပ်ထားသဖြင့် အတိအကျ ထုတ်ပြန်ခြင်းမရှိသေးဘဲ ဒဏ်ရာခွဲစိတ်ကုသမှုခံယူရပါက ကာလရှည် အနားယူရမည်ဖြစ်ကြောင်း သိရသည်။

နည်းပြအာတီတာက "ဂျီးဆပ်အနေနဲ့ လေ့ကျင့်ရေးအစီအစဉ်မှာ တံကောက်ကြောဒဏ်ရာရရှိခဲ့လို့ အေဗီလာနဲ့ပွဲမှာ ပါဝင်နိုင်ခဲ့ခြင်း မရှိပါဘူး။ အသင်းအနေနဲ့ တိုက်စစ်ပိုင်း အနည်းငယ်လိုအပ်ချက်ရှိသွားပေမဲ့ ကျွန်တော်တို့ အကောင်းဆုံးလုပ်နိုင်ခဲ့ပါတယ်။ လာမယ့်တနင်္လာနေ့မှာ ဂျီးဆပ်ရဲ့ ဒဏ်ရာနဲ့ပတ်သက်လို့ အတိအကျသိရမှာပါ။ ဘယ်အချိန်ထိ အနားယူရမလဲဆိုတာ စောင့်ကြည့်ရမှာပါ"ဟု အေဗီလာအသင်းကို အနိုင်ရခဲ့သည့်ပွဲစဉ်အပြီးတွင် ပြောကြားခဲ့သည်။



နည်းပြအာတီတာသည် ယခုနှစ်ဘောလုံးရာသီ၌ တိုက်စစ်ပိုင်းတွင် ဂျီးဆပ်ကို ကိုင်ဟာဗက်နောက်တွင် ပါဝင်ကစားရန် စီစဉ်ထားသဖြင့် ၎င်း၏ဒဏ်ရာအခြေအနေကြောင့် အခက်တွေ့နေပြီး လူငယ်တိုက်စစ်မှူး အန်ကေးတီးယားကိုလည်း နော့်တင်ဟမ်အသင်းသို့ရောင်းချရန် သဘောတူထားသဖြင့် နည်းပြအာတီတာက အပြောင်းအရွှေ့ မပိတ်သိမ်းမီကာလတို အသုံးပြုနိုင်ရန်အတွက် တိုက်စစ်မှူးတစ်ဦး ထပ်မံခေါ်ယူရန် ဆုံးဖြတ်ထားကြောင်း သိရသည်။

Ref : Espn

Trs : ML

# အကြိမ်(၃၀) မြောက်မှသည် ရတုအဆက်ဆက်ဆီ

**နွေကုံကော်(မြို့လှ)**

အကြိမ်(၃၀)မြောက် ပခုက္ကူဦးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေဆုပေးပွဲကြီးကို ၂၀၂၄ ခုနှစ် ဩဂုတ် ၂၄ ရက်တွင် ရန်ကုန်မြို့၌ ကျင်းပခဲ့သည့်ပုံရိပ်များကို ရုပ်မြင်သံကြားမှတစ်ဆင့် ကြည့်ရှုလိုက်ရသည်။ ဆုရရှိသူများရော၊ အခမ်းအနား တက်ရောက်လာကြသူများပါ ပြုံးပျော်နေကြသည်။ "အမှောင်ခွင်း၍ အလင်းဆောင်အံ့"၊ "စာပေမြှင့်မှ လူမျိုးတင့်မည်" ဟူသည့်အတိုင်း မိမိတို့တတ်စွမ်းရာ ကလောင်ဖြင့် လောကအလင်းဆင်နိုင်ရေး၊ မိမိတို့ လူမျိုးတင့်တယ်နိုင်ရေး စာပေလက်ရာအဖုံဖုံဖန်တီး ခဲ့ကြသည့် ဆုရစာရေးဆရာများ၊ ပခုက္ကူတစ်သက်တာ စာပေဆုချီးမြှင့်ခြင်းခံရသည့် ဆရာကြီးများအတွက် ဝမ်းသာပီတိဖြစ်ရသည်။ မုဒိတာလည်းပွားမိပါသည်။ အထူးသဖြင့် ရေးဖော်ရေးဖက်များ၊ ခင်မင်လေးစားရ သည့် ကလောင်ရှင့်ဆရာကြီးများပါ ဆုချီးမြှင့်ခြင်းခံရ သည့်အတွက်ပါ ဝမ်းသာဂုဏ်ယူမိသည်။

ယခုနှစ် ပခုက္ကူစာပေဆု ချီးမြှင့်ခံရသူများကို လေ့လာကြည့်ရာတွင် ရဟန်းစာဆိုသာမက ဌာနစုံမှ ဝန်ထမ်းများ၊ အငြိမ်းစားများပါဝင်ကြသည်ကို သတိ ပြုမိသည်။ တပ်မတော်သားများလည်း ပါဝင်ကြ သည်။ မူလတာဝန်အပြင် ကလောင်တံကိုင်စွဲလျက် စာပေမြှင့်ခြင်းအားဖြင့် လူမျိုးဂုဏ်တင့်နိုင်အောင် ကြိုးပမ်းအားထုတ်ကြသော စာဆိုစစ်သည်များ၊ ရဟန်းစာဆို၊ လူစာဆိုများကို လေးစားအားကျ ဂုဏ်ယူရပါသည်။ တစ်ဆက်တည်းမှာပင် ကောင်းရာ ဘုံဌာနကိုရောက်ရှိနေမည့် ပခုက္ကူဦးအုံးဖေစာပေဆု ဖန်တီးတည်ထောင်သူ ဘဘဦးအုံးဖေကိုလည်း စိတ်ဝယ်ရည်မှန်း ဦးခိုက်မိပါသည်။ အကြိမ် (၃၀) တိုင်အောင် နှစ်စဉ်မပျက် ပခုက္ကူဦးအုံးဖေစာပေဆု ပေးပွဲကျင်းပနိုင်အောင် လက်ဆင့်ကမ်းတာဝန်ယူခဲ့ ကြသူများကိုလည်း ကျေးဇူးတင်မိပါသည်။

ယနေ့အချိန်တွင် နိုင်ငံတော်အနေဖြင့် လူငယ် များ ဗလငါးတန်ပြည့်ဝစေရေး ဘက်စုံထောင့်စုံမှ စီမံဆောင်ရွက်ပေးနေသည်။ တိုင်းပြည်တစ်ဝန်း စာကြည့်တိုက်များ ပိုမိုပေါ်များပြီး အသက်ဝင်နိုင်စေ ရေးအတွက်လည်း ကြိုးစားဆောင်ရွက်နေသည်ကို ဝေဝေဆာဆာမြင်တွေ့နေရသည်။ "စာအုပ်စာပေ လူ့မိတ်ဆွေ" ဟူသည့်အတိုင်း လူငယ်များ လမ်းမှား မရောက်စေရေး မိတ်ကောင်းဆွေမွန်များကို လူငယ် များနှင့်အနီးဆုံးဆီရောက်ရှိအောင် ဆောင်ရွက်ပေး နေသည်။ ပခုက္ကူဦးအုံးဖေစာပေဆုရစာအုပ်များသည် သုတ၊ ရသစုံလင်ပြီး လေ့လာမှတ်သားဖွယ်ကောင်း သည့်စာအုပ်များဖြစ်ကြသည်။ ကျွမ်းကျင်စာပေ ပညာရှင်ကြီးများ၏ အကဲဖြတ်ရွေးချယ်မှုကြောင့် ထိုသို့ လက်ရာကောင်းစာပေများကို အများပြည်သူ ဖတ်ရှုခွင့်ရရှိခြင်းဆိုလျှင်မမှားပေ။ ပခုက္ကူဦးအုံးဖေ စာပေဆုမှတစ်ဆင့် အမျိုးသားစာပေဆုထိ အောင်ပန်းဆင်နိုင်ခဲ့ကြသော စာအုပ်များလည်း ပေါ်ထွက်ခဲ့ပါသည်။

သုတ၊ ရသ စာပေအသီးသီးတွင် ရသကိုးပါး အနက် အနည်းဆုံး တစ်မျိုး၊ နှစ်မျိုးပါဝင်ကြသည်သာ ဖြစ်၏။ သုတစာပေသည် အတတ်ပညာတိုးပွားစေပြီး ရသစာပေသည် စိတ်နှလုံးရင့်သန်စေရန် အထောက် အကူပြု၏။ ရသစာပေများထဲမှ လူတန်းစားအမျိုး မျိုး၏ ဘဝအဖုံဖုံကို လေ့လာဆင်ခြင်သုံးသပ်လျက် မိမိတို့ဘဝလမ်းကြောင်းကို တည့်မတ်ခိုင်မာစေရမည် ဖြစ်သည်။ စာရေးသူ၏ဘဝကိုလည်း ထိုသုတ၊ ရသ စာပေများကပင် ထိန်းကျောင်းခဲ့ခြင်းဖြစ်သည်။ စာကောင်းပေမွန်တို့သည် နယ်နိမိတ်အပိုင်းအခြား နှင့် ခေတ်ကာလတို့ကိုလွန်လျက် မွှေးပျံ့လတ်ဆတ် သောရနံ့ကို ဆောင်နိုင်စွမ်းရှိသည်မှာ အမှန်ပင်ဖြစ် ပေသည်။

**❖ပခုက္ကူဦးအုံးဖေစာပေဆု၊ စာပေဗိမာန်စာမူဆု၊ အမျိုးသား စာပေဆုအသီးသီးသည် စာရေးဆရာတိုင်း ခုံမင်တန်ဖိုးထားသောဆု များဖြစ်ကြ၏။ ဆုရသည်ဖြစ်စေ၊ ဆုမရသည်ဖြစ်စေ၊ ငွေကြေး အားဖြင့် နည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ စာရေးဆရာတို့သည် ဝါသနာထုံသော စာရေးခြင်းအတတ်ပညာကို မစွန့်လွှတ်နိုင်ကြပေ။ ထိုဝါသနာတွင် ကိုယ်ရည်သွေးလိုခြင်း၊ အောင်မြင်မှုရယူလိုခြင်း တို့ထက် အများပြည်သူအတွက်ဟူသော စေတနာတို့က ရှေ့ဆုံးမှ ရှိနေပါ၏။ ❖**

လတ်တလော ပြန်လည်ဖတ်ရှုဖြစ်သည့် ဆရာကြီး နတ်နွယ်၏ မြန်မာပြည်မြောက်ပိုင်း၊ ဆရာကြီး ကျော်အောင်၏ အရေးကြီးပြီ သွေးစည်းကြစို့၊ ဆရာကြီးတက္ကသိုလ်ဘုန်းနိုင်၏ စိမ်းနေဦးမည့် ကျွန်တော့်မြေ စသည့် ဂန္ထဝင်ဝတ္ထုကြီးများထဲမှ ဇာတ်ကောင်များသည် စာရေးသူအပါအဝင် မျိုးဆက် သစ်များကို ဝီရ ရသများ ပေးစွမ်းနိုင်ခဲ့ပါသည်။ စာရေးသူအနေဖြင့် ထိုဝတ္ထုကြီးများပါဇာတ်ကောင် များ၏ စိတ်ဓာတ်ခံယူချက်များကို လက်ခံကျင့်သုံးရ မည်ဟူသောအသိကို ရရှိခဲ့ပါသည်။ လွန်ခဲ့သော နှစ်ပေါင်း ၆၀ ခန့်မှစာများပင်ဖြစ်လင့်ကစား ယနေ့ ထက်တိုင် အသက်ဝင်ပီပြင်နေဆဲပါပေ။ တစ်ဖန် လတ်တလောဖတ်မိသည့် ကဗျာဆရာကြီး စလင်း ဘုန်းကျော်၏ ကျေးဇူးမဲ့သောတပည့်တစ်ယောက် အကြောင်း လှပစွာသီကုံးထားသည့် ကဗျာတစ်ပုဒ်က လည်း ထိမိလှပါဘိ။

ဆိုရသော် ကဗျာ၊ ဝတ္ထု၊ ဆောင်းပါး စသော ခေါင်းစဉ်များအောက်တွင် စာရေးသူတို့ မမြင်မတွေ့ခဲ့ ရသော၊ မမီခဲ့သောသမိုင်းကြောင်းများ၊ ယဉ်ကျေးမှု များ၊ ရိုးရာဓလေ့များ၊ နိုင်ငံ့ရေးရာအဖြာဖြာများမှ သည် လူ့သဘော၊ လူ့မနောတို့ကို ဆည်းပူးလေ့လာ၍ မကုန်နိုင်ပါပေ။ အလွှာအသီးသီးမှ စာပေပညာရှင် တို့၏ လက်ရာမွန်များကြောင့် တပ်မတော်သား၊ ဆရာဝန်၊ အင်ဂျင်နီယာ၊ ကျောင်းဆရာတို့၏ဘဝများ ကိုမြင်ခွင့်ရသည်။ ရိုးရာယဉ်ကျေးမှုများအကြောင်း ကိုလည်း သိခွင့်ရသည်။ စာရေးဆရာတစ်ဦးချင်းစီ၏ အတွေ့အကြုံများမှသည် စာပေဥယျာဉ်ကြီးတစ်ခု ဖြစ်လာရသည်။ ထိုစာပေဥယျာဉ်ကြီးအတွင်း လေ့လာမှတ်သားဖွယ် ပညာရပ်မျိုးစုံကို အမိအရဖမ်း ယူကာ ကိုယ်စီကိုယ်စီ ကြိုးစားကြမည်ဆိုပါလျှင် ယဉ်ကျေးသိမ်မွေ့သော၊ ဓမ္မနှင့်အဓမ္မ ကောင်းစွာ ခွဲခြမ်းစိတ်ဖြာနိုင်သော လူကောင်းလူတော်များ မလွဲသွေဖြစ်လာကြပေမည်။

ယနေ့အချိန်တွင် နိုင်ငံတစ်ဝန်းလုံး စာဖတ်ရှိန် မြှင့်တင်ရေးများဆောင်ရွက်နေသည်။ ဖတ်ရုံနှင့်မပြီး ဘဲ အမှန်တကယ် လိုက်နာကျင့်သုံးကြရန်လည်း လိုသည်။ သို့မှသာ တိုးတက်မှုရှိပေမည်။ တာဝန်ရှိမှု ကြောင့် စာဖတ်ရခြင်းမျိုးမဟုတ်ဘဲ ဘဝလမ်းကြောင်း မတိမ်းစောင်းရန်၊ နှလုံးသားစိတ်အာဟာရဖြည့်ရန် စာဖတ်ရခြင်းဖြစ်ကြောင်း နားလည်ကြရန်လိုပါသည်။ စာပေနှင့်ပတ်သက်၍ စာပေပညာရှင်များနှင့် အစိုးရ တာဝန်ရှိသူများက စိတ်ရောကိုယ်ပါနှစ်လျက် အားပေးအားမြှောက်ပြုနေချိန်တွင် အောက်ခြေ အဆင့်တာဝန်ရှိသူများအနေဖြင့် လုပ်ငန်းအဆင်ပြေ စေရေး "ဟန်ပြ"လုပ်ဆောင်ခြင်းမျိုးထက် အနှစ်သာရ ရှိစေရန်အရေး တွေးစေလိုသည်။

ပခုက္ကူဦးအုံးဖေ စာပေဆု၊ စာပေဗိမာန်စာမူဆု၊ အမျိုးသားစာပေဆုအသီးသီးသည် စာရေးဆရာတိုင်း ခုံမင်တန်ဖိုးထားသောဆုများဖြစ်ကြ၏။ ဆုရသည် ဖြစ်စေ၊ ဆုမရသည်ဖြစ်စေ၊ ငွေကြေးအားဖြင့် နည်း သည်ဖြစ်စေ၊ များသည်ဖြစ်စေ စာရေးဆရာတို့သည် ဝါသနာထုံသော စာရေးခြင်းအတတ်ပညာကို မစွန့် လွှတ်နိုင်ကြပေ။ ထိုဝါသနာတွင် ကိုယ်ရည်သွေး လိုခြင်း၊ အောင်မြင်မှုရယူလိုခြင်းတို့ထက် အများ ပြည်သူအတွက်ဟူသော စေတနာတို့က ရှေ့ဆုံးမှ ရှိနေပါ၏။

ထို့ကြောင့်ပင် "ဝေလည်းမွှေး ကြွေလည်းမွှေး" ဇာတ်ကားထဲမှ တပ်ကြပ်ကြီးဖိုးစည်ကို စာရေးသူ တို့ သဘောကျခဲ့သည်။ "အရေးကြီးပြီ သွေးစည်း ကြစို့"ဇာတ်ကားမှ ဇာတ်ကောင်အင်ဂျင်နီယာ ဦးသောင်းဒန်ကို အားကျလေးစားမိသည်။ "ကြိုးကြာ တောင်ပံခတ်သံ"ဇာတ်ကားမှ ချင်းတောင်လတ်ငြိမ်း ကို အားကျခဲ့သည်။ "အများနှင့်မသက်ဆိုင်သောလူ" ဇာတ်ကားမှ စိတ်မနှံ့သော်ငြား လူသားပီသသည့် ဇာတ်ကောင်ကို အတုယူခဲ့မိသည်။ ဆရာကြီး မင်းသုဝဏ်၏ "သူ့မှာတမ်း"ကဗျာထဲမှ ပြောက်ကျား ရဲဘော်လေးကို လေးစားငဲ့ညှာမိသည်။ ထိုအရာများ သည် စာပေမှပေးသော စွမ်းအားများပင်ဖြစ်သည်။ စာပေသူရဲကောင်းများသည် ကုန်နိုင်ဖွယ်မရှိ။ မျိုးဆက်တစ်ဆက်ပြီးတစ်ဆက် ပေါ်ထွက်နေမည် သာဖြစ်သည်။

နိုင်ငံတော်အနေဖြင့် စာပေပညာရှင်များကို ထိုက်သင့်သည့်ချီးမြှင့်မှုများ ဆောင်ရွက်ပေးလျက် ရှိသည်ကို မြင်တွေ့ရသည့်အတွက် ဝမ်းသာမိပါသည်။ အစဉ်အလာကောင်းတို့ဖြင့် ရပ်တည်ခဲ့သော မြန်မာ စာပေသည် ရဟန်းစာဆို၊ လူစာဆို၊ မင်းမှုထမ်းစာဆို တို့၏ ကလောင်စွမ်းဖြင့် နှောင်းလူတို့ မှတ်သား ကိုးကားစရာများကို ပေထက်အက္ခရာတင်ခဲ့ကြ၏။ ရှေးစာဆိုကြီးများ၏ စာပေလက်ရာများကို နည်းမှီပြီး ဆန်းသစ်လျက် မျက်မှောက်ကာလတွင်လည်း ရဟန်းစာဆို၊ လူစာဆို၊ မင်းခယောကျ်ား စာဆို စစ်သည်များကလည်း အမျိုးသားစာပေကို လက်ဆင့် ကမ်းထိန်းသိမ်းလျက်ရှိပေသည်။

ထိုအမျိုးသားစာပေ ရေရှည်တည်တံ့ခိုင်မာစေရန် တစ်ဖက်တစ်လမ်းမှ စာပေအုတ်မြစ်ချပေးခဲ့သော ပခုက္ကူဦးအုံးဖေ၏ ကျေးဇူးကား ကြီးမားလှပေစွ။ သူ၏ကျေးဇူးကြောင့် မျိုးဆက်သစ်ကလောင်ရှင်များ ထပ်မံပေါ်ထွက်ခဲ့ကြပြီး စာပေအသိအမြင်ကို ထပ်မံ မျှဝေနိုင်ခဲ့ကြသည်။ ပထမဆုံးအကြိမ် ပခုက္ကူစာပေ ဆုချီးမြှင့်ပွဲကို ၁၉၉၄ ခုနှစ်တွင် ကျင်းပခဲ့သည်။ ယခုဆိုလျှင် နှစ်ပေါင်း ၃၀ ရှိခဲ့လေပြီ။

မြန်မာစာပေ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားပေး ရန်၊ မြန်မာ့ရိုးရာယဉ်ကျေးမှုထွန်းကားရေး အတွက် စာပေနည်းဖြင့် အထောက်အကူပြုရန်၊ မျိုးချစ် စိတ်နှင့် တိုင်းချစ်ပြည်ချစ်စိတ်ထက်သန်စေမှုကို ရှေးရှု ရန်၊ အတွေးအခေါ်နှင့် အသိဉာဏ်ပညာဗဟုသုတ တိုးပွားကျယ်ပြန့်စေရေးအတွက်ကူညီရန်၊ အကျင့် စာရိတ္တပြုပြင်ရေးနှင့် ကိုယ်ကျင့်တရားကောင်းမွန် စေရေးအတွက် အထောက်အပံ့ဖြစ်သောစာပေများ တိုးပွားစေရန်ဟူသည့် ချမှတ်ထားသောအခြေခံမူ များနှင့်အညီ ငွေရတုအလွန်ကာလမှသည် ရွှေရတု၊ စိန်ရတုများအထိ ရတုအဆက်ဆက် ပခုက္ကူဦးအုံးဖေ စာပေဆု ရှင်သန်ရပ်တည်နိုင်ပါစေ၊ ကလောင်စွမ်း အားဖြင့် စာပေမြှင့်ကာ လူမျိုးတင့်နိုင်ပါစေ၊ အမှောင် ခွင်း၍ အလင်းဆောင်နိုင်ကြပါစေဟု ရည်သန်လျက် အကြိမ်(၃၀)မြောက် ပခုက္ကူဦးအုံးဖေ စာပေဆုချီးမြှင့် ပွဲအခမ်းအနားမြင်ကွင်းကို ခံစားသက်ဝင် မုဒိတာ ရင်ခွင်ဖြင့် ဂုဏ်ပြုရေးသားလိုက်ရပါသည်။

# ကျောက်ပန်းတောင်းမြို့နယ် စံပယ်ပင်ကျေးရွာတွင် မြေသားရေကန်တူးဖော်ခြင်းနှင့်ဆက်စပ်လုပ်ငန်းများပြီးစီးမှု စစ်ဆေး

ကျောက်ပန်းတောင်း ဩဂုတ် ၂၅

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သန့်ရှင်းသောသောက်သုံးရေ ဖူလုံစွာ ရရှိစေရန်ရည်ရွယ်၍ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေဖြင့် လက်ပံပင်ကျေးရွာအုပ်စု စံပယ်ပင်ကျေးရွာတွင် မြေသားရေကန်တူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဩဂုတ် ၂၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မန္တလေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးအောင်မျိုးလွင်၊ ကျောက်ပန်းတောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးသက်နှင့် မြို့နယ်တာဝန်ခံ အင်ဂျင်နီယာများက ကျေးရွာရေပေးဝေရေး ကော်မတီဝင်များနှင့်အတူ မြေသားရေကန်တူးဖော်ခြင်းလုပ်ငန်းနှင့် တံကင်တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများ ကို ကြည့်ရှုစစ်ဆေးပြီး မန္တလေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးအောင်မျိုးလွင်က မြေသားရေကန် ရေရှည်တည်တံ့စေရေးနှင့် ကျွဲ၊ နွားများဝင်ရောက်မှုမရှိစေရေး ထိန်းသိမ်းဆောင်ရွက်သွားကြရန် မှာကြားခဲ့ကြောင်း သိရသည်။

ကျောက်ပန်းတောင်းမြို့နယ် စံပယ်ပင်ကျေးရွာ၌ အလျားပေ ၃၅၀ ပေ၊ အနံ ပေ ၂၀၀၊ အမြင့် ငါးပေရှိ မြေသားရေကန် တူးဖော်ခြင်း၊ တံကင်လေးခုတပ်ဆင်ခြင်း လုပ်ငန်းကို တိုင်းဒေသကြီးအစိုးရခွင့်ပြုရန်ပုံ ငွေကျပ် ၃၈ ဒသမ ၁၉၉ သန်းဖြင့် I.S.B ကုမ္ပဏီမှ ယခုနှစ် ဇွန် ၂၀ ရက်ကစ၍ တာဝန်ယူဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ကျောက်ပန်းတောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးသက်က ပြောပြ၍ သိရသည်။ **ဇင်မာ**

# သဘင်ဘဏ်တိုက်အမည်ဖြင့် မြန်မာ့သဘင်ဖျော်ဖြေမှုအစီအစဉ်တွင် ဇာတ်မင်းသား တက္ကသိုလ်အောင်ဖြိုးမင်း၏ ဖျော်ဖြေမှု Channel K မှ ထုတ်လွှင့်မည်




ရန်ကုန် ဩဂုတ် ၂၅

သဘင်ဘဏ်တိုက် အမည်ဖြင့် မြန်မာ့သဘင်ဖျော်ဖြေမှု အစီအစဉ်တွင် မျိုးဆက်သစ် သဘင်မင်းသား တက္ကသိုလ်အောင်ဖြိုးမင်း၏ ဖျော်ဖြေမှုအစီအစဉ်ကို ဩဂုတ် ၃၁ ရက်တွင် Channel K ရုပ်သံလိုင်းမှ ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သဘင်မင်းသား တက္ကသိုလ် အောင်ဖြိုးမင်းက ပြောပြ၍ သိရသည်။

အဆိုပါ သဘင်ဘဏ်တိုက် အမည်ဖြင့် မြန်မာ့သဘင်ဖျော်ဖြေ တင်ဆက်မှု အစီအစဉ်တွင် မျိုးဆက်သစ် သဘင်မင်းသားများ ဖြစ်ကြသည့် ဘွန်း၊ ဆန်းမြင့်အောင်၊ ဖွဲ့မာန်ဟိန်း၊ ချမ်းညီညီ၊ ဝေလင်းထက်၊ အဂ္ဂမောင်၊ ခေတ်မင်းဗို၊ ရှိန်းထက်အောင်၊ ဒုံယောင်ဖူးကျော် တို့အပြင် ဝါရင့် သဘင်မင်းသားကြီးများဖြစ်သည့် တင်မောင်ဆန်းမင်းဝင်း၊ ဟန်ဇာမိုးဝင်း၊ ဖိုးချစ် တို့ကလည်း အားဖြည့်ဖျော်ဖြေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"သဘင်ဥယျာဉ်ကြီးမှာ အရောင်အသွေးစုံလင်စွာနဲ့ ပွင့်လန်းလာနေတဲ့ မျိုးဆက်သစ် သဘင်ဇာတ်မင်းသားလေးတစ်ဦး ဖြစ်တဲ့ ကျွန်တော် တက္ကသိုလ် အောင်ဖြိုးမင်းရဲ့ အကအလှတွေနဲ့ ထူးခြားတဲ့ဖျော်ဖြေတင်မှုတွေကို သဘင်ဘဏ်တိုက် - အပိုင်း (၈) အစီအစဉ်အဖြစ် လာမဲ့ ဩဂုတ် ၃၁ ရက်မှာ ပရိသတ်တွေ ကြည့်ရှုအားပေးနိုင်မှာဖြစ်ပါတယ်"ဟု ဇာတ်မင်းသား တက္ကသိုလ် အောင်ဖြိုးမင်းက ပြောပြသည်။

အဆိုပါ သဘင်ဘဏ်တိုက် အစီအစဉ်ကို ပြီးခဲ့သည့် ဇူလိုင် ၇ ရက်မှစတင်ကာ အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း မွန်းလွဲ ၁ နာရီနှင့် ည ၉ နာရီ မိနစ် ၄၀ တို့တွင် Channel K ရုပ်သံလိုင်းမှ ထုတ်လွှင့် တင်ဆက်ပေးလျက်ရှိကြောင်း သိရသည်။

ASH

# The Wrecking Crew ဟာသဇာတ်ကားတွင် တီမူရာမောရစ်ဆင်နှင့် ဂျက်ကော့ဘာတာလွန်တို့ ပါဝင်မည်

နယူးယောက် ဩဂုတ် ၂၅

Amazon MGM ရုပ်ရှင်စတူဒီယို၏ The Wrecking Crew အမည်ရှိ ဟာသအက်ရှင်ဇာတ်ကား၌ မင်းသား တီမူရာမောရစ်ဆင်နှင့် ဂျက်ကော့ဘာတာလွန်တို့ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဩဂုတ် ၂၄ ရက် သတင်းများအရ သိရသည်။

The Wrecking Crew ဇာတ်ကား၌ တီမူရာမောရစ်ဆင်နှင့် ဂျက်ကော့ဘာတာလွန်တို့သည် မင်းသား ဒွေဘာတစ္စတာ၊ ဂျေဆင်မိုမိုအာတို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

အဆိုပါဇာတ်ကားကို Blue Beetle ဒါရိုက်တာ အိန်ဂျယ်မန်နူရာဆိုတိုက တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။


The Wrecking Crew ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ဂျိုနသန်ထရော့ပါက တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

The Wrecking Crew ဇာတ်ကားသည် ဟာဝိုင်ရီကျွန်း၌ ဖခင်ဖြစ်သူအသတ်ခံရမှုနောက်ကွယ်မှ ရာဇဝတ်မှုအကြံအစည်ကြီးတစ်ခုကို ဖော်ထုတ်တွေ့ရှိခဲ့ရသော ညီအစ်ကိုနှစ်ဦး၏အဖြစ်ကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။

The Wrecking Crew ဇာတ်ကားရိုက်ကူးမှုကို နယူးဇီလန်နိုင်ငံ၌ ယခုနှစ် အောက်တိုဘာလအတွင်း စတင်ရန် Amazon MGM က စီစဉ်ထားကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO



# လရောင်အောက်က ကုမုဒြာ ဇာတ်လမ်းတွဲကို စက်တင်ဘာ ၈ ရက်တွင် Channel K ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသမည်ဖြစ်

ရန်ကုန် ဩဂုတ် ၂၅

SHAN LAY Movie Production က ရိုက်ကူးထုတ်လုပ်သည့် လရောင်အောက်က ကုမုဒြာ ရုပ်သံဇာတ်လမ်းတွဲသစ်ကို စက်တင်ဘာ ၈ ရက်တွင် Channel K ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း ဒါရိုက်တာ တင်အောင်ကျော်က ပြောပြ၍ သိရသည်။

လရောင်အောက်က ကုမုဒြာ ရုပ်သံဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို ကဗျာသစ်က ရေးသားထားပြီး ဒါရိုက်တာ တင်အောင်ကျော်က SHAN LAY Movie Production အတွက် တာဝန်ယူပုံဖော်ရိုက်ကူးထားခြင်းဖြစ်ကြောင်း သိရသည်။

"ကိုယ်တကယ်ချစ်မြတ်နိုးသူကိုပဲရွေးချယ်ပြီး ထာဝရလက်တွဲသွားဖို့ဆုံးဖြတ်ထားတဲ့ လရောင်မင်း၊ တစ်ဖတ်သတ်အချစ်ဖြစ်နေပါစေ ကိုယ်မပိုင်ဆိုင်ရရင် ဘယ်သူ့ကိုမှ ပိုင်ဆိုင်ခွင့်မပေးနိုင်တဲ့ မုဒြာ၊ ချစ်ခြင်းတရားသာ စစ်မှန်ရင် ဘယ်တော့မှပြိုလဲပျက်စီးသွားမှာ မဟုတ်ဘူးဆိုတဲ့ အမှန်တရားကို လက်ခံထားတဲ့ အထွယ့် သူတို့သုံးယောက်ရဲ့ သုံးပွင့်ဆိုင်အချစ်ဇာတ်လမ်းမှာ ချစ်သူကိုရယူပိုင်ဆိုင်ဖို့ ကြိုးစားရင်း ပြိုလဲပျက်စီးသွားတဲ့ ဘဝအလှည့်အပြောင်းတွေကို နေရာမှန်ဖြစ်အောင် ပြန်လည်တည့်မတ်နိုင်ဖို့ ဘယ်လိုတွေ ကြိုးစားကြမလဲဆိုတာ လရောင်အောက်က ကုမုဒြာ ဇာတ်လမ်းတွဲမှာ စောင့်မျှော်အားပေးကြပါစို့လား"ဟု ဒါရိုက်တာ တင်အောင်ကျော်က ပြောပြသည်။




လရောင်အောက်က ကုမုဒြာ ဇာတ်လမ်းတွဲသစ်တွင် သရုပ်ဆောင် ဟိန်းဝေယံ၊ ဒေါင်းဝေ၊ ကိုသက်၊ ကိုဖြိုး(Samui) စိုးပြည့်သဇင်၊ အထွယ့်၊ မေသန်းနုနှင့်အခြားအနုပညာရှင်များစွာ ပါဝင်ထားပြီး စက်တင်ဘာ ၈ ရက်မှစတင်ကာ အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း ည ၇ နာရီတွင် Channel K ရုပ်သံလိုင်းမှ ထုတ်လွှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ASH

# No Right Way ဒရာမာဇာတ်ကား၌ မင်းသား အိုမာရီဟာ့ဒဝစ် ပါဝင်မည်

နယူးယောက် ဩဂုတ် ၂၅

No Right Way အမည်ရှိ ဒရာမာဇာတ်ကားသစ်၌ မင်းသား အိုမာရီဟာ့ဒဝစ်ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဩဂုတ် ၂၄ ရက် သတင်းများအရ သိရသည်။

No Right Way ဇာတ်ကားသည် စာရေးဆရာ တာရန့်ဂျဲမင်း၏ Finding Me အမည်ရှိစာအုပ်ကို အခြေခံရိုက်ကူးမည့် ဇာတ်ကားဖြစ်ကြောင်း သိရသည်။

ထိုဇာတ်ကားကို ဒါရိုက်တာ အန်တိုနီအမ်းမင်းဝေးက ကိုယ်တိုင်ဇာတ်ညွှန်းရေး၍ ကိုယ်တိုင်ရိုက်ကူးမည်ဖြစ်သည်။

မင်းသား အိုမာရီဟာ့ဝစ်နှင့် ဒါရိုက်တာ အန်တိုနီဟမ်းမင်းဝေးတို့သည် Power အမည်ရှိ ရုပ်သံဇာတ်လမ်းတွဲ၌ အတူလက်တွဲခဲ့ဖူးသူများ ဖြစ်ကြသည်။

ဒါရိုက်တာ အန်တိုနီဟမ်းမင်းဝေးသည် Red Tails ကဲ့သို့ နာမည်ကျော် ဇာတ်ကားများကို ရိုက်ကူးခဲ့သည့်အပြင် ရွှေကမ္ဘာလုံးဆုရ ဒါရိုက်တာတစ်ဦးဖြစ်သည်။

လက်ရှိအချိန်တွင် No Right Way ဇာတ်ကား ရုံတင်ပြသမည့်ရက်ကို ထုတ်လုပ်သူများက ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO



# ဂန္ထဝင်တွင်ပါသည်မေမေ ပြဇာတ်ကို SKYNET၊ Myanmar Arts မှ ပြသမည်

ရန်ကုန် ဩဂုတ် ၂၅

ရွှေမန်းချမ်းသာကတဲ့ သစ္စာမေတ္တာ ရွှေမန်းသဘင် ဖျော်ဖြေတင်ဆက်သည့် ဂန္ထဝင်တွင်ပါသည် မေမေ ပြဇာတ်ကို SKYNET ရုပ်သံလိုင်း၊ Myanmar Arts ရုပ်သံလိုင်းမှ ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း ရွှေမန်းချမ်းသာကတဲ့ သစ္စာ မေတ္တာ ရွှေမန်းသဘင်မှ ဇာတ်မင်းသားကြီး ဦးချမ်းသာက ပြောပြ၍ သိရသည်။

သဘင်သက်တမ်း နှစ်ပေါင်း ၉၀ ကျော်ရှိခဲ့ပြီဖြစ်သည့် သစ္စာမေတ္တာ ရွှေမန်းသဘင်အဖွဲ့၏ အော်ပရာ၊ စင်တင်ပြဇာတ်၊ နှစ်ပါးခွင်အလှတို့ကို Myanmar Arts ရုပ်သံလိုင်းတွင် အပတ်စဉ် စနေ၊ တနင်္ဂနွေ မွန်းတည့် ၁၂ နာရီတွင် ထုတ်လွှင့်ပေးလျက်ရှိပြီး အထူးသဖြင့် ဇာတ်မင်းသားကြီး ဦးချမ်းသာ၏ထင်ရှားကျော်ကြား လူကြိုက်များသည့် အော်ပရာနှင့် ပြဇာတ်များကို ထုတ်လွှင့်ပေးလျက်ရှိကြောင်း သိရသည်။

"ရွှေမန်းချမ်းသာကတဲ့ သစ္စာမေတ္တာ ရွှေမန်းသဘင်ကြီးရဲ့ လက်ရွေးစင် ဇာတ်လမ်းဇာတ်အိမ်တွေကို ရွေးချယ်ပြီး အချစ်၊ အလွမ်း အဆွေး ရသစုံလှတဲ့ ရွှေမန်းချမ်းသာရဲ့ ပြဇာတ်ကောင်းတွေ၊ အကအလှ တေးသံသာတွေကို SKYNET ၊ Myanmar Arts ရုပ်သံလိုင်းကနေ ပြသပေးနေပါတယ်။ လာမဲ့ စက်တင်ဘာ ၇ ရက်နဲ့ စက်တင်ဘာ ၈ ရက်တွေမှာ ဂန္ထဝင်တွင်ပါသည်မေမေ အပိုင်း (၁) ၊ (၂) ပြဇာတ်ကောင်းလေးကို ထုတ်လွှင့်ပေးမှာ ဖြစ်ပါတယ်"ဟု ဇာတ်မင်းသားကြီး ဦးချမ်းသာက ပြောပြ၍ သိရသည်။ ASH

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing meets Mandalay Region cabinet members, region and district level departmental officials and discusses regional development



Senior General Min Aung Hlaing meets departmental officials from Mandalay.

**Nay Pyi Taw August 25**

Chairman of State Administration Council Prime Minister Senior General Min Aung Hlaing met Mandalay Region cabinet members, region level departmental officials at the City Hall, Mandalay this afternoon and discussed regional development.

Also present were Joint SAC Secretary General Ye Win Oo, SAC members General Maung Maung Aye, Lt-Gen Yar Pyae, General Nyo Saw, union ministers U Min Naung, U Myo Thant, Mandalay Region Chief Minister U Myo Aung, Kachin State Chief Minister U Khet Htein Nan, Sagaing Region Chief Minister U Myat Kyaw, Magway Region Chief Minister U Tint Lwin, senior military officers from Office of Commander-in-Chief, district level departmental officials.

**Chief ministers present regional facts and farming activities**

First, the Mandalay Region chief minister, the Kachin State chief minister, the Sagaing Region chief minister, and the Magway Region chief minister reported on regional facts, regional farming activities, production, and distribution and future programs.

**Systematic undertaking of region-wise farming businesses will ensure food sufficiency**

As regards regional development, the Senior General said discussion will be centered on Mandalay Region development alongside the presentation of reports on business activities of Kachin State and Sagaing and Magway regions. Regions and states are making efforts for development of their areas, with food sufficiency as the core. Sown acreage target should be met. Multiple-cropping must be conducted, and a 200% increase in sown acreage will double the production capacity. As towns and villages in Mandalay Region are located on both banks of Ayeyawady River, the effective use of the natural watercourse will bring a lot of benefits. Sown acreage of multiple cropping in irrigated areas must be extended.

Crop yield can be increased through the application of correct seed, soil, water and technology. Success of agriculture in Mandalay, Sagaing and Magway regions and Kachin State will be greatly supportive of regional food sufficiency.

The country has to spend a lot of foreign exchange to import edible oil annually. Mandalay, Sagaing and Magway regions grow oil crops. As they are using the oil crop products as an export item and food rather than using them as raw material for milling oil, the three regions are also facing oil insufficiency. High-yield methods should be applied in oil crop cultivation and the domestic oil demand can be met by milling the surplus sesame, sunflower and groundnut of the country into oil. The three regions should grow sunflower, which is a promising oil crop, as an additional crop. Sunflower can be cultivated with the help of river water pumping stations after the monsoon paddy harvesting season. Adequate production of basic food items will benefit the relevant localities. Hence the government is encouraging MSMEs.

Our country has historically had weak domestic production industries, leading to a higher volume of imported goods compared to exports. The increasing importation has created a significant demand for foreign currency. During our government's tenure, we focused on exporting more agricultural products rather than just raw materials. Therefore, the chief ministers of regions and states are urged to work towards enhancing local production by at least 200%, and similarly, efforts should be made to improve livestock production in line with regional needs.

**Improving educational standards**

Regarding educational development, although school attendance rates have increased this academic year, only about 70% of school-age children nationwide are currently enrolled. There is a need to reopen schools that were closed for various reasons. Upon reopening, students should be provided with additional teaching to ensure they truly master their subjects. After completing middle school, students should be able to continue acquiring essential life skills. Those who pass the university entrance exams should be given opportunities to pursue higher education. To facilitate this, it is important to promote the significance of education and carry out awareness and mobilization efforts. Today's era is education, and thus the country must also continue to support educational initiatives.

**Ensuring health and fitness and promoting sports**

In terms of health, the government is facilitating the deployment of healthcare workers who have completed their studies to serve in the national healthcare sector. To ensure the nationwide implementation of healthcare services, the government is continuously appointing healthcare workers. In line with the policy that every hospital must have doctors, appointments are being made accordingly. Regarding sports, it is emphasized that efforts should be made to develop sports activities across regions and states. It is necessary to promote physical fitness, mental well-being, and technical proficiency in sports. Additionally, preparations should be made for active participation in the upcoming National Sports Festival in a way that benefits each region and state.

**Public security system involving public and free and fair elections**

Concerning security, it is necessary for individuals in each region to act with a sense of security awareness. Regarding public security, measures should be taken to ensure safety in neighborhoods, streets, and villages. Establishing security systems at the local level will significantly contribute to regional security. In terms of public security operations, it is essential to conduct checks, rechecks, and counter-checks to ensure thorough monitoring. Security measures have been disrupted in various ways, posing threats to different regions. Regarding the rule of law, broad and comprehensive efforts are required, and these must be executed with a focus on security. Security incidents have arisen due to political reasons, and the failure to address election fraud through political means has led to attempts to resolve issues through armed violence. The Tatmadaw is working to ensure that the country continues on a stable path of multi-party democracy, aligned with the nation's needs. It is necessary to implement a democratic system that is compatible with the country, as is the practice in other nations. In political actions, there should be no room for tyranny or retaliation; instead, efforts must be made to maintain peace. During the previous election, there were instances of election fraud related to voter lists, including pre-election fraud. Evidence of such fraud was found, and **it was discovered that these irregularities occurred not just in one constituency but across the entire country. Members of the NLD party, including central executive committee members and some chief ministers, were involved in these fraudulent activities. The NLD party led these actions, which included manipulating voter lists and engaging in pre-election fraud, among other tactics, representing a severe offense in the election process.**

Measures will be taken to ensure that the forthcoming election will be a free and fair election. In the coming month of October, the population and household censuses will be conducted. When its results have been announced to the nation, the voting list will be compiled, and measures of holding the election will move onward. Preparations are being made to ensure that there are no errors in making voting lists, and heads of department and officials are to work together to ensure that there will be correctness when the voting is conducted.

The Tatmadaw will continue to be able to stand firmly on the path of multi-party democracy that the people want and to do what should be done to ensure that the country will restore its original situation. To do so, it is necessary to ensure that there are the people who truly understand the nation and nationality and to win the cooperation of the people. Therefore, regarding public security, a security system must be implemented and exercised with the involvement of the people. If the people get involved in the public security system, there will be enhancement of stability and rule of law and the country's goal – a true and disciplined multi-party democratic system – could be implemented.

After the meeting, the Senior General cordially greeted the attendees. Then, the Senior General viewed the mini cotton ginning which is a type test in manufacturing of Good Brothers' Machinery Company Limited. An official briefed the Senior General on the machine. 100

# SAC Chairman Prime Minister Senior General Min Aung Hlaing inspects preservation of ancient historical religious and cultural heritages in Mandalay, pays homage to eminent pagodas





Senior General Min Aung Hlaing pays homage to the Buddha image.

**Nay Pyi Taw August 25**

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing, accompanied by his wife Daw Kyu Kyu Hla, SAC Joint Secretary General Ye Win Oo and his wife, council members General Maung Maung Aye and his wife, Lt-Gen Yar Pyae and General Nyo Saw and his wife, Union ministers U Min Naung and U Myo Thant, senior Tatmadaw officers from the Office of the Commander-in-Chief, the commander of Central Command and officials, inspected maintenance and preservation of ancient historical religious edifices and cultural heritages in Mandalay and paid homage to eminent pagodas.

**Inspecting preparation for construction of Sishay Bridge**

Arriving in the Mandalay royal city, the Senior General and party inspected maintenance of the western wall of the royal city and construction for Sishay Bridge. Deputy Minister for Religious Affairs and Culture Daw Nu Mra Zan reported on the brief history of the bridge and its evidences and Union Minister for Construction U Myo Thant on plans underway to rebuild Sishay Bridge.

In his response to the reports, the Senior General stressed the need to build the bridge in its original designs and improve the roads connecting the bridge systematically. The Senior General added that reconstruction measures must be taken systematically, and left necessary guidance.

**Maha Atulawaiyan (Atumashi) Monastery**


The Senior General, his wife and party arrived at Maha Atulawaiyan (Atumashi) Moanstery. They paid homage to Culamuni Buddha in the monastery and offered alms in the alms-bowl, fruits, flowers, water and oil lights.

The Senior General viewed keeping the image and gave guidance on perpetual existence and magnificence of the image. The Senior General and his wife donated cash to the fund for overall renovation of the monastery. The Senior General then signed the visitors' book of the monastery.

The Senior General, his wife and party viewed documentary photos on conveyance of the image and then went round the monastery to observe long term existence of the monastery and documentaries on maintenance of the building in its original works, and left necessary instructions.

**Shwenandaw Monastery (Golden Monastery)**

The Senior General, his wife and party arrived at Shwenandaw Monastery (Golden Monastery) and paid homage to the Buddha image in the monastery. Then, they viewed round wooden sculptural decorated arts and crafts, reliefs, animal and bird statues, wall reliefs and handicrafts portraying 10 major Jataka, the episode of going into the jungle, Maha Paduma Jataka and Utena Jataka inside and outside the monastery. In his guidance, the Senior General stressed the need to systematically preserve the invaluable ancient historical heritages in generations. The Senior General said that it is necessary to continuously maintain and renovate the posts of the monastery for cleanliness and tidiness. The Senior General noted that the heritages must be set in the glass fence as the restricted area for their existence. The Senior General urged officials to carefully reserve ancient heritages. If posts of the monastery are under maintenance and tidiness, it will attract larger number of travellers.



Senior General Min Aung Hlaing visits Shwenandaw Monastery.

**Maha Thetkya Marazain Kyauktawgyi Pagoda**

Then, the Senior General and wife and party proceeded to Maha Thetkya Marazin Kyauktawgyi Pagoda built by King Mindon, who organized the 5th Synod, paid obeisance to Buddha images and offered flowers and water. Afterward, the Senior General and wife presented cash donations for all-round renovation of the pagoda to the chairman and officials of the pagoda board of trustees. Then, they circled the pagoda clockwise and gave necessary instructions on the durability of the pagoda.

**Maha Dhammikarama Shwekyin Main Monastery**

Afterward, the Senior General and *See Page 14*



Senior General Min Aung Hlaing and Daw Kyu Kyu Hla make cash donation for the pagoda.



Senior General Min Aung Hlaing signs the guest book.



Senior General Min Aung Hlaing inspects the renovation of Atumashi Monastery.



*From Page 13*

wife and party continued to Maha Dhammikarama Shwekyin Main Monastery, paid obeisance to Presiding Nakaya Sayadaw Agga Maha Pandita Bhaddanta Thutivara and offered alms and the Sayadaw presented a marble Buddha image as a Dhamma gift to the Senior General and wife.

Afterward, the Senior General and wife and party paid obeisance and offered flowers and water to the Buddha image in the teak monastery, which is more than 162 years old.

Then, they inspected the maintenance to the teak monastery and paid obeisance to statues of heads of the Shwekyin sect and viewed the photo gallery before giving necessary instructions on reports of officials for durability of the monastery and other needs.

**Mya Nan San Kyaw Golden Palace**

Afterward, the Senior General and party inspected the maintenance of the Mya Nan San Kyaw Golden Palace in the Mandalay Palace, where Deputy Minister for Religious Affairs and Culture Daw Nu Mya Zan and officials reported to the Senior General on conservation of palace buildings and implementation of instructions given by the Senior General during his visit in May, 2023. The Senior General gave necessary instructions to them.

Then, the Senior General and party inspected historical documentary photographs and the display of royal household items and gave necessary instructions. 100





Senior General Min Aung Hlaing inspects the site chosen for construction of Mandalay city walls and bridge.



Senior General Min Aung Hlaing visits Shwekyin Monastery.



Senior General Min Aung Hlaing hears report on the site chosen for construction of Mandalay city walls and bridge.

# Public Notice for Elimination of Violence

1. Declaring themselves to be “for the people”, the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting “CRPH”, “NUG”, and “PDF” terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## အိန္ဒိယနိုင်ငံက Su-30 MKI တိုက်လေယာဉ်များကို အဆင့်မြှင့်တင်ရန် ရည်ရွယ်ထား



အိန္ဒိယနိုင်ငံကာကွယ်ရေး သုတေသန တိုးတက်ဖွံ့ဖြိုးရေးအဖွဲ့အစည်း (DRDO) သည် AFAR နည်းပညာဖြင့် ခေတ်မီရေဒါ များတပ်ဆင်ခြင်းဖြင့် Su-30MKI တိုက်လေယာဉ်များကို အဆင့်မြှင့်တင်ရန် ရည်ရွယ်ထားကြောင်း အတည်ပြုပြောကြားခဲ့ပြီး ၎င်းစီမံကိန်းကို Virupaksha ဟု အမည်ပေးထားကြောင်း Army Recognition သတင်းဌာနက ဩဂုတ် ၂၂ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

DRDO လက်စွဲစာစောင်တွင် ရှင်းပြထားသည့်အတိုင်း ရေဒါအသစ်သည် ဝေဟင်ထောက်လှမ်းခြင်း၊ ပစ်မှတ်နှင့် လက်နက်ထိန်းချုပ်ခြင်းတို့ကို တစ်ပြိုင်နက် လုပ်ဆောင်ပေးနိုင်သည့် အဆင့်မြင့်စွမ်းရည်များပါရှိမည်ဟု မျှော်လင့်ရသည်။

အဆိုပါစီမံကိန်း၏ အထင်ရှားဆုံးသော အင်္ဂါရပ်များထဲမှတစ်ခုမှာ ရေဒါ၏လည်ပတ်မှုတွင်အင်တင်နာတည်နေရာပြကိရိယာကို အသုံးပြုနိုင်ခြင်းဖြစ်သည်။ ဤတည်နေရာပြ စက်ပစ္စည်းကိရိယာသည် အင်တင်နာကို အနေအထားပြောင်းနိုင်စေပြီး မြင်ထောင့်နှင့် ညွှန်းရပ်အပိုင်းတွင် လေယာဉ်မှမြင်ကွင်းကို သိသိသာသာ ပိုမိုချဲ့ထွင်ပေးနိုင်သည်။ ၎င်းသည် ရေဒါ၏ အလုံးစုံစွမ်းဆောင်ရည်နှင့် ဘက်စုံအသုံးပြုနိုင်မှုကို ကောင်းစွာ မြှင့်တင်ပေးနိုင်မည်ဖြစ်သည်။

နည်းပညာပိုင်းအရ AFAR (Antenna àFaisceau àAntenne Réseau) သို့မဟုတ် Active Electronically Scan-ned Array (AESA) အင်တင်နာ၏ အယူအဆသည် သမားရိုးကျ စက်ပိုင်းဆိုင်ရာ စကင်န်ဖတ်လေ့ရှိသော(Mechanically Scanned)ရေဒါများထက်များစွာတိုးတက်ကောင်းမွန်စေမည့် အဆင့်မြင့်ရေဒါနည်းပညာတစ်ခုဖြစ်သည်။ Variable-position Antenna ဟူသော အသုံးအနှုန်းသည် အင်တင်နာကိုလိုက်ပါမရွေ့လျားဘဲ ၎င်းတို့၏ ရေဒီယိုလှိုင်းများကို အီလက်ထရွန်နစ်နည်းဖြင့် ထိန်းကျောင်းနိုင်သော ရေဒါများ၏ စွမ်းဆောင်ရည်ကို ရည်ညွှန်းခြင်းဖြစ်သည်။

အလင်းတန်းကို အီလက်ထရွန်နစ်စနစ်ဖြင့် ထိန်းကျောင်းနိုင်မှုမှာ ရေဒါသည် အာကာသကို အင်တင်နာလိုက်ပါလှုပ်ရှား၍ စက်ပိုင်းဆိုင်ရာစကင်န်ဖတ်ထားသော ရေဒါထက် များစွာပိုမိုလျင်မြန်စွာ စကင်န်ဖတ် ထောက်လှမ်းနိုင်စေခြင်းဖြစ်သည်။ ရလဒ်အနေဖြင့် AFAR ရေဒါသည် ပတ်ဝန်းကျင်အခြေအနေများကို စကင်န်ဖတ်နေစဉ် ပစ်မှတ်အများအပြားကို တစ်ပြိုင်နက်တည်းခြေရာခံနိုင်ပြီး လွှမ်းခြုံထောက်လှမ်းနိုင်မှုနှင့် တန်ပြန်လုပ်ဆောင်မှုတို့တွင် မြင့်မားကောင်းမွန်လာစေမည်ဖြစ်ကြောင်း သိရသည်။

Virupaksha စီမံကိန်းသည် စက်ပိုင်းထိန်းကျောင်းနိုင်သော (Mechanically) အင်တင်နာများနှင့် ပါဝါမြင့်မားသည့် လှိုင်းထုတ်လွှင့်စက်(High-power Transmitters) များကို အီလက်ထရွန်နစ်နည်းဖြင့် ထိန်းကျောင်းလုပ်ဆောင်နိုင်သော Electronically Steered Array အင်တင်နာများဖြင့် အစားထိုးအသုံးပြုသွားနိုင်ရေးပင်ဖြစ်သည်။

ထိုသို့ဆိုလျှင် Su-30MKI တိုက်လေယာဉ်တွင် ပစ်မှတ်များစွာကိုတစ်ပြိုင်နက်ခြေရာခံနိုင်သည့် ပိုမိုပြောင်းလွယ်ပြင်လွယ်ရှိသော စွယ်စုံသုံးရေဒါစနစ် တပ်ဆင်သုံးနိုင်လိမ့်မည်ဖြစ်သည်။ ထွက်ပေါ်လာမည့် ရေဒါအသစ်၏ အကွာအဝေးကြောင့် Su-30MKI တိုက်လေယာဉ်ကို လေကြောင်းကြိုတင်သတိပေးရေး လေယာဉ်အငယ်စားလေးအဖြစ်သို့ ပြောင်းလဲပေးမည်ဖြစ်ပြီး ၎င်းသည် အိန္ဒိယလေတပ်အတွက် ကြောက်မက်ဖွယ်ကောင်းသော လေကြောင်းစွမ်းအားတစ်ခု ဖြစ်လာလိမ့်မည်ဖြစ်သည်။ Virupaksha ရေဒါကို Su-30s ပထမအသုတ် ၈၄ စင်းတွင် ကနဦး တပ်ဆင်ပေးသွားမည်ဖြစ်သည်။ ယခင်ကလည်း တရုတ်နိုင်ငံပိုင် Su-30 တိုက်လေယာဉ်များတွင် AFAR ရေဒါများ တပ်ဆင်အသုံးပြုခဲ့ကြောင်း သိရသည်။

**Su-30 Becoming AWACS: India Wants to Equip Fighter Jets with Variable-Antenna-Position Radar ကို ဘာသာပြန်ဆိုထားပါသည်။**

## နော်ဝေနိုင်ငံထုတ် Piorun ပခုံးထမ်းဒုံး လေကြောင်းရန်ကာကွယ်ရေးစနစ် ပထမဆုံး Live-Fire စမ်းသပ်မှုအောင်မြင်

နော်ဝေတပ်မတော်သည် Piorun ပခုံးထမ်းဒုံးလေကြောင်းရန်ကာကွယ်ရေးစနစ်ကို ပထမဆုံးအကြိမ် Live-Fire စမ်းသပ်မှုအောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ကြောင်း The Defense Post သတင်းဌာနက ဩဂုတ် ၂၁ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ရုရှားနိုင်ငံနှင့် နယ်နိမိတ်ချင်း ထိစပ်နေသောဒေသတွင် ပြုလုပ်ခဲ့သော Live-Fire စမ်းသပ်မှုတစ်ရပ်၌ BLV လေကြောင်းရန်ကာကွယ်ရေးတပ်ဖွဲ့သစ်က အဆိုပါ ပခုံးထမ်းဒုံး လေကြောင်းရန်ကာကွယ်ရေးစနစ်သစ်ကို စမ်းသပ်ပစ်ခတ်ပြခဲ့ခြင်းလည်းဖြစ်သည်။

မည်သည့်ပစ်မှတ်အမျိုးအစားအသုံးပြုခဲ့သည် သို့မဟုတ် ဒုံးလက်နက်စနစ်အနေဖြင့် စမ်းသပ်မှုရည်မှန်းချက်များအတိုင်း အောင်မြင်စွာပြုလုပ်နိုင်ခဲ့ခြင်း ရှိ၊ မရှိကိုမူ ရှင်းရှင်းလင်းလင်းထုတ်ပြန်ထားခြင်းမျိုးမရှိပေ။

“ဆိုလိုတာက ရန်သူအတွက် လွယ်လွယ်ကူကူ လေပိုင်နက်ထဲဝင်ရောက်လာဖို့မဖြစ်နိုင်ဘဲ ဒီလိုမျိုး တန်ပြန်ခြိမ်းခြောက်မှုတွေကို ရင်ဆိုင်ရမယ်ဆိုတဲ့ အဓိပ္ပာယ်ပါ။ ဒီအချိန်မှာ သူတို့ဘက်က ကျွန်တော်တို့လက်နက်စနစ်စွမ်းနိုင်တဲ့ အမြင့်ထက်ပိုမြင့်အောင် ပျံသန်းဝင်ရောက်ရမယ်၊ ဘေးနံနေရာတွေပေါ်မှာပဲ ပျံသန်းနေရမယ်၊ ဒါမှမဟုတ် ပျံသန်းဝင်ရောက်လာဖို့တောင် သတ္တိရှိမှာမဟုတ်တော့ပါဘူး” ဟု ဥရောပမြောက်ဖျား Finnmark ကြည်းတပ်မှ ဗိုလ်မှူးကြီး Jorn Qviller က ပြောကြားခဲ့သည်။

Piorun သည် အနိမ့်ပျံသန်းဝင်ရောက်လာနိုင်မည့် ရန်သူ့ရဟတ်ယာဉ်များနှင့် ဒရုန်းများကို ပျက်ပြယ်စေရန် နော်ဝေတပ်မတော်မှ အလွှာလိုက် လေကြောင်းရန်ကာကွယ်ရေး ဖော်ဆောင်နေမှု၏ တစ်စိတ်တစ်ပိုင်းလည်းဖြစ်သည်။

ဝင်ရောက်လာမည့် ရန်သူများကို ၎င်းတို့၏နည်းဗျူဟာများကို ပြောင်းလဲကျင့်သုံးရန် သို့မဟုတ် တိုက်ခိုက်ရေးမစ်ရှင်များကိုစွန့်လွှတ်စေရန် ရည်ရွယ်ချက်ဖြင့် ပထမဆုံး ကာကွယ်ရေးအလွှာအတွက် ရည်ရွယ်ထုတ်လုပ်ထားခြင်းဖြစ်သည့် လက်နက်စနစ်လည်းဖြစ်သည်။



Piorun ပခုံးထမ်းဒုံးလေကြောင်းရန်ကာကွယ်ရေးစနစ်ကို စစ်သည်တစ်ဦးတည်းဖြင့် တိုက်ပွဲဝင်လုပ်ဆောင်နိုင်ပြီး ရန်သူ၏ တန်ပြန်ပစ်ခတ်မှုကိုရှောင်ရှားရန် ပစ်ပြီးမေ့ပစ်လိုက်နိုင်သော Fire and Forget စနစ်မျိုးဖြစ်သည်။ ၎င်းသည် အမြင့်ပေ လေးကီလိုမီတာ၊ အကွာအဝေး ၆ ဒသမ ၅ ကီလိုမီတာထိ ပစ်မှတ်များကို တိုက်ခိုက်နိုင်သည်ဟု သိရသည်။ နော်ဝေတပ်မတော်အနေဖြင့် လူတစ်ကိုယ် သယ်ဆောင်တိုက်ပွဲဝင်နိုင်သော ပခုံးထမ်း လေကြောင်းရန်ကာကွယ်ရေးစနစ်များကို ၂၀၂၃ ခုနှစ် ဒီဇင်ဘာလတွင် စတင်လက်ခံရရှိခဲ့ပြီး ဥရောပမြောက်ပိုင်း Finnmark ဒေသတွင် တပ်ဖြန့်ချထားခဲ့သည်။ Live-Fire တိုက်ရိုက်ပစ်ခတ်စမ်းသပ်မှုအပြီးတွင် နော်ဝေနိုင်ငံသည် အဆိုပါ Piorun ဒုံးကျည်များကို ကျန်ရှိနေသေးသော အခြားတပ်မ၊ တပ်ရင်း၊ တပ်ဖွဲ့များထံ လွှဲပြောင်းပေးအပ်ရန် စီစဉ်ထားကြောင်းလည်း သိရသည်။

**Norway’s Piorun Air Defense System Completes First Live-Fire Test ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က ပဉ္စမသင်္ဂါယနာတင် ဘဝရှင်မင်းတုန်းမင်းတရားကြီး တည်ထားကိုးကွယ်တော်မူသော မဟာသက္ကျမာရဇိန်ကျောက်တော်ကြီးဘုရားတွင် လှည့်လည်ကြည့်ရှုစဉ်။

ရှေ့ဖုံးမှအဆက်

ထိန်းသိမ်းထားရှိမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တန်ခိုးကြီးဘုရားစေတီများအား ဖူးမြော်ကြည်ညိုသည်။

**စည်ရှည်တံတားဆောက်လုပ်ရေး ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး**


ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မန္တလေးနန်းမြို့တွင်းသို့ ရောက်ရှိကြပြီး နန်းမြို့အနောက်ဘက်ရှိ မြို့ရိုး ထိန်းသိမ်းထားရှိမှုနှင့် စည်ရှည် တံတားအား ပြန်လည်တည်ဆောက်နိုင်ရေး ဆောင်ရွက်လျက်ရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဇံက စည်ရှည်တံတား၏သမိုင်း အကျဉ်းနှင့် ယခင်တံတားအဟောင်း အထောက်အထား အချက်အလက်များကို လည်းကောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က စည်ရှည်တံတား ပြန်လည်တည်ဆောက် မည့် အခြေအနေများကိုလည်းကောင်း အသီးသီးရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်က တံတားပြန်လည်တည် ဆောက်ရာတွင် ရှေးမူမပျက် မူလပုံစံ အတိုင်း တည်ဆောက်သွားရန်လိုကြောင်း၊ တံတားနှင့်ဆက်စပ်လျက်ရှိသည့် လမ်း များကိုလည်း စနစ်တကျဆောင်ရွက်ရန် လိုကြောင်း၊ ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများဆောင်ရွက်ရာတွင်လည်း စနစ် တကျ ဆောင်ရွက်သွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန် မှာကြားသည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က ရွှေနန်းတော်ကျောင်း(ရွှေကျောင်း)အတွင်း၊အပြင်ရှိ မြန်မာမှုသစ်သားပန်းပုအခြေခံ ခြူးပန်းခြူးနွယ်အပြောက်အမွမ်းများ၊ ရုပ်လုံးရုပ်ကြွများ၊ ကျေးငှက်တိရစ္ဆာန်ရုပ်များ၊ နံရံကပ်ရုပ်ကြွများ၊ အတွင်းမာရဘင်အရှေ့ပိုင်းကွန်းစင်တိုင်အခြေတွင် ထုဆစ်ပူဇော်ထားသည့် ဇာတ်ကြီးဆယ်ဘွဲ့၊ တောထွက်ခန်း၊ မဟာပဒုမဇာတ်၊ ဥတေနဇာတ်တော်တို့ကို အနုစိတ်ထုဆစ်ပူဇော်ထားရှိမှုများကို လှည့်လည်ကြည့်ရှုစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က စည်ရှည်တံတား ပြန်လည်တည်ဆောက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြစဉ်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စည်ရှည်တံတား ပြန်လည် တည်ဆောက်နိုင်ရေး ဆောင်ရွက်လျက်ရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

**မဟာအတုလဝေယန်(အတုမရှိ) ကျောင်းတော်ကြီး**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် မဟာအတုလဝေယန် (အတုမရှိ) ကျောင်းတော်ကြီးသို့ရောက်ရှိကြ ပြီး ကျောင်းတော်ကြီးအတွင်းရှိ စူဠာမုနိ ရုပ်ရှင်တော်ဘွဲ့အမည်ခံ ရုပ်ပွားဆင်းတုတော် ကြီးအား ဖူးမြော်ကြည်ညိုကာ မြသပိတ် ဆွမ်းတော်၊ သစ်သီး၊ ပန်း၊ သောက်တော် ရေချမ်းနှင့် ဆီမီးတို့ကို ကပ်လှူပူဇော်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် စူဠာမုနိရုပ်ရှင်တော်ဘွဲ့အမည်ခံ ရုပ်ပွားတော် မြတ်ကြီး ပင့်ဆောင်ထားရှိမှုအခြေအနေများ အားကြည့်ရှု၍ ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် ကြည်ညိုသပ္ပာယ်စွာရှိစေရေး လိုအပ်သည် များကို ဆောင်ရွက်သွားရန်မှာကြားကာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့က မဟာ အတုလဝေယန်(အတုမရှိ) ကျောင်းတော် ကြီး ထိန်းသိမ်းရေးအတွက် ဘက်စုံ အလှူတော်ငွေများကို ပေးအပ်လှူဒါန်း သည်။ ၎င်းနောက် နိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မဟာအတုလဝေယန်(အတုမရှိ) ကျောင်း တော်ကြီး ဧည့်သည်တော်မှတ်တမ်းစာအုပ် တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုး သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် စူဠာမုနိရုပ်ရှင်တော် ဘွဲ့အမည်ခံ ရုပ်ပွားတော်မြတ်ကြီး ပင့်ဆောင်ခဲ့မှု မှတ်တမ်းဓာတ်ပုံများအား ကြည့်ရှုကာ မဟာအတုလဝေယန်(အတုမရှိ)




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ မဟာအတုလဝေယန်(အတုမရှိ)ကျောင်းတော်ကြီးအတွင်းရှိ စူဠာမုနိရုပ်ရှင်တော် ဘွဲ့အမည်ခံ ရုပ်ပွားဆင်းတုတော်ကြီးအား ဖူးမြော်ကြည်ညိုပြီး မြသပိတ်ဆွမ်းတော်၊ သစ်သီး၊ ပန်း၊ သောက်တော်ရေချမ်းနှင့် ဆီမီးတို့ကို ကပ်လှူပူဇော်စဉ်။

များ၊ အတွင်းမာရဘင်အရှေ့ပိုင်းကွန်းစင်တိုင်အခြေတွင် ထုဆစ်ပူဇော်ထားသည့် ဇာတ်ကြီးဆယ်ဘွဲ့၊ တောထွက်ခန်း၊ မဟာပဒုမဇာတ်၊ ဥတေနဇာတ်တော်တို့အား အနုစိတ်ထုဆစ်ပူဇော်ထားရှိမှုများကို ကြည့်ရှုပြီး တန်ဖိုးမဖြတ်နိုင်သည့် ရှေးဟောင်းသမိုင်းဝင်အမွေအနှစ်လက်ရာများ ဖြစ်သည့်အတွက် စနစ်တကျဖြင့် လက်ဆင့်ကမ်းထိန်းသိမ်းစောင့်ရှောက်သွားကြရမည် ဖြစ်ကြောင်း၊ ကျောင်းတော်ကြီးအတွင်းရှိ တိုင်လုံးများ သပ်ရပ်မှုနှင့် ကြံ့ခိုင်မှုရှိအောင် စဉ်ဆက်မပြတ် မွမ်းမံထိန်းသိမ်းဆောင်ရွက်သွားရန်လိုကြောင်း၊ အမွေအနှစ်လက်ရာများကို ရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက် မှန်ကာရံခြင်းများ၊ ကန့်သတ်ဧရိယာထားရှိခြင်းများ ဆောင်ရွက်ထားရှိရန်လိုကြောင်း၊ ရှေးဟောင်း အမွေအနှစ်လက်ရာများဖြစ်သည့်အတွက် အထူးဂရုပြုထိန်းသိမ်းစောင့်ရှောက်သွားရန်လိုကြောင်း၊ ရွှေကျောင်းကျောင်းတော်ကြီးအား လက်ယာရစ်လှည့်လည်၍ ကျောင်းတော်ကြီးရေရှည်တည်တံ့ခိုင်မြဲရေး၊ နဂိုမူလရှေးဟောင်းအမွေအနှစ်လက်ရာများအတိုင်း လက်ရာမပျက်ထိန်းသိမ်းစောင့်ရှောက်ရေး မှတ်တမ်းများကို ပြန်လည်ကြည့်ရှုလေ့လာ၍ ဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

### ရွှေနန်းတော်ကျောင်း(ရွှေကျောင်း)

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အဖွဲ့ဝင်များသည် ရွှေနန်းတော်ကျောင်း(ရွှေကျောင်း)သို့ ရောက်ရှိကြပြီး ကျောင်းတော်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုသည်။ ထို့နောက် ကျောင်းတော်ကြီးအတွင်း၊အပြင်ရှိ မြန်မာမှုသစ်သားပန်းပုအခြေခံ ခြူးပန်းခြူးနွယ်အပြောက်အမွမ်းများ၊ ရုပ်လုံးရုပ်ကြွများ၊ ကျေးငှက်တိရစ္ဆာန်ရုပ်များ၊ နံရံကပ်ရုပ်ကြွတော်ကြီး၏ အောက်ခြေတိုင်များ ခိုင်ခံ့နေစေရေး ထိန်းသိမ်းဆောင်ရွက်သွားရန်နှင့် သန့်ရှင်းသပ်ရပ်မှုရှိအောင် ထိန်းသိမ်းဆောင်ရွက်မည်ဆိုပါက လာရောက်လေ့လာသူများကိုလည်း ပိုမိုဆွဲဆောင်နိုင်မည်ဖြစ်ကြောင်းဖြင့် မှာကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စူဠာမုနိရုပ်ရှင်တော်ဘွဲ့အမည်ခံ ရုပ်ပွားတော်မြတ်ကြီး ပင့်ဆောင်ခဲ့မှု မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က မဟာအတုလဝေယန်(အတုမရှိ) ကျောင်းတော်ကြီးထိန်းသိမ်းရေးအတွက် ဘက်စုံအလှူတော်ငွေများကို ပေးအပ်လှူဒါန်းစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က မဟာအတုလဝေယန်(အတုမရှိ)ကျောင်းတော်ကြီးတွင် လှည့်လည်ကြည့်ရှုစဉ်။

### မဟာသကျမာရဇိန် ကျောက်တော်ကြီးဘုရား

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အဖွဲ့ဝင်များသည် ပဉ္စမသင်္ဂါယနာတင် ဘဝရှင်မင်းတုန်းမင်းတရားကြီး တည်ထားကိုးကွယ်တော်မူသော မဟာသကျမာရဇိန် ကျောက်တော်ကြီးဘုရားသို့ ရောက်ရှိဖူးမြော်ကြည်ညိုကြပြီး ပန်း၊ရေချမ်း ကပ်လှူပူဇော်သည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့က ဘုရားကြီးဘက်စုံပြုပြင်မွမ်းမံရန်အတွက် အလှူတော်ငွေများကို စာမျက်နှာ ၁၈ သို့




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နန်းမြို့အနောက်ဘက်ရှိ မြို့ရိုးထိန်းသိမ်းထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

စာမျက်နှာ ၁၇ မှအဆက်


ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လက်ခံရယူသည်။ ယင်းနောက် ဘုရားကြီးအား လက်ယာရစ် လှည့်လည်ဖူးမြော်ကြည်ညိုခဲ့ပြီး ဘုရားကြီး ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

## မဟာခမ္မိကာရာမ ရွှေကျောင်တိုက်မကြီး

၎င်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် မဟာခမ္မိကာရာမရွှေကျောင်တိုက်မကြီးသို့ ရောက်ရှိကြပြီး ဦးစီးပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တထုတိဝရအား



မဟာခမ္မိကာရာမ ရွှေကျောင်တိုက်မကြီး ဦးစီးပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တထုတိဝရက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့အား ဓမ္မဒါနအဖြစ် ကျောက်ဆစ် ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မန္တလေးနန်းမြို့တွင်းရှိ မြနန်းစံကျော်ရွှေနန်းတော်ကြီး ထိန်းသိမ်းထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကျွန်းကျောင်းတော်ကြီး ပြန်လည်ပြုပြင်ထိန်းသိမ်းထားရှိမှုများကို လှည့်လည်ကြည့်ရှုစဉ်။

ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး မဟာခမ္မိကာရာမ ရွှေကျောင်တိုက်မကြီး ဦးစီးပဓာနနာယက ဆရာတော်ကြီးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့အား ဓမ္မဒါနအဖြစ် ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပြန်လည်ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၊ ဇနီးနှင့် အဖွဲ့ဝင်များသည် သက်တမ်း ၁၆၂ နှစ်ကျော်သက်တမ်းရှိ ကျွန်းကျောင်းတော်ကြီးရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညို၍ ပန်း၊ ရေချမ်းများ ကပ်လှူပူဇော်သည်။

ထို့နောက် ကျွန်းကျောင်းတော်ကြီး ပြန်လည်ပြုပြင်ထိန်းသိမ်းထားရှိမှုများနှင့် ကျွန်းကျောင်းတော်ကြီးအတွင်းရှိ ရွှေကျင်သာသနာပိုင်ဆရာတော်ကြီးများ၏ ပုံတူရုပ်တုတော်များကို ဖူးမြော်ကြည့်ရှုပြီး ခေတ်ပုံပြခန်းအားကြည့်ရှု၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ကျောင်းတော်ကြီး ရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက် ထိန်းသိမ်းဆောင်ရွက်ရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

## မြနန်းစံကျော် ရွှေနန်းတော်ကြီး

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မန္တလေးနန်းမြို့တွင်းရှိ မြနန်းစံကျော်ရွှေနန်းတော်ကြီး ထိန်းသိမ်းထားရှိမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဇံနှင့် တာဝန်ရှိသူများက ရွှေနန်းတော်ကြီးနှင့် အဆောင်တော်များ ထိန်းသိမ်းထားရှိမှု အခြေအနေများနှင့် ၂၀၂၃ ခုနှစ် မေလအတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် လာရောက်စစ်ဆေးစဉ် လမ်းညွှန်မှာကြားချက်များအား လိုက်နာဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ နိုင်ငံတော်စီမံ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မန္တလေးနန်းမြို့အတွင်းရှိ မြနန်းစံကျော်ရွှေနန်းတော်ကြီး ထိန်းသိမ်းထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များမှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြနန်းစံကျော် ရွှေနန်းတော်ကြီး သမိုင်းမှတ်တမ်းဓာတ်ပုံများနှင့် နန်းတွင်းအသုံးအဆောင်ပစ္စည်းများ ခင်းကျင်းပြသမှုများကို ကြည့်ရှုကာ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးနှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားစဉ်။

☆ **ကျောဖုံးမှအဆက်**

ဒုတိယဗိုလ်ချုပ်ကြီးရာပြည်၊ ဗိုလ်ချုပ်ကြီး ညိုစော၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမင်းနောင်၊ ဦးမျိုးသန့်၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးနှင့် ခရိုင်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက ဒေသဆိုင်ရာအချက်အလက်များနှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်း ဆောင်ရွက်နိုင်မှုများအား အသီးသီးတင်ပြ**

ဦးစွာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်တို့က ဒေသဆိုင်ရာအချက်အလက်များ၊ ဒေသတွင်းစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုနှင့် ထုတ်ကုန်များ ထုတ်လုပ်ရောင်းချနိုင်မှု အခြေအနေများနှင့် ရှေ့ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေများကို အသီးသီး ရှင်းလင်းတင်ပြကြသည်။

**ဒေသအလိုက် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကို စနစ်တကျဆောင်ရွက်မည်ဆိုပါက စားရေရိက္ခာဖူလုံစေမည်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားရာတွင် မန္တလေးတိုင်းဒေသကြီး၏ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားရန်ဖြစ်ပြီး ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးတို့၏ လုပ်ငန်းဆောင်ရွက်မှုများကိုလည်း တစ်ဆက်တည်း တင်ပြစေခဲ့ခြင်းဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မိမိတို့ဒေသများ၏ ဖွံ့ဖြိုးတိုးတက်မှုများကို ကြိုးပမ်းဆောင်ရွက်လျက်ရှိကြကြောင်း၊ အဓိကအားဖြင့် စားရေရိက္ခာဖူလုံရေးပင်ဖြစ်ပြီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို စနစ်တကျဖြင့် ဆောင်ရွက်မည်ဆိုပါက စားရေရိက္ခာဖူလုံမည်ဖြစ်ကြောင်း၊ စိုက်ဧကများအလိုက် ပန်းတိုင်ရည်မှန်းချက်ပြည့်မီအောင် စိုက်ပျိုးရန်လိုပြီး သီးထပ်များ စိုက်ပျိုးရန်လည်းလိုကြောင်း၊ အနည်းဆုံး သီးထပ် ၂၀၀ ရာခိုင်နှုန်း စိုက်ပျိုးနိုင်ရန်လိုပြီး ထိုသို့စိုက်ပျိုးနိုင်မည်ဆိုပါက အထွက်နှုန်းများ နှစ်ဆတိုးလာမည်ဖြစ်ကြောင်း၊ မန္တလေးတိုင်းဒေသကြီးရှိ မြို့ရွာများသည် ဧရာဝတီမြစ်၏ဝဲယာတွင်ရှိပြီး စနစ်တကျဖြင့် အကျိုးရှိအောင်အသုံးချနိုင်မည်ဆိုပါက များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ အလားတူ ဆည်ရေသောက်ရေဧရိယာများမှ သီးထပ်စွမ်းအားများကိုလည်း မြင့်တက်လာအောင် ဆောင်ရွက်နိုင်ရန်လိုကြောင်း။

စိုက်ပျိုးရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် မျိုး၊ မြေ၊ ရေ၊ နည်း စသည့် နည်းလမ်းလေးသွယ်ဖြင့် စနစ်တကျ ဆောင်ရွက်မည်ဆိုပါက အထွက်နှုန်းများ အောင်မြင်တိုးတက်လာမည်ဖြစ်ကြောင်း၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့အနေဖြင့်လည်း စိုက်ပျိုးရေးလုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသတွင်း စားရေးဖူလုံမှုကို များစွာအထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း။

စားသုံးဆီနှင့်ပတ်သက်၍ မိမိတို့နိုင်ငံအနေဖြင့် ပြည်ပမှ စားသုံးဆီများကို နှစ်စဉ်တင်သွင်းနေရသဖြင့် နိုင်ငံခြားငွေများကို သုံးစွဲရလျက်ရှိကြောင်း၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် ဆီထွက်သီးနှံများကို စိုက်ပျိုးကြကြောင်း၊ သို့သော် ဆီထွက်သီးနှံများကို ဆီအဖြစ်ထုတ်ယူသုံးစွဲခြင်းထက် ပို့ကုန်များအဖြစ် တင်ပို့ခြင်းနှင့် တိုက်ရိုက်စားကုန်များအဖြစ် စားသုံးခြင်းများကြောင့် ဒေသတွင်း ဆီလိုအပ်ချက်များ ဖြစ်ပေါ်လျက်ရှိကြောင်း၊ အဆိုပါဆီထွက်သီးနှံများကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက အထွက်နှုန်းများ ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း၊ ပြည်တွင်းမှ ထွက်ရှိသည့် ပိုလျှံဆီထွက်သီးနှံနှမ်း၊ နေကြာနှင့် မြေပဲတို့ကို စားသုံးဆီအဖြစ် ကြိတ်ခွဲဆောင်ရွက်မည်ဆိုပါက ပြည်တွင်းစားသုံးဆီလုံလောက်မှုရှိနိုင်မည်ဖြစ်ကြောင်း၊ ဆီထွက်သီးနှံများတွင် နေကြာသည်လည်း ဆီထုတ်လုပ်မှုကို များစွာအထောက်အကူပြုနိုင်မည်ဖြစ်သဖြင့် မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးတို့တွင် သီးထပ်စိုက်ပျိုးသွားရန်လိုကြောင်း၊ မိုးစပါးစိုက်ပျိုးပြီးချိန်တွင် နေကြာစိုက်ပျိုးမည်ဆိုပြီး မြစ်ရေတင်စီမံကိန်းများဖြင့် အောင်ရေရရှိအောင် စိုက်ပျိုးနိုင်ကြောင်း၊ အလားတူ အခြေခံလိုအပ်ချက်ဖြစ်သည့် စားသောက်ကုန်ပစ္စည်းများကို ဒေသတွင်း၌ လုံလောက်စွာထုတ်လုပ်နိုင်မည်ဆိုပါက ဒေသအတွက် များစွာအကျိုးဖြစ်ထွန်းစေနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် အသေးစား၊ အငယ်စားနှင့် အလတ်စား MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အားပေးဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

မိမိတို့နိုင်ငံသည် ခေတ်အဆက်ဆက်တွင် ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများ အားနည်းခဲ့ပြီး ပြည်ပပို့ကုန်နှင့် ပြည်ပသွင်းကုန်များတွင် ပြည်ပသွင်းကုန်များ ပိုမိုများပြားခဲ့သည်ကို တွေ့ရှိရကြောင်း၊ ပြည်ပမှတင်သွင်းရမှုများ များပြားခဲ့သဖြင့် နိုင်ငံခြားငွေ လိုအပ်ချက်များဖြစ်ပေါ်ခဲ့ကြောင်း၊ မိမိတို့အစိုးရ တာဝန်ယူဆောင်ရွက်ချိန်တွင် သယံဇာတပစ္စည်းများ တတ်နိုင်သမျှတင်ပို့ခြင်းမရှိခဲ့ဘဲ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းမှ ထွက်ရှိသည့် ထွက်ကုန်များကို ပိုမိုတင်ပို့ခဲ့ကြောင်း၊ ထို့ကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် မိမိတို့ဒေသအလိုက် ကုန်ထုတ်လုပ်မှုများ တိုးတက်စေရေးနှင့် သီးထပ်စွမ်းအား အနည်းဆုံး ၂၀၀ ရာခိုင်နှုန်းတိုးတက်အောင် ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း၊ အလားတူ မွေးမြူရေးလုပ်ငန်းများကိုလည်း ဒေသအလိုက် တိုးတက်အောင် ဆောင်ရွက်သွားကြစေလိုကြောင်း။

**ပညာရည်မြင့်မားရေး**

ပညာရည်တိုးတက်ရေးနှင့်ပတ်သက်၍ ယခုပညာသင်နှစ်တွင် ကျောင်းတက်ရာခိုင်နှုန်းပိုမိုမြင့်မားလာသည်ကို တွေ့ရှိရသော်လည်း နိုင်ငံတစ်ဝန်းလုံး၏ကျောင်းနေအရွယ်ရာခိုင်နှုန်း၏ ၇၀ ရာခိုင်နှုန်းခန့်သာ ရှိနေသေးကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် ပိတ်ထားရသည့်ကျောင်းများ ပုံမှန်အတိုင်း ပြန်လည်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ပေးရန်လိုကြောင်း၊ အဆိုပါကျောင်းများ ပြန်လည်ဖွင့်လှစ်ချိန်တွင်လည်း ကျောင်းသား၊ ကျောင်းသူများကို အချိန်ပိုသင်ကြားပေးပြီး အတန်းပညာများ အမှန်တကယ်တတ်မြောက်အောင် သင်ကြားပေးရန်လိုကြောင်း၊ အခြေခံပညာအလယ်တန်းအဆင့်အထိ သင်ယူပြီးပါက ဘဝတိုးတက်ရေးအတွက် လိုအပ်သည့် အတတ်ပညာများကို ဆက်လက်သင်ယူနိုင်ကြောင်း၊ တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသည့် ကျောင်းသား၊ ကျောင်းသူများအားလုံးကိုလည်း အဆင့်မြင့်ပညာ ဆက်လက်သင်ယူနိုင်ရေးဆောင်ရွက်ပေးရန်လိုကြောင်း၊ ထိုသို့ ပညာသင်ကြားနိုင်ရန်အတွက် ပညာရေး၏ အရေးပါမှုကို သဘောပေါက်နားလည်နိုင်စေရေး ပညာပေးခြင်း၊ စည်းရုံးခြင်းများဖြင့် ဆောင်ရွက်သွားရန်လိုကြောင်း၊ ယနေ့ခေတ်သည် ပညာခေတ်ဖြစ်သဖြင့် နိုင်ငံအတွက် ပညာတတ်များစွာ လိုအပ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အနေဖြင့်လည်း ပညာရေးကို အားပေးဆောင်ရွက်လျက်ရှိကြောင်း။

စာမျက်နှာ ၂၀ သို့

**မဲမသမာမှုများသည် မဲဆန္ဒနယ်တစ်ခုတည်းတွင် ဖြစ်ပေါ်ခဲ့ခြင်းမဟုတ်ဘဲ ဒေသအလိုက် တစ်နိုင်ငံလုံးတွင် ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ကြောင်း၊ NLD ပါတီမှ ဗဟိုအလုပ်အမှုဆောင်အဖွဲ့များပါဝင်ပြီး အချို့ဝန်ကြီးချုပ်များပါ ပါဝင်ကြောင်း၊ ထိုသို့ မဲမသမာမှုပြုလုပ်နိုင်ရန်အတွက် မဲစာရင်းပြုစုရေးအဖွဲ့ ဖွဲ့ခြင်း၊ အထောက်အကူပြုအဖွဲ့ ဖွဲ့ခြင်းတို့တွင် NLD ပါတီဝင်များက ပါဝင်လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် မဲမသမာမှုများကို NLD ပါတီက ဦးဆောင်၍ လုပ်ဆောင်ခဲ့ခြင်းပင်ဖြစ်ကြောင်း၊ မဲမသမာမှုပြုလုပ်ရာတွင် ကြိုတင်မဲပေးရာ၌ မသမာမှုပြုလုပ်ခြင်း၊ မဲစာရင်းများတွင် မသမာမှုပြုလုပ်ခြင်း စသည့်နည်းလမ်းများဖြင့် လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း၊ ရွေးကောက်ပွဲတွင် ဆိုးရွားသည့်လုပ်ဆောင်ချက်ပင်ဖြစ်...**

စာမျက်နှာ ၁၉ မှအဆက်

### ကျန်းမာကြံ့ခိုင်မှုရှိစေရေးနှင့် အားကစားကဏ္ဍ မြင့်မားတိုးတက်စေရေး

ကျန်းမာရေးနှင့်ပတ်သက်၍ ပညာသင်ယူမှုပြီးဆုံးသည့် ကျန်းမာရေးဝန်ထမ်းများကို နိုင်ငံတော်၏ ကျန်းမာရေးနယ်ပယ်တွင် တာဝန်ထမ်းဆောင်နိုင်ရေး စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံတစ်ဝန်း ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်အနေဖြင့် ကျန်းမာရေးဝန်ထမ်းများ စဉ်ဆက်မပြတ် ခန့်အပ်ပေးလျက်ရှိကြောင်း၊ ဆေးရုံရှိလျှင် ဆရာဝန်ရှိရမည်ဟူသည့် မူဝါဒနှင့်အညီ ဆရာဝန်များကို ခန့်အပ်တာဝန်ပေးထားကြောင်း၊ ကျန်းမာရေးနှင့်ဆက်စပ်၍ အားကစားကဏ္ဍကို အနည်းငယ် ပြောကြားလိုကြောင်း၊ အားကစားကဏ္ဍ တိုးတက်မှုရှိစေရေး တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ကြိုးပမ်း ဆောင်ရွက်ကြစေလိုကြောင်း၊ ကိုယ်ခန္ဓာကြံ့ခိုင်သန်စွမ်းစေရေး၊ စိတ်ဓာတ်ကောင်းမွန်စေရေး၊ အားကစားနည်းအလိုက် နည်းစနစ်ပိုင်းဆိုင်ရာများ ကျွမ်းကျင်မှုရှိစေရေး ဆောင်ရွက်ပေးရန်လိုကြောင်း၊ မကြာမီတွင် ကျင်းပမည့် အမျိုးသား အားကစားပွဲတော်ကိုလည်း တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အနှစ်သာရရှိစွာဖြင့် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုကြောင်း။

### ပြည်သူပါဝင်သည့် ပြည်သူ့လုံခြုံရေးစနစ်နှင့် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး

လုံခြုံရေးနှင့်ပတ်သက်၍ ဒေသအလိုက် လူတစ်ဦးတစ်ယောက်ချင်းစီမှ လုံခြုံရေးအသိစိတ်ဓာတ်ရှိရှိဖြင့် ဆောင်ရွက်ကြရန်လိုကြောင်း၊ ပြည်သူ့လုံခြုံရေး People Security၊ Public Security နှင့်ပတ်သက်၍ လမ်းအလိုက်၊ ရပ်ကွက်အလိုက်၊ ကျေးရွာအလိုက် လုံခြုံရေးအသိ၊ လုံခြုံရေးသတိဖြင့် ဆောင်ရွက်ရန်လိုကြောင်း၊ မိမိတို့နေထိုင်သည့်ဒေသ ရပ်ကွက်၊ ကျေးရွာများအလိုက်၊ လမ်းများအလိုက် လုံခြုံရေးစနစ်များ တည်ဆောက်၍ ဆောင်ရွက်မည်ဆိုပါက နယ်မြေဒေသလုံခြုံရေးအတွက် များစွာအကျိုးရှိ ထိရောက်စေမည်ဖြစ်ကြောင်း၊ ပြည်သူ့လုံခြုံရေးလုပ်ငန်းများနှင့်ပတ်သက်၍ Check, Recheck, Counter Check များပြုလုပ်၍ အပြန်ပြန်အလှန်လှန် စစ်ဆေးနေရန် လိုအပ်မည်ဖြစ်ကြောင်း၊



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် Good Brothers' Machineries ကုမ္ပဏီလီမိတက်က စမ်းသပ်ထုတ်လုပ်ထားသည့် Mini Cotton Ginning Machine ကို ကြည့်ရှုစဉ် တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြစဉ်။

လုံခြုံရေးပိုင်းဆိုင်ရာများ နည်းလမ်းမျိုးစုံဖြင့် ထိခိုက်ခြင်းကြောင့် ဒေသအလိုက် ထိခိုက်မှုများကိုဖြစ်ပေါ်စေလျက်ရှိကြောင်း၊ တရားဥပဒေစိုးမိုးရေးနှင့် ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရန်လိုပြီး လုံခြုံရေးအမြင်ဖြင့် ဆောင်ရွက်ရန်လိုကြောင်း၊ လုံခြုံရေးထိခိုက်မှုဖြစ်စဉ်များသည် နိုင်ငံရေးကိုအခြေခံ၍ ဖြစ်ပေါ်လာခဲ့ခြင်းဖြစ်ပြီး မဲမသမာမှုကြောင့် အရေးပေါ်အခြေအနေဖြစ်ပေါ်ခြင်းကို နိုင်ငံရေးနည်းလမ်းအရ ဖြေရှင်းခြင်းမပြုလုပ်ဘဲ လက်နက်ကိုင် အကြမ်းဖက်သည့်နည်းလမ်းဖြင့် ဖြေရှင်းရန်လုပ်ဆောင်လာခြင်းများကြောင့်ဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် ပြည်သူများလိုလားသည့် ပါတီစုံဒီမိုကရေစီ လမ်းကြောင်းပေါ်တွင် ခိုင်မာစွာလျှောက်လှမ်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင်လည်း နိုင်ငံနှင့်ကိုက်ညီသည့် ဒီမိုကရေစီစနစ်ကို ကျင့်သုံးနိုင်ရန်လိုကြောင်း၊ အခြားနိုင်ငံများတွင်လည်း နိုင်ငံနှင့်ကိုက်ညီသည့် ဒီမိုကရေစီစနစ်ကိုသာ ကျင့်သုံးဆောင်ရွက်နေကြကြောင်း၊ နိုင်ငံရေးအရဆောင်ရွက်ရာတွင် အာဃာတများထားခြင်း၊ လက်တုံ့ပြန်ခြင်းများ မရှိဘဲ အေးအေးချမ်းချမ်းဖြစ်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြီးခဲ့သည့် ရွေးကောက်ပွဲတွင် မဲစာရင်းနှင့်ပတ်သက်၍ မသမာမှုများ လုပ်ဆောင်ခဲ့သည်ကို တွေ့ရှိရပြီး မဲပေးရာတွင်လည်း ကြိုတင်မဲများကို မဲမသမာမှုများပြုလုပ်ခဲ့ကြောင်း၊ အဆိုပါ မဲမသမာမှုပြုလုပ်ခဲ့သည့် အထောက်အထားများကိုလည်း စစ်ဆေးတွေ့ရှိခဲ့ကြောင်း၊ ၎င်းမဲမသမာမှုများသည် မဲဆန္ဒနယ်တစ်ခုတည်းတွင် ဖြစ်ပေါ်ခဲ့ခြင်း မဟုတ်ဘဲ ဒေသအလိုက် တစ်နိုင်ငံလုံးတွင် ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ကြောင်း၊ NLD ပါတီမှ ဗဟိုအလုပ်အမှုဆောင်အဖွဲ့များ ပါဝင်ပြီး အချို့ဝန်ကြီးချုပ်များပါ ပါဝင်ကြောင်း၊ ထိုသို့ မဲမသမာမှုပြုလုပ်နိုင်ရန်အတွက် မဲစာရင်းပြုစုရေးအဖွဲ့ ဖွဲ့ခြင်း၊ အထောက်အကူပြုအဖွဲ့ ဖွဲ့ခြင်းတို့တွင် NLD ပါတီဝင်များက ပါဝင်လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် မဲမသမာမှုများကို NLD ပါတီက ဦးဆောင်၍ လုပ်ဆောင်ခဲ့ခြင်းပင်ဖြစ်ကြောင်း၊ မဲမသမာမှုပြုလုပ်ရာတွင် ကြိုတင်မဲပေးရာ၌ မသမာမှုပြုလုပ်ခြင်း၊ မဲစာရင်းများတွင် မသမာမှုပြုလုပ်ခြင်း စသည့်နည်းလမ်းများဖြင့် လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း၊ ရွေးကောက်ပွဲတွင် ဆိုးရွားသည့် လုပ်ဆောင်ချက်ပင်ဖြစ်ကြောင်း။

မိမိတို့အနေဖြင့် လာမည့်ရွေးကောက်ပွဲကို လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲဖြစ်စေရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လာမည့် အောက်တိုဘာလတွင် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းများကို စတင်ကောက်ယူသွားမည်ဖြစ်ကြောင်း၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူမှုရလဒ်များ နိုင်ငံတော်ကို ကြေညာပြီးချိန်တွင် မဲစာရင်းပြုစုပြီး ရွေးကောက်ပွဲကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မဲစာရင်းများမှားယွင်းမှုမရှိစေရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိပြီး ဆန္ဒမဲပေးချိန်တွင်လည်း မှန်မှန်ကန်ကန်ဖြစ်စေရေးဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများအနေဖြင့် ဝိုင်းဝန်းဆောင်ရွက်ပေးသွားကြစေလိုကြောင်း။

တပ်မတော်အနေဖြင့် ပြည်သူများလိုလားသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်မာစွာဖြင့် ဆက်လက်ရပ်တည်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် နိုင်ငံကို မူလအခြေအနေအတိုင်း ပြန်လည်ရောက်ရှိရန်အတွက် လုပ်ဆောင်သင့်သည်များကို ဆက်လက် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်နှင့် လူမျိုးအပေါ် အမှန်တကယ်နားလည်သူများရှိပြီး ပြည်သူများ၏ ပူးပေါင်း ဆောင်ရွက်မှုများရှိရန်လိုကြောင်း၊ ထို့ကြောင့် ပြည်သူ့လုံခြုံရေးနှင့်ပတ်သက်၍ ပြည်သူပါသည့် လုံခြုံရေးစနစ်ကို ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ပြည်သူ့လုံခြုံရေးစနစ်တွင် ပြည်သူများပါဝင်ပါက တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုများ ကောင်းမွန်လာပြီး မိမိတို့နိုင်ငံ၏ ရည်မှန်းချက်ဖြစ်သည့် စစ်မှန်၍ စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

**တပ်မတော်အနေဖြင့် ပြည်သူများလိုလားသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်မာစွာဖြင့် ဆက်လက်ရပ်တည်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် နိုင်ငံကို မူလအခြေအနေအတိုင်း ပြန်လည်ရောက်ရှိရန်အတွက် လုပ်ဆောင်သင့်သည်များကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်. . .**

**ပြည်သူ့လုံခြုံရေးစနစ်တွင် ပြည်သူများပါဝင်ပါက တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုများ ကောင်းမွန်လာပြီး မိမိတို့နိုင်ငံ၏ ရည်မှန်းချက်ဖြစ်သည့် စစ်မှန်၍ စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်မည်ဖြစ်. . .**

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် Good Brothers' Machineries ကုမ္ပဏီလီမိတက်က စမ်းသပ်ထုတ်လုပ်ထားသည့် Mini Cotton Ginning Machine ကို ကြည့်ရှုရာ တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)


## ပြည်ပထွက်ခွာလိုသူ ပြည်သူများသို့ အသိပေးကြေညာချက်

၁။ လူတစ်ဦးချင်းစီ၏ ကိုယ်ရေးအချက်အလက်နှင့် ဇီဝဆိုင်ရာအချက်အလက်များကောက်ယူ၍ ဂဏန်း ၁၀ လုံးပါ Unique ID နံပါတ်ထုတ်ပေးခြင်းလုပ်ငန်းကို သက်ဆိုင်ရာလဝကမြို့နယ်ရုံးအားလုံး၌ ဥပဒေနှင့် အညီစိစစ်၍ အခမဲ့ဆောင်ရွက်ထုတ်ပေးလျက်ရှိပါသည်။

၂။ သို့ရာတွင် ပြည်ပထွက်ခွာလိုသည့် ပြည်သူများအနေဖြင့် ၎င်းတို့နှင့်သက်ဆိုင်သည့် လဝကမြို့နယ်ရုံးများ၌ UID နံပါတ်ဆောင်ရွက်ထုတ်ယူခဲ့ခြင်းမရှိဘဲ နယ်စပ်ဒေသများရှိ UID လုပ်ငန်းဆောင်ရွက်သည့်နေရာများ၌သာ UID နံပါတ်ရရှိရေးအတွက် အရေးတကြီးပြုလုပ်ဆောင်ရွက်လျက်ရှိကြသဖြင့် ယင်းနေရာ၌သာ လူစုလူဝေးများဖြစ်ပေါ်ခြင်း၊ လုပ်ငန်းဆောင်ရွက်မှုအချိန်နှောင့်နှေးကြန့်ကြာခြင်းများ ဖြစ်ပေါ်လျက်ရှိပါသည်။

၃။ သို့ဖြစ်ပါ၍ အကြောင်းအမျိုးမျိုးဖြင့် ပြည်ပထွက်ခွာလိုသူ ပြည်သူများအနေဖြင့် သက်ဆိုင်ရာလဝကမြို့နယ်ရုံးများသို့ လူကိုယ်တိုင်သွားရောက်၍ UID နံပါတ် ကြိုတင်ထုတ်ယူဆောင်ရွက်ထားကြပါရန်နှင့် အခက်အခဲများရှိခြင်း၊ ငွေကြေးတောင်းခံခြင်းများရှိပါက အီလက်ထရောနစ်မှတ်ပုံတင်စနစ်ဦးစီးဌာန၏ Facebook စာမျက်နှာဖြစ်သည့် www.facebook.com/ eIDDept မှတစ်ဆင့် ဆက်သွယ်တိုင်ကြားဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

# တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊ ဆေးနှင့် ဆွမ်းပဒေသာပင်အလှူငွေများ လှူဒါန်းပွဲအခမ်းအနားကျင်းပ



ဆရာတော်ထံ တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများနှင့် အလှူရှင်များက လှူဒါန်းသော ဆွမ်းဆန်တော်နှင့် ဆီ၊ ဆား၊ ပဲ၊ ဆေးများအား ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ စစ်ရေးချုပ်ဒုတိယဗိုလ်ချုပ်ကြီးစိုးမင်းဦး ဦးဆောင်၍ တပ်မတော်(ကြည်း၊ ရေ၊ လေ) အရာရှိကြီးများက ဆက်ကပ်လှူဒါန်းစဉ်။

**နေပြည်တော် ဩဂုတ် ၂၅**

တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများနှင့်စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ဆီ၊ဆား၊ပဲ၊ဆေးနှင့် ဆွမ်းပဒေသာပင်အလှူငွေများလှူဒါန်းပွဲကို ယနေ့မွန်းလွဲပိုင်းက နေပြည်တော် ပျဉ်းမနားမြို့ မဟာဝိသုတာရာမဈေးကုန်း ကျောင်းတိုက်၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ပျဉ်းမနားမြို့ ပါဠိတက္ကသိုလ် မင်္ဂလာဇေယျုံကျောင်းတိုက် တိုက်အုပ်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဇဝနတိက္ခ အမှူးပြုသောဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ စစ်ရေးချုပ်ဒုတိယဗိုလ်ချုပ်ကြီးစိုးမင်းဦးနှင့်ကာကွယ်ရေးဦးစီးချုပ်ရုံးမှတပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် စေတနာရှင်အလှူရှင်များတက်ရောက်ကြသည်။

ဦးစွာ တက်ရောက်လာကြသည့် ဒေ့ပရိသတ်များက ပျဉ်းမနားမြို့ ပါဠိတက္ကသိုလ် မင်္ဂလာဇေယျုံကျောင်းတိုက် တိုက်အုပ်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဇဝနတိက္ခ ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်သည့် မေတ္တာသုတ်ပရိတရားတော်များကို နာကြားကြသည်။

ထို့နောက်စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးမင်းဦးနှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များထံ လှူဖွယ်ပစ္စည်းများအသီးသီး ဆက်ကပ်လှူဒါန်းကြသည်။ ယင်းနောက်တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများနှင့် အလှူရှင်များက လှူဒါန်းသောဆွမ်းဆန်တော်နှင့် ဆီ၊ဆား၊ပဲ၊ဆေးများအား ပါဠိတက္ကသိုလ် မင်္ဂလာဇေယျုံကျောင်းတိုက် ဆရာတော်နှင့် ဆရာတော်သံဃာတော်များအား စစ်ရေးချုပ်မှ ဦးဆောင်၍ တပ်မတော်(ကြည်း၊ရေ၊လေ) အရာရှိကြီးများက ဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက် ဆွမ်းပဒေသာပင် အလှူတော်ငွေများကို တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများနှင့်အလှူရှင်များက အသီးသီးပေးအပ်လှူဒါန်းကြရာ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးမင်းဦးနှင့် တာဝန်ရှိသူများက လက်ခံရယူကြသည်။ ယင်းနောက် ဆွမ်းဆန်တော်၊ဆီ၊ဆား၊ပဲ၊ဆေးနှင့် ဆွမ်းပဒေသာပင်များ လှူဒါန်းရခြင်းရည်ရွယ်ချက်အား တပ်မတော်အရာရှိကြီးတစ်ဦးက ရှင်းလင်းလျှောက်ထားသည်။

ထို့နောက်နေပြည်တော် တိုင်းသံဃာ့နာယကအဖွဲ့ဝင် ပျဉ်းမနားမြို့ မဟာဝိသုတာရာမဈေးကုန်းကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တစန္ဒောဘာသထံမှအနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကာ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကိုရုပ်သိမ်းသည်။

နေပြည်တော် ပျဉ်းမနားမြို့နယ်၊ ဇမ္ဗူသီရိမြို့နယ်၊ ဇေယျာသီရိမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်နှင့် ဥတ္တရသီရိမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများနှင့် ဘိုးဘွားရိပ်သာများအတွက် တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက ၂၀၀၆ခုနှစ်မှစ၍ နှစ်စဉ်လှူဒါန်းလျက်ရှိပြီး ယနေ့လှူဒါန်းမှုအစုစုမှာ အလှူငွေကျပ် ၁၃၃ သိန်း ၆ သောင်း ၉ ထောင်ကျပ်၊ ဆန် ၁၀၅၆ အိတ် ၆ ပြည်၊ ဆီ ၃၁၇ ဒသမ ၅၀ ပိဿာ၊ ပဲ ၃၀၇၅ ပိဿာ၊ ဆား ၃၀၇၅ ပိဿာ၊ဆေးမျိုးစုံ ၇၆၈ ဘူးတို့ကို လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)

**၂၀၂၄ ခုနှစ် (၂၅)ကြိမ်မြောက်**
**ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု**
**အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက် (၄)ရပ်**

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
၂။ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများမပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး။
၃။ မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့်ထပ်တူ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားနေစေရေး။
၄။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသားယဉ်ကျေးမှုအခန်းကဏ္ဍမှ တစ်တပ်တစ်အားပူးပေါင်းဆောင်ရွက်ရေး။

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေနှင့် စားသောက်ဖွယ်ရာများ လာရောက်ဂုဏ်ပြုပေးအပ်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန(၁)ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမိုးအောင်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန(၄) ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုးနှင့် စေတနာရှင်အလှူရှင်များက နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများ ဂုဏ်ပြုပေးအပ်ရာ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်းက လက်ခံရယူစဉ်။

**နေပြည်တော် ဩဂုတ် ၂၅**

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင် အလှူရှင်များက ဂုဏ်ပြုချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများ လာရောက်ဂုဏ်ပြုပေးအပ်လျက်ရှိသည်။

ထိုသို့ပေးအပ်လျက်ရှိရာ ဩဂုတ် ၂၃ ရက် ညနေပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန (၁)၊(၂)၊(၃)၊(၄) တို့မှ ဝန်ထမ်းမိသားစုများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီဝင်မိသားစုများ၊ ဗမာလူငယ်များအစည်းအရုံး၊ သီရိခေတ္တရာဖောင်ဒေးရှင်းဝန်ထမ်းမိသားစုများနှင့် စေတနာရှင်အလှူရှင်များက ဂုဏ်ပြုချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများ ဂုဏ်ပြုပေးအပ်ခြင်းကို နေပြည်တော်တိုင်းစစ်ဌာနချုပ်ရှိ ပေါင်းလောင်းရိပ်သာ၌ပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန(၁)ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမိုးအောင်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန(၄) ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုးနှင့် စေတနာရှင်အလှူရှင်များ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့ ပေးအပ်လှူဒါန်းရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန (၁)၊(၂)၊(၃)၊(၄) တို့မှ ဝန်ထမ်းမိသားစုများနှင့် စေတနာရှင် အလှူရှင်များက ဂုဏ်ပြုချီးမြှင့်ငွေကျပ် တစ်ရာလေးဆယ့်ငါးသိန်း ခြောက်သောင်းတစ်ထောင့်တစ်ရာနှင့် ငွေကျပ်တစ်ရာခြောက်ဆယ့်ကိုးသိန်း ကိုးသောင်းခုနှစ်ထောင်တန်ဖိုးရှိ စားသောက်ဖွယ်ရာများကို တိုင်းမှူးထံ အသီးသီးဂုဏ်ပြုပေးအပ်ကြရာ တိုင်းမှူးက ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။ ထို့နောက် အလှူရှင်များက လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တိုင်းမှူးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အဆိုပါ ဂုဏ်ပြုချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများကို ရှေ့တန်းစစ်မျက်နှာအသီးသီးတွင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ရှုပ်ရှုပ်ချွံချွံ တာဝန်ထမ်းဆောင်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက် ဆက်လက်ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

# (၁၃)ကြိမ်မြောက် အာဆီယံပညာရေးဝန်ကြီးများ အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ တက်ရောက်



နေပြည်တော် ဩဂုတ် ၂၅

ထိုင်းနိုင်ငံမှ အိမ်ရှင်အဖြစ်ကျင်းပသည့်(၁၃)ကြိမ်မြောက် အာဆီယံပညာရေးဝန်ကြီးများ အစည်းအဝေးတက်ရောက်မည့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့ညနေပိုင်းတွင် ခေတ္တတည်းခိုသည့် ထိုင်းနိုင်ငံ ဘူရီယမ်မြို့ရှိ Modena ဟိုတယ်မှတစ်ဆင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ပညာရေးဝန်ကြီးများနှင့် ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များနှင့်အတူ ဘူရီယမ်မြို့ရှိ Khao Phnom Rung ရှေးဟောင်းဒေသနှင့်PrasatMeaung Tam ရှေးဟောင်းဒေသသို့သွားရောက်လေ့လာပြီး ထိုင်းနိုင်ငံပညာရေးဝန်ကြီးက တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်သည်။

(၁၃) ကြိမ်မြောက် အာဆီယံပညာရေးဝန်ကြီးများ အစည်းအဝေးဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် Burriam United Stadium ၌ ကျင်းပပြုလုပ်ရာ Burriam Province Gonernorနှင့် ထိုင်းနိုင်ငံပညာရေးဝန်ကြီး Police General PrempoonChidchob တို့က အဖွင့်အမှာစကားများပြောကြားပြီး ထိုင်းရိုးရာယဉ်ကျေးမှုအကများဖြင့် ဖျော်ဖြေတင်ဆက်ကာတက်ရောက်လာသည့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံ့ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်တစ်ဦးချင်းစီ ကြိုဆိုမိတ်ဆက်ပြီး စုပေါင်းမှတ်တမ်း ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် အစည်းအဝေးကို အစီအစဉ်အတိုင်းဆက်လက်ကျင်းပရာ အိမ်ရှင်ထိုင်းနိုင်ငံပညာရေးဝန်ကြီး Police General PrempoonChidchobက သဘာပတိအဖြစ်ဆောင်ရွက်ပြီး အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ၊ တီမောလက်စတေနိုင်ငံနှင့် မိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။ ယင်းနောက် အစည်းအဝေးတွင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံက (၁၈) ကြိမ်မြောက် အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးအစီရင်ခံစာကို လည်းကောင်း၊ ထိုင်းနိုင်ငံက (၁၉)ကြိမ်မြောက် အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးအစီရင်ခံစာကိုလည်းကောင်း တင်ပြဆွေးနွေးကြသည်။

ဆက်လက်၍ ဒစ်ဂျစ်တယ်ခေတ်ပညာရေး အသွင်ကူးပြောင်းရေးဆိုင်ရာနှင့်စပ်လျဉ်း၍ တက်ရောက်လာသောနိုင်ငံများက နိုင်ငံအလိုက်အလှည့်ကျဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးဒေါက်တာညွန့်ဖေက အနာဂတ်ပညာရေးကို ပုံဖော်ရန်၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖွံ့ဖြိုးတိုးတက်ရန်အတွက် ဒစ်ဂျစ်တယ်နည်းပညာနှင့် ဆန်းသစ်တီထွင်မှုများ၏ စွမ်းအားကို အသုံးချရမည်ဖြစ်ပါကြောင်း၊ အစဉ်ပြောင်းလဲနေသည့် ကမ္ဘာကြီးတွင် လူတစ်ဦးတစ်ယောက်ချင်းစီအောင်မြင်မှုများရရှိလာအောင် ဖြည့်စွမ်းပေးနိုင်သည့် တက်ကြွမှု၊ လူတိုင်းအကျုံးဝင်မှုနှင့် ထိရောက်သည့် သင်ကြားသင်ယူမှုဝန်းကျင်ကောင်းများဖန်တီးပေးရေးသည် ကျွန်ုပ်တို့၏ မျှော်မှန်းချက်ဖြစ်ပါကြောင်း။

အမျိုးသားဒစ်ဂျစ်တယ် ပညာရေးမဟာဗျူဟာချမှတ်ရာတွင် ဆရာ၊ ဆရာမများ၊ မူဝါဒချမှတ်သူများ၊ စက်မှုလုပ်ငန်းရှင်များနှင့် ကျောင်းသား၊ ကျောင်းသူများပါဝင်ရမည်ဖြစ်ပါကြောင်း၊ ထို့ပြင် တက္ကသိုလ်၊ ကောလိပ်၊ ကျောင်းများအားလုံးကို မြန်နှုန်းမြင့်အင်တာနက်လိုင်းများ၊ ဒစ်ဂျစ်တယ်စက်ပစ္စည်းများပံ့ပိုးပေးရမည်ဖြစ်သကဲ့သို့ အွန်လိုင်းပလက်ဖောင်းများလည်း တည်ထောင်ပေးကြရမည်ဖြစ်ပါကြောင်း၊ ကျောင်းသား၊ ကျောင်းသူများ ဒစ်ဂျစ်တယ်စက်ပစ္စည်းများနှင့် ရင်းနှီးကျွမ်းဝင်အောင်၊ ဒစ်ဂျစ်တယ်နည်းပညာစွမ်းရည် မြင့်မားလာအောင် ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း၊ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေးကာလတွင် အဓိကနေရာကပါဝင်နေသည့် ဆရာ၊ ဆရာမများ၏စွမ်းရည်မြင့်မားရေး ပံ့ပိုးကူညီခြင်းသည် ကျွန်ုပ်တို့၏ ကတိကဝတ်တစ်ခုဖြစ်ပါကြောင်း၊ ပံ့ပိုးရာတွင် ဒစ်ဂျစ်တယ်စက်ပစ္စည်းကိရိယာများနှင့် အွန်လိုင်းရင်းမြစ်ပစ္စည်းများပံ့ပိုးသည့်အပြင် ယင်းပစ္စည်းများကိုအသုံးပြုသော နောက်ဆုံးပေါ်နည်းပညာများ၊ သင်ကြားနည်းစနစ်များကို သိရှိနားလည်စေရန် ဆောင်ရွက်ပေးခြင်းများ ပါဝင်မည်ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

ယင်းနောက် တက်ရောက်လာသည့် ကိုယ်စားလှယ်များနှင့် အာဆီယံဒုတိယအထွေထွေအတွင်းရေးမှူးချုပ်တို့က နိုင်ငံအလိုက် ဆွေးနွေးတင်ပြချက်များအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးကြပြီး အစည်းအဝေးက "ဒစ်ဂျစ်တယ်ခေတ် ပညာရေးအသွင်ကူးပြောင်းရေး" နှင့်စပ်လျဉ်းသည့် ပူးတွဲသဘောတူညီချက် တစ်ရပ်ကို ဆွေးနွေးအတည်ပြုခဲ့ကြသည်။

၂၀၂၆ ခုနှစ် (၁၄)ကြိမ်မြောက် အာဆီယံပညာရေးဝန်ကြီးများ အစည်းအဝေးကို စင်ကာပူနိုင်ငံမှအိမ်ရှင်အဖြစ် လက်ခံကျင်းပသွားမည် ဖြစ်ပါကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ငလိုက်ချောင်းရေကျဆင်းမှုအခြေအနေကို နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုး ကြည့်ရှုစစ်ဆေး



ပျဉ်းမနား ဩဂုတ် ၂၅

နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် ပျဉ်းမနားမြို့နယ်အတွင်းရှိ ငလိုက်ချောင်းရေကျဆင်းမှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ငလိုက်ချောင်းအတွင်း ရေမြင့်တက်မှုကြောင့် ပါရှိလာသည့် အမှိုက်များကို အမြန်ဆုံးရှင်းလင်းဖယ်ရှားပြီး ရေစီးရေလာကောင်းမွန်ရေးဆောင်ရွက်သွားရန်မှာကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင်သည် ပျဉ်းမနားမြို့ ကူးတို့ဆိပ်ကျေးရွာအုပ်စုသို့ရောက်ရှိပြီး ရေဘေးသင့်ပြည်သူများနှင့် တွေ့ဆုံကာရေဘေးကြောင့် နောက်ဆက်တွဲဖြစ်ပွားတတ်သည့် ဝမ်းရောဂါကဲ့သို့သော ကူးစက်ရောဂါများဖြစ်ပွားမှုမရှိစေရေးအတွက် ကျန်းမာရေး၊ တစ်ကိုယ်ရည်သန့်ရှင်းရေးနှင့် အစားအသောက်များကို အထူးဂရုပြု နေထိုင်စားသောက်ကြရန် ဆွေးနွေးမှာကြားသည်။

ယင်းနောက် နေပြည်တော်ကောင်စီဝင်သည် ကူးတို့ဆိပ်ကျေးရွာအုပ်စုအတွင်း ရေဝင်ရောက်ခဲ့မှု အခြေအနေများကို လှည့်လည်ကြည့်ရှုပြီး ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့် ဒေသခံပြည်သူများကို သဘာဝဘေးအန္တရာယ်နှင့် သက်ဆိုင်သည့် သတင်းအချက်အလက်များ အချိန်နှင့်တစ်ပြေးညီအသိပေးဆောင်ရွက်ရန်ကိစ္စရပ်များကို ဆွေးနွေးမှာကြားကာ ကူးတို့ဆိပ်ကျေးရွာ၌ မြန်မာနိုင်ငံစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးပူးပေါင်းဆောင်ရွက်မှု ကော်မတီရန်ပုံငွေကျပ်သိန်း ၁၅၀ ဖြင့် စာကြည့်တိုက်အဆောက်အအုံအသစ်တည်ဆောက်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်တွင် ငွေကျပ် ၄ ဒသမ ၁ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၂ ဒသမ ၅ သိန်းနှင့် ကက်တမင်း ၄၂၇ ကီလိုဖမ်းဆီးရမိ

နေပြည်တော် ဩဂုတ် ၂၅

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၂၂ ရက် နံနက် ၁ နာရီတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် ဟွေဟိကျေးရွာရှိ မအားမီ၏နေအိမ်ကိုသတင်းအရရှာဖွေရာ နေအိမ်ရှေ့ခြံဝင်းအတွင်း ရပ်တန့်ထားသည့် MITSUBISHI PAJERO မော်တော်ယာဉ်ပေါ်မှ ဒေသကာလတန်ဖိုးငွေကျပ် ၄ ဒသမ ၁ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၂ ဒသမ ၅ သိန်းနှင့် စိတ်ပြောင်းဆေးဝါးကက်တမင်း ၄၂၇ ကီလိုသိမ်းဆည်းရမိခဲ့သဖြင့် ၎င်းအားဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။ (၅၀၁)

ဖမ်းဆီးရမိသူကို မော်တော်ယာဉ်၊ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။



**အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ကကြီးခခွေး၊ မတတ်သေး၊ လူရေးညံ့တော့သည်

**ဒေါက်တာထွန်းတင့်**

## မြန်မာဗျည်းအက္ခရာများ

(ယမန်နေ့မှအဆက်)

ဌ

**ဌ / ထဝ့်ဝင်ဗဲ /**

ဌ သည် မြန်မာဗျည်းအက္ခရာ သုံးဆယ့်သုံးလုံးတွင် ဆယ့်နှစ်လုံးမြောက်ဗျည်းအက္ခရာဖြစ်သည်။ ဌဝမ်းဘဲဟု ခေါ်သည်။ ယခုအခါ ဌ အက္ခရာပုံသည် ဝမ်းဘဲသတ္တဝါနှင့် မတူလှသော်လည်း ပုဂံခေတ်၊ ပင်းယခေတ်စသောရှေးကျောက်စာများတွင်ဌဝမ်းဘဲအက္ခရာသည် ဝမ်းဘဲကလေးနှင့်အတော်တူသည်။ ထို့ကြောင့် ဌဝမ်းဘဲဟု အနွတ္ထအမည်မှည့်ခေါ်ခဲ့ကြခြင်းဖြစ်မည်။ ဋ္ဌဝဂ်ဗျည်းငါးလုံးတွင် ဒုတိယဗျည်းအက္ခရာဖြစ်သည်။ ထို့ကြောင့် ဋ္ဌဝဂ်၏ ဒုတိယက္ခရာဟုခေါ်သည်။ သံနှံ့သံတင်းဗျည်းဖြစ်သည်။ လျှာထိပ်ဌာန် (မုဒ္ဓဌာန်)တွင်ဖြစ်သည်။ မြန်မာဘာသာတွင် အနက်မရှိသောဗျည်းဖြစ်သည်။ ပါဠိဘာသာ၊ သက္ကတဘာသာ စသည်တို့ကို မွေးစားသည့် မွေးစားဝေါဟာရများအတွက် အသုံးပြုရသည်။ ဌဝမ်းဘဲဟူသောအမည်နှင့်ပတ်သက်၍ ဒုတိယကျော်အောင်စံထားဆရာတော်က ဝေါဟာရတ္ထပကာသနီကျမ်းတွင် "ဌဝမ်းဘဲအက္ခရာ၏သင်္ကေတကား သံယုဂ်ဖြစ်ခါ ဋ္ဌသန်လျင်းချိတ်အက္ခရာကဲ့သို့ ဏကြီး၏အောက်၌တည်သော်လည်း အသွင်မဖောက်သင့်။ ထိုသို့လျက်ကို အချို့သော သူတို့သည် ဏကြီးကို ဟဆွဲ၏သို့ ရေးသည်ကားမသင့်နိုး။ ဌဝမ်းဘဲ၏ အရိပ်အသွင်မျှ ဦးခေါင်းထင်စေသင့်သည်။ သန်လျင်းချိတ်၏ အောက်၌ဆွဲ၍ ဒွေးဘော်ဖြစ်ရာ၌ကား ဆိုခဲ့ပြီးသောအတိုင်း ဌဝမ်းဘဲ၏ အမြီးအခွေမျှ ရေးသော်လည်း သင့်သည်ပင် ဖြစ်၏။ အချို့သော သူတို့သည် ထိပ်အပြင်၌ အတန်ငယ် နိမ့်ညွတ်၍ ရေးသည်ကား သဘောထုံးစံမထင်။ အလေ့မျှသာ ဖြစ်အံ့သည်။ ဌဝမ်းဘဲဟူသည်နှင့်လျော်စွာ ဝမ်းဘဲသဏ္ဍာန်သဘောရှိလျှင်သင့်တော့သည်" ဟူ၍ ရှင်းပြထားပါသည်။

**ဌဝမ်းဘဲ**သည် စုတ်ချက်တစ်ချက်ဆွဲ အက္ခရာဖြစ်သည်။

ဍ

**ဍ / ဒ့ါယင်ဂေါက် /**

ဍ သည် မြန်မာဗျည်းအက္ခရာ သုံးဆယ့်သုံးလုံးတွင် ဆယ့်သုံးလုံးမြောက်ဗျည်းအက္ခရာဖြစ်သည်။ ဍရင်ကောက် ဟုခေါ်သည်။ ရှေးအခါက ဍသံကောက်ဟုလည်းခေါ်သေးသည်။ ရင်ဘတ်မောက်မောက်ကောက်ကောက်သဏ္ဍာန်နှင့်တူသောကြောင့် ရင်ကောက်သောဍ၊ ဍရင်ကောက်ဟု မှည့်ခေါ်သည်။ သံကောက်နှင့်တူသောကြောင့် ဍသံကောက်ဟုလည်းခေါ်သည်။ သံကောက်ဆိုသည်မှာ တံခါးမင်းတုပ်စသည်ကိုချိတ်ဆွဲ၍ ဖွင့်ရသော အဖျားတစ်ဖက်တွင် ချိတ်ပါသော သံချောင်းဖြစ်သည်။ သော့သဖွယ် အသုံးပြုရသည်။ သံကောက်ဟုခေါ်ခြင်းဖြစ်သည်။ ဋ္ဌဝဂ်ဗျည်းငါးလုံးတွင် တတိယဗျည်းအက္ခရာဖြစ်သဖြင့် ဋ္ဌဝဂ်၏ တတိယက္ခရာဟုခေါ်သည်။ သံထင်သံလျော့ဗျည်း၊ ဃောသသိထိလဗျည်းဖြစ်သည်။ လျှာထိပ်ဌာန် (မုဒ္ဓဌာန်)တွင်ဖြစ်သည်။ မြန်မာဘာသာတွင် အနက်မရှိသောဗျည်းဖြစ်သည်။ ပါဠိ၊ သက္ကတစသော မွေးစားဝေါဟာရများအတွက် အသုံးပြုရသည်။ ဒုတိယကျော်အောင်စံထားဆရာတော်ကမူ ဍသံကောက်ဟူသောအမည်ကို နှစ်ခြိုက်သည်။ ဆရာတော်၏ ဝေါဟာရတ္ထပကာသနီကျမ်းတွင် ထိုဗျည်းအက္ခရာနှင့်ပတ်သက်၍ "ဍသံကောက် အက္ခရာ၏ သင်္ကေတကား သံယုဂ်ဖြစ်ခါ ဏကြီး၏အောက်၌တည်သော်လည်း အသွင်မဖောက်သင့်။ သာရုပ္ပရှိအောင်အကွေးအညွတ်ကိုပြုပြင်သော်လည်း ဦးခေါင်းမျက်နှာနောက်သို့မူသော အသွင်ကို မပျောက်စေဘဲ ရေးလို၏။ အချို့သောသူတို့ မထင်စေဘဲရေးသည်ကား အလေ့ဖြစ်၍တစ်ကြောင်း၊ သိသာပြီးဖြစ်၍တစ်ကြောင်း ရေးလေသည်။ သဘောအားဖြင့်ကား အသွင်မပျက်ရေးသော်လည်းဆိုဖွယ်ရာမရှိ။ ဎရေမှုတ်၏ အထက်၌ဆင့်၍ ဒွေးဘော်ဖြစ်သော်လည်း အထက်ဆင့်အက္ခရာဖြစ်၍ အသွင်မဖောက်ပြီ။ ဤ၌ ဍသံကောက်ဆိုသည်ကို ဍရင်ကောက်ဟူ၍ အချို့ဆိုကုန်၏။ နောက်သို့ မျက်နှာပြုသောအက္ခရာဖြစ်၍ မျက်နှာမူရာ ညွတ်လာသော အကွေးကို ရင်ဟူ၍ ရင်ကောက်ဆိုသင့်၏"ဟု ရှင်းပြထားပါသည်။

**ဍရင်ကောက်**သည် စုတ်ချက်တစ်ချက်ဆွဲ အက္ခရာဖြစ်သည်။

ဎ

**ဎ / ဒ့ါယေမှုတ် /**

ဎ သည် မြန်မာဗျည်းအက္ခရာ သုံးဆယ့်သုံးလုံးတွင် ဆယ့်လေးလုံးမြောက်ဗျည်းအက္ခရာဖြစ်သည်။ ဎရေမှုတ်ဟုခေါ်သည်။ ယင်းဗျည်းအက္ခရာတစ်ဖက်တွင် လက်ကိုင်စရာ အကောက်အချိတ်ကလေးပါသဖြင့် ရေသောက်ရန် ရေခွက်၊ ရေမှုတ်နှင့် တူသောကြောင့် ဎ ရေမှုတ်ဟု အမည်ပေးခဲ့ခြင်းဖြစ်သည်။ အနွတ္ထအမည်ဖြစ်သည်။ ဋ္ဌဝဂ်ဗျည်းငါးလုံးတွင် စတုတ္ထဗျည်းအက္ခရာဖြစ်သည်။ ထို့ကြောင့် ဋ္ဌဝဂ်၏ စတုတ္ထအက္ခရာဟုခေါ်သည်။ သံထင်သံတင်းဗျည်းဖြစ်သည်။ ဃောသဓနိတဖြစ်သည်။ လျှာထိပ်ဌာန် (မုဒ္ဓဌာန်) တွင်ဖြစ်သည်။ မြန်မာဘာသာတွင် အနက်မရှိသောဗျည်းဖြစ်သည်။ ပါဠိဘာသာ၊ သက္ကတဘာသာ စသည်ကို မွေးစားသည့် မွေးစားဝေါဟာရများအတွက် အသုံးပြုရသည်။ ပါဠိဘာသာတွင်လည်း ဎနှင့်ပတ်သက်၍ ဎ သည် ပစ္စည်း ဎ နှင့် ကာရိယ ဎ ဟူ၍ နှစ်မျိုးရှိကြောင်း၊ အသံ၊ ခြိမ်းခြောက်သံ၊ ကျေးဇူးမဲ့သောစကားဟူသော အနက်ရှိကြောင်းမျှသာ တိပိဋက ပါဠိ – မြန်မာအဘိဓာန်ကြီးတွင်ပြသည်။ ဒုတိယကျော်အောင်စံထားဆရာတော်က ဝေါဟာရတ္ထပကာသနီကျမ်းတွင် ဎ နှင့်ပတ်သက်၍ "ဎ ရေမှုတ်အက္ခရာ၏သင်္ကေတကား ဏကြီးအက္ခရာနှင့် သံယုဂ်ဖြစ်သောအခါ ဆွဲရသော်လည်း အသွင်မဖောက်သင့်"ဟူ၍လည်းကောင်း "ဍသံကောက်နှင့် ဒွေးဘော်ဖြစ်မူကား အမှီဖြစ်သော နောက်သရနှင့်စပ်စေလို၍ အမြီးကို ချီချီကြွကြွရေးပါသည်မျှသာ အသွင်မဖောက်ဟူရ၏"ဟူ၍ လည်းကောင်းမျှသာ ရှင်းပြထားပါသည်။

**ဎရေမှုတ်**သည် စုတ်ချက်နှစ်ချက်ဆွဲ အက္ခရာဖြစ်သည်။

(ဆက်လက်ဖော်ပြပါမည်)

---

# Mpox (မျောက်ကျောက်) ရောဂါကာကွယ်ရေးနှိုးဆော်ချက်

ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ၂၀၂၄ ခုနှစ် ဩဂုတ် ၁၄ ရက်တွင် Mpox (မျောက်ကျောက်) ရောဂါကူးစက်မှုအား နိုင်ငံတကာ ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေအဖြစ် ကြေညာခဲ့ပါသည်။

**ရောဂါကူးစက်နိုင်ခြေရှိသည့် နည်းလမ်းများ**

- ရောဂါပိုးရှိသူနှင့်လိင်ဆက်ဆံခြင်းမှ ကူးစက်ခြင်း၊
- ရောဂါပိုးရှိသူနှင့် အရေပြားခြင်းထိတွေ့ခြင်း၊ နမ်းရှုပ်ခြင်း၊ ပွေ့ဖက်ခြင်းတို့မှတစ်ဆင့်ကူးစက်ခြင်း၊
- ရောဂါပိုးရှိသူနှင့် မျက်နှာချင်းဆိုင် အနီးကပ်တွေ့ဆုံခြင်းမှတစ်ဆင့် ကူးစက်ခြင်း၊ (စကားပြောခြင်း၊ အသက်ရှူခြင်း)
- ရောဂါပိုးရှိသူ၏ အနာများ၊ အညစ်အကြေးများနှင့် တိုက်ရိုက်ထိတွေ့မိရာမှတစ်ဆင့် ကူးစက်ခြင်း၊
- ရောဂါပိုးများ ကပ်တင်ကျန်နေသည့် အသုံးအဆောင်ပစ္စည်းများ၊ မျက်နှာပြင်များကို လက်ဖြင့်ကိုင်တွယ်ထိတွေ့ခြင်းမှတစ်ဆင့် ကူးစက်ခြင်း၊
- မသန့်ရှင်းသောဆေးထိုးအပ်နှင့်ဆေးရုံသုံးပစ္စည်းများမှတစ်ဆင့် ကူးစက်ခြင်း၊
- Mpox ဗိုင်းရပ်စ်ရောဂါပိုးကူးစက်ခံထားရသည့် တိရစ္ဆာန်များနှင့် တိုက်ရိုက်ထိတွေ့မိရာမှတစ်ဆင့် ကူးစက်ခြင်း၊
- မိခင်မှကလေးသို့ ကိုယ်ဝန်ဆောင်စဉ်၊ မွေးဖွားစဉ်နှင့် မွေးဖွားပြီးနောက်တွင် ကူးစက်ခြင်း၊

**ရောဂါပျိုးရက်**

- ရောဂါပိုးစတင်ဝင်ရောက်ပြီး တစ်ရက်မှ ၂၁ ရက်အတွင်း ရောဂါလက္ခဏာများ စတင်ဖြစ်ပွားနိုင်ပါသည်။

**သံသယဖြစ်ဖွယ်ရောဂါလက္ခဏာများ**

- မျက်နှာ၊ ပါးစပ်၊ လက်နှင့် ခြေထောက်၊ ခန္ဓာကိုယ်၊ စအိုဝန်းကျင်နှင့်လိင်အင်္ဂါများတွင် အနီကွက်များထွက်ခြင်း၊ အရည်ကြည်ဖုများပေါက်ခြင်း၊
- ဖျားခြင်း (>38.5 C)၊
- အကြိတ်များရောင်ရမ်းခြင်း၊
- လည်ချောင်းနာခြင်း၊
- ခေါင်းကိုက်ခြင်း၊ ကြွက်သားများနာကျင်ခြင်း၊ ကျောအောင့်ခြင်း၊
- မောပန်းနွမ်းနယ်ခြင်း၊

(လွန်ခဲ့သည့် ၂၁ ရက်အတွင်း ရောဂါပိုးတွေ့ရှိရာ နိုင်ငံ၊ ဒေသများမှ ပြန်လည်ဝင်ရောက်လာသူများတွင် အထက်ပါလက္ခဏာ များဖြစ်ပွားလာပါက ကျန်းမာရေးဌာနသို့ ချက်ချင်းသတင်းပေးပို့ရန် လိုအပ်ပါသည်။)

**ကာကွယ်နိုင်မည့် နည်းလမ်းများ**

- Mpox (မျောက်ကျောက်) ရောဂါလက္ခဏာခံစားနေရသူနှင့် အရေပြားချင်းထိတွေ့ခြင်း၊ မျက်နှာချင်းဆိုင် အနီးကပ်ထိတွေ့ခြင်း၊ လိင်ပိုင်းဆိုင်ရာထိတွေ့ဆက်ဆံခြင်းများကို ရှောင်ကြဉ်ပါ၊
- အနီးကပ်ထိတွေ့မှုကို ရှောင်လွှဲ၍မရပါက လက်အိတ်ဝတ်ဆင်ခြင်းနှင့် နှာခေါင်းစည်း (Mask) ကို တပ်ဆင်ပါ၊
- သံသယရောဂါလက္ခဏာခံစားနေရသူ၏ အသုံးအဆောင်ပစ္စည်းများကို ကိုင်တွယ်ရာတွင် လက်အိတ်ဝတ်ဆင်ခြင်းနှင့် နှာခေါင်းစည်း (Mask)ကို တပ်ဆင်ခြင်းကို ပြုလုပ်ပါ၊
- လက်ကိုဆပ်ပြာနှင့်ရေ သို့မဟုတ် အယ်လ်ကိုဟောအနည်းဆုံး (၆၀%)ပါဝင်သော ရေမလိုလက်သန့်စင်ဆေးရည်အသုံးပြု၍ စနစ်တကျဆေးကြောပါ၊ လက်မဆေးဘဲ ပါးစပ်၊ နှာခေါင်းနှင့် မျက်လုံးများကို ကိုင်တွယ်ခြင်းမပြုပါနှင့်၊
- တစ်ကိုယ်ရေသန့်ရှင်းရေးနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးကောင်းမွန်စေရန် ဆောင်ရွက်ပါ၊
- နှာချေ၊ ချောင်းဆိုးသည့်အခါတွင် လက်ကိုင်ပဝါ သို့မဟုတ် တံတောင်ကွေးဖြင့် လုံခြုံစွာဖုံးအုပ်ပါ၊
- အသုံးအဆောင်ပစ္စည်းများ (အိပ်ရာခင်း၊ မျက်နှာသုတ်ပဝါ၊ အဝတ်အထည်စသည့်…)များကို ရေ၊ ဆပ်ပြာနှင့်စနစ်တကျလျှော်ဖွပ်၍အသုံးပြုပါ၊
- တိရစ္ဆာန်များကို အကာအကွယ်မပါဘဲ မထိတွေ့ပါနှင့်၊အသားများကို ကျက်အောင်ချက်ပြုတ်စားပါ၊

**Mpox (မျောက်ကျောက်)ရောဂါလူနာနှင့် အနီးကပ်ထိတွေ့ခဲ့ခြင်း(သို့မဟုတ်) ရောဂါသံသယလက္ခဏာများခံစားရပါက နီးစပ်ရာကျန်းမာရေးဌာနသို့ အမြန်ဆုံးသတင်းပေးပို့၍ လိုအပ်သောစစ်ဆေးစမ်းသပ်မှုနှင့် ကုသမှုခံယူပါ။**

ကျန်းမာရေးဝန်ကြီးဌာန
ဩဂုတ်လ၊ ၂၀၂၄

ဝတ္ထုတိုကဏ္ဍ



# အမေ့

ယွန်းနှင်းဆီခိုင်

(၁)

နံနက်ပိုင်းက ညီမဖြစ်သူ သန္တာထံမှဖုန်းလာသည်။ အမေသိပ်နေမကောင်း၍ အိမ်ဘက်ကို လာခဲ့ပါဦး ဟု ပြောသည်။

အိမ်ဘက်ကို လာခဲ့ပါဦးဟုဆိုသော်လည်း လက်ဗလာဖြင့်သွား၍မရပါ။ အနည်းဆုံးတော့ နှစ်သောင်း၊ သုံးသောင်း ပါသွားရမည်။ အခုရက်ပိုင်း ကျွန်မခင်ပွန်း ကိုဖုန်းမြတ်တစ်ယောက် အလုပ်အကိုင်မကောင်း။ ကုမ္ပဏီတစ်ခုမှာ ဆီဘောက်ဆာကားများကို နယ်ဝေးမောင်းရသူမို့ လစာနှင့် ခေါက်ကြေးရသည်။ ယခုအခါ ကားမထွက်ရဘဲ ကုမ္ပဏီမှာသာ အထိုင်နေရ၍ လစာတစ်ခုတည်းသာ ရနေခြင်းဖြစ်သည်။

လဆန်းရက်တိုင်း အမေ့အတွက်ဆိုပြီး တစ်လ တစ်သိန်း ထောက်ပံ့ပေးထားသည်။ သန္တာက ကျွန်မအောက်က အငယ်မ။ အသက်က ၄၀ နားကပ်နေပြီ။ အိမ်ထောင်မရှိသူ လူလွတ်မို့ အမေနှင့်အတူတူနေသည်။ သန္တာက အိမ်မှာပဲ အော်ဒါအထည်လေးတွေ ယူချုပ်သည်။ အထည်ပါးသည့်ရက်၌ ဘာမှမလုပ်။ ကျွန်မအမေအတွက် ထောက်ပံ့သည့် ငွေတစ်သိန်း၊ အိမ်တစ်ခြမ်းကို အိမ်အငှားတင်ထားသည့် လစာနှင့် သားအမိနှစ်ယောက် လောက်အောင်သုံးစွဲကြခြင်းဖြစ်သည်။

အမေနေမကောင်းသည့်အခါမျိုးမှာတော့ ကျွန်မတို့လင်မယားက အမေ့ကို ဆေးခန်းလိုက်ပို့ပေးရသည်။ အရင်ကတော့ အမေနေမကောင်းဘူးဆိုလျှင် မဆိုင်းမတွ ပြေးသွားလိုက်ရုံပင်။ အခုတော့ အခြေအနေအရမသွားနိုင်သေးပေ။ ကိုဖုန်းမြတ်ကို ဖုန်းဆက်ပြီး အကျိုးအကြောင်းပြောသောအခါ–

"နီလာရယ် မင်းမှာ ရွှေတိုငွေစတွေရှိသေးတာပဲ။ တစ်ခုခုကို ပေါင်နှံလိုက်လေ။ မင်းအမေက အသက်ကြီးနေပြီ။ ဂရုစိုက်ပေးလိုက်ပါ။ ငွေဆိုတာ အချိန်မရွေး ပြန်ရှာလို့ရတယ်"

ထို့ကြောင့် လက်စွပ်တစ်ကွင်းကို ငါးသောင်းဖြင့်သွားပေါင်လိုက်သည်။

အမေ့အတွက် သုံးသောင်းလောက်ကုန်ပြီး ပိုတာလေး အိမ်မှာသုံးဖို့ ချန်ထားရမည်။

သားအကြီးကောင်လေး ကျူရှင်ကပြန်လာပြီဖြစ်သည့်အတွက် အငယ်မလေး ဖူးဖူးကို လက်ကဆွဲလို့ သုံးလမ်းကျော်ကျော်က အမေရှိရာ အိမ်လေးဆီ ထွက်လာလိုက်တော့သည်။

(၂)

"ဟဲ့ နီလာ ညည်းကိုမတွေ့ရတာကြာပြီ။ ညည်း အခု ဘယ်သွားမလို့လဲ"

လှည့်ကြည့်လိုက်သောအခါ အမေတို့ခေါင်းရင်းခြံက သူငယ်ချင်း ညိုမာဦးဖြစ်နေသည်။

"ဩော်... ညိုမာဦးပါလား။ အိမ်ကိုခဏလာတာ အမေနေမကောင်းဘူးဆိုလို့"

"အေး ဟုတ်တယ်ဟ။ မနက်က သန္တာပြောနေတာကြားတယ်။ ကြီးစန်းနေမကောင်းဘူးဆိုလား"

ကျွန်မနှင့် ညိုမာဦး အတူတူလျှောက်လာခဲ့ကြသည်။ ညိုမာဦးပြောပြသော ညီမဖြစ်သူ သန္တာအကြောင်းများကို ခေါင်းတညိတ်ညိတ်ဖြင့် နားထောင်ရင်း ခြံရှေ့ရောက်လာတော့သည်။

"ဟဲ့ နီလာ နင်သိပါစေဆိုပြီး ပြောပြတာနော်။ ပြဿနာတွေလဲ ဖြစ်မနေကြနဲ့။ တော်ကြာ ငါမကောင်းဖြစ်တော့မယ်"

"အေးပါဟယ်"

ထိုနေ့က အမေ့ကို ဆေးခန်းပြတာက တစ်သောင်းနှင့် အမေစားချင်တာလေးတွေ ဝယ်ခြမ်းပေးလိုက်သည်မှာ ခုနစ်ထောင်ကုန်သွားသည်။ သန္တာမသိအောင် အမေ့ကို ပိုက်ဆံလေးတစ်သောင်းပေးပြီး အိမ်ပြန်လာခဲ့လိုက်တော့သည်။

(၃)

ကျွန်မခင်ပွန်း ကိုဖုန်းမြတ်မှာ မိဘနှစ်ပါးစလုံး မရှိကြတော့ပေ။ မောင်နှမမွေးချင်းနှစ်ယောက်သာရှိပြီး အစ်မဖြစ်သူက မန္တလေးတွင် နေထိုင်ကြသည်။ ယောက်မဖြစ်သူမှာ မောင်ဖြစ်သူ ကိုဖုန်းမြတ်ကို တအားချစ်ရှာသည်။

ယောက်မဖြစ်သူသည် မန္တလေးမှာ သူ့အမျိုးသား၏ မိဘအမွေကိုရပြီး အိမ်ပိုင်မြေပိုင်ဖြင့် စီးပွားရေးလည်း တောင့်တင်းသည်။ ထို့ကြောင့်ပင် ကျွန်မတို့ အိမ်ထောင်ပြုသောအခါ ရန်ကုန်ရှိ ကိုဖုန်းမြတ်တို့ မိဘအိမ်လေးမှာပင် ကျွန်မတို့လင်မယားကို အိုးပိုင်အိမ်ပိုင်လေးဖြစ်အောင် ယောက်မက ပေးနေစေခဲ့သည်။ ကာလပေါက်ဈေးထက် အဆပေါင်းများစွာလျှော့ပေးပြီး အိမ်တန်ဖိုးရဲ့ သုံးပုံတစ်ပုံကို အဆင်ပြေမှပြေသလိုပေးဆိုသည့်ပုံစံနဲ့သာ ပြန်အမ်းစေခဲ့သည်။ ထို့ကြောင့် ကျွန်မတို့လင်မယား မိဘချန်ခဲ့သည့်အိမ်လေးမှာ နေထိုင်နိုင်ခဲ့ခြင်းဖြစ်သည်။ ကျွန်မမိခင်ကို အတူတူလာနေဖို့ခေါ်ခဲ့သော်လည်း သန္တာနှင့် သားအမိနှစ်ယောက် အတူတူနေမည်ဆိုသည့် အကြောင်းပြချက်ဖြင့် အမေက လာမနေနိုင်ခဲ့ပေ။ ကျွန်မခင်ပွန်း ကိုဖုန်းမြတ်က ကျွန်မအမေကို ယောက္ခမဖြစ်သော်လည်း အမေလိုသာ သဘောထားခဲ့သည်။

အိမ်ထောင်ဘက်ဆိုတာမျိုးက အလုံးစုံစိတ်တိုင်းကျနိုင်သူမျိုးတော့ ဘယ်ရှိနိုင်မလဲ။ သို့သော်လည်း ကျွန်မအမေကို မိခင်တစ်ယောက်လို သဘောထားပေးနိုင်သည့်ခင်ပွန်းကို ကျွန်မအနေဖြင့် ပြစ်မှားစရာအကြောင်းမရှိတော့ဘူးလေ။ လစဉ်လတိုင်း အမေ့အတွက်ကို မငြိုမငြင်ထောက်ပံ့ပေးခဲ့သည်။ အခုလို အလုပ်အကိုင်မကောင်းဖြစ်နေချိန်တောင် အမေ့အတွက် စဉ်းစားပေးသည့်ခင်ပွန်းကို ဘယ်လိုကျေးဇူးတင်ရမှန်းမသိအောင်ပင်ဖြစ်ရသည်။

ခက်နေသည်က ကျွန်မညီမသန္တာ။ ညနေက သူငယ်ချင်းညိုမာဦး ပြောပြသော သန္တာအကြောင်းများကြားရသောအခါ စိတ်မောမိသည်။

"အိမ်ဘက်ကို ခဏ ခဏလာကြည့်ပါဟာ။ အခုဆိုရင် သန္တာက အရင်က သန္တာမဟုတ်တော့ဘူး။ ထမင်းရယ်ဟင်းရယ်လို့ ဖွယ်ဖွယ်ရာရာမချက်အားတော့ဘူး။ စားခါနီးမှ ကမန်းကတမ်းချက်တဲ့ဟင်းတွေ၊ လက်ဖက်သုပ်တွေ၊ အနီးအနားထမင်းဆိုင်က ဟင်းတွေနဲ့ စားနေရတာ။ သူ့ဖို့တော့အဆင်ပြေတာပေ့ါ။ နင်တို့အမေက ဘယ်အဆင်ပြေမလဲ နီလာရယ်"

"သန္တာက ထမင်းဟင်းတောင်မချက်အားဘဲ ဘာလုပ်နေတာလဲ ဟင်""

"နင့်ညီမ အသက်ကြီးမှ ရည်းစားရနေတာလေ။ လိုင်းပေါ်ကတွေ့တဲ့ကောင်လေး။ အိမ်ကိုလာနေတာတောင်သုံးလေးခါရှိပြီ။ ကောင်လေးက အခုမှအသက် ၂၀ ကျော်သာသာလေး။ ရုပ်ကလေးဇန်းပြပြီး နင့်ညီမကို ချူစားတာနေမှာ ကြည့်ထိန်းအုံး”

တကယ်လည်း အိမ်မှာထမင်းပဲချက်ပြီး နံနက်က အမေ့ကို ဟင်းဆိုင်က ဟင်းဝယ်ကျွေးခဲ့လေသည်။ အမေဟာ ဖြစ်သလိုတွေစားနေရလို့ ခံတွင်းပျက်ပြီး နေမကောင်းတာကို သဘောပေါက်မိသည်။

ကိုဖုန်းမြတ်ကို ပြောပြသောအခါ–

"အေး မိန်းမရေ အိမ်ကနေသာ အမေ့အတွက် ဟင်းချက်ပြီးပို့လိုက်"ဟုသာ ကျွန်မကို ပြောလေတော့သည်။

(၄)

"ဒါဆို နင်က အိမ်ထောင်ပြုတော့မယ်ပေ့ါ"

ကျွန်မအမေးကို သန္တာက ခေါင်းညိတ်ပြီးဖြေသည်။ သန္တာပုံစံက အေးတိအေးစက်နှင့် မလွှဲသာ၍ အသိပေးရုံသက်သက်ပုံစံမျိုးဖြစ်နေသည်။

"ယောကျ်ားလေးရှင်ဘက်က လာမြန်းမှာလား"

"မမြန်းပါဘူး။ သူ့မိဘတွေက ဟိုးအဝေးကြီးမှာနေတာ။ ဘယ်သူ့ကိုမှ ဒုက္ခမပေးဘူး နှစ်ဦးသဘောတူပဲ။ မင်္ဂလာအသိအမှတ်ပြုဆွမ်းကျွေးလေးတော့ အခုလာမဲ့ တနင်္ဂနွေနေ့မှာလုပ်မယ်"

အိမ်ပေါ်ကို ဝေ့ဝဲကြည့်လိုက်သောအခါ ပုဆိုးတစ်ထည်လှမ်းထားတာတွေ့ရပြီး ယောကျ်ားလေးဝတ်ရုပ်အင်္ကျီတစ်ထည်လည်း အဝတ်တန်းမှာ လှမ်းထားတာတွေ့လိုက်သည်။

"သန္တာရယ် ယောကျ်ားယူမယ်ဆိုလဲ နည်းနည်းပါးပါးမတိုင်ပင်ဘူး။ ပြီးတော့ ကိုယ့်နဲ့ အသက်အများကြီးငယ်တဲ့သူကိုယူမှာ။ ဟိုက အတည်မပေါင်းဘဲ ပစ်သွားရင် ရင်နာရအုံးမယ်"

"မနီလာက သန္တာကို စိတ်ပူနေတာလား၊ ချိုးချိုးဖွဲ့ဖွဲ့ပြောချင်နေတာလား"

သန္တာ၏ခွန်းတုံ့ပြန်စကားကြောင့် ကျွန်မ စိတ်အရမ်းတိုသွားသည်။ အစ်မဖြစ်သူက သူ့အတွက်ပြောတာလား၊ စေတနာဖြင့် ပြောတာလားကိုပင် မစဉ်းစားတော့။ ကျွန်မလည်းဒေါသဖြင့် ဆက်ပြောလိုက်သည်။

"ဟဲ့ ညည်းကို ချိုးဖွဲ့ပြောနေတာမှ မဟုတ်တာ။ ညည်းပြောလို့ ပြောအုံးမယ်။ ညည်းဘာသာ မင်္ဂလာပဲဆောင်ဆောင်၊ ဆွမ်းပဲကပ်ကပ် ညည်းလုပ်ချင်ရာလုပ်။ အမေ့ ဆွဲကြိုးနှစ်ကုံးနဲ့ လက်ကောက်နှစ်ကွင်းက ညည်းသိမ်းထားတာဆို အခုဘယ်မှာလဲ""

"အို ခုနစ်ဆွေးရှစ်ဆွေးက ပစ္စည်းတွေ လာမေးနေတယ်။ ကုန်တာကြာပေ့ါ"

ကျွန်မတို့ညီအစ်မ ပြဿနာအကြီးအကျယ်တက်တော့သည်။ အမေကတော့ မျက်နှာငယ်လေးနှင့် နှစ်ယောက်စလုံးကို တော်ကြရန်ပြောလာသည်။ ကျွန်မလည်း ပြောလက်စနှင့် စကားတွေအကုန်ဆက်ပြောလိုက်တော့သည်။

"ညည်းကို ယောကျ်ားမယူလို့ဆိုပြီး အမေနဲ့အတူနေစေတာ။ ညည်းတို့ဘာသာညည်းတို့ ယောကျ်ားမယူတာနဲ့ မိဘတွေပစ္စည်းကို ညည်းတို့လူလွတ်တွေပိုပြီးပိုင်သင့်တယ်ဆိုတဲ့အချိုးကို ညည်းချိုးတယ်။ ညည်းတို့ယောကျ်ားမယူတိုင်း အခွင့်ထူးခံလူတန်းစားမဟုတ်ဘူး။ အေး အရင်ကတော့ ယောကျ်ားမယူသေးလို့ သည်းခံနေခဲ့တာ။ အခုယောကျ်ားယူတော့မယ်ဆိုတော့ ငါလဲ သည်းမခံတော့ဘူး။ တစ်လျှောက်လုံး ငါတို့လဲ အမေ့ကို ထောက်ပံ့နေခဲ့တာ။ အခု ညည်း ယောကျ်ားယူမယ်ဆိုရင် အမွေခွဲမယ်။ အိမ်ကိုရောင်းပြီး ခွဲမယ်။ အမေ့ကို ငါတာဝန်ယူပြီး ခေါ်ထားမယ်"

ထိုကိစ္စနှင့်ကျွန်မတို့ လူကြီးအိမ်ထိ ရောက်ကြရသည်။ ကျွန်မခင်ပွန်းကတော့ ကျွန်မကိုသာ အပြစ်တင်စကားဆိုသည်။ အမွေဆိုတာ စားထိုက်မှစားရမှာ ဟု ပြောလာသည်။ ဘယ်လိုပြောပြော ကျွန်မဘက်က အလျှော့မပေး။ ပေလေးဆယ်ခြောက်ဆယ် အကွက်ကြီးကို သူတစ်ယောက်တည်း မောင်ပိုင်စီးထားသည်။

စာမျက်နှာ ၂၅ သို့ ➤

# ရေဦးမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၃၀၀၂ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



ရေဦး ဩဂုတ် ၂၅

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် ရေဦးမြို့နယ်တွင် ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၃၀၀၂ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရေဦးမြို့နယ်တွင် ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၃၂၁၁ ကေ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ်မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၃၀၀၂ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ရေဦးမြို့နယ်မှာ နှမ်း ၃၂၁၁ ကေ စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ၃၀၀၂ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ နှမ်းစိုက်ပျိုးမှု လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်နေပါတယ်။ နှမ်းစိုက်ကေ တိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ GAP နည်းစနစ်တွေနဲ့စိုက်ပျိုးဖို့ ဆောင်ရွက်ပေးနေပါတယ်"ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ရေဦးမြို့နယ်တွင် ယခုနှစ်နှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP နည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးနေကြောင်း သိရသည်။

GAP နည်းစနစ်ဖြင့် စိုက်ပျိုးသည့် သီးနှံများသည် အခြားစိုက်ပျိုးနည်းများဖြင့် စိုက်ပျိုးသည့်သီးနှံများထက် အရည်အသွေး ပိုမိုကောင်းမွန်ခြင်း၊ ဈေးနှုန်းပိုမိုရရှိခြင်း၊ ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပဈေးကွက်များကိုပါ တင်ပို့ရောင်းချနိုင်ခြင်းတို့ကြောင့် GAP နည်းစနစ်ဖြင့် စိုက်ပျိုးသည့်တောင်သူများအနေဖြင့် အကျိုးစီးပွားပိုမိုဖြစ်ထွန်းကာ လူမှုစီးပွားဘဝများပါ တိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

(၂၀၆)

# သရက်မြို့နယ် မြွေပွေးကျေးရွာ၌ ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်း စစ်ဆေး

သရက် ဩဂုတ် ၂၅

မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ပံ့ပိုးရန်ပုံငွေဖြင့် မြွေပွေးကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သရက်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမိုးဝင်း၊ သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးယုနိုင်လင်းနှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာလမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ မြွေပွေးကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး သရက်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမိုးဝင်းက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

မြွေပွေးကျေးရွာ၌ အရှည်ပေ ၅၅၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP) ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၅၀ အသုံးပြု၍ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာပြည်သူလူထုကိုယ်တိုင် ဩဂုတ် ၁၉ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၃၅ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သရက်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမိုးဝင်းထံမှ သိရသည်။

ဆက်လူ

➤ စာမျက်နှာ ၂၄ မှအဆက်

အခုယောကျ်ားယူရင် သူစိမ်းကပါလာပြီ။ ကိုဖုန်းမြတ် တားနေသည့်ကြားက ကျွန်မလည်းအမွေကိစ္စကို ဆိုင်ရာလူကြီးများဖြင့် စကားပြောသည်။ အမေကတော့ နှစ်ယောက်လုံးစကို ရပ်တန်းကရပ်ကြရန် ပြောရှာသည်။ ကျွန်မတို့ပြဿနာတက်နေမှန်းသိ၍ အိမ်ပွဲစားများကလည်း ခြေချင်းလိမ်နေတော့သည်။

ကျွန်မအနေနဲ့ ရပိုင်ခွင့်ကိုမက်မောနေ၍မဟုတ်ပါ။ သန္တာယူလိုက်သည့် ယောကျ်ားဆိုသူ၏အချိုးကိုလည်း မကြိုက်၍သာဖြစ်သည်။ သန္တာ၏ မင်္ဂလာဆောင်ကို ကျွန်မ မသွားခဲ့ပေ။ သူတို့ကလည်း လမ်းတွေ့လို့တောင် မခေါ်ကြတော့ဘဲ ကျွန်မထက်ပင်ပိုပြီး တင်းမာနေကြသည်။

တစ်နေ့တော့ အမေဟာ ကျွန်မအိမ်ကိုရောက်လာသည်။ သန္တာနှင့်မနေလိုတော့ကြောင်း၊ သန္တာတို့လင်မယားလည်း တကျက်ကျက်ရန်ဖြစ်နေကြကြောင်း ပြောပြလာသည်။ သည်ကြားထဲ သန္တာတို့လင်မယား အိမ်ကိုပေါင်ရန် ကြိုးစားနေကြောင်း ကြားသိရသည်။

ကျွန်မလည်း ရပ်ကွက်ရုံးကနေ ထပ်ပြီးဖြေရှင်းဖို့ သူတို့ကိုခေါ်ခိုင်းရသည်။ အချေအတင်တွေ အတော်လေးဖြစ်ကြရသည်။ အမေကလည်း ကျွန်မနဲ့သာ နေနေပြီဖြစ်သောကြောင့် ကျွန်မဘက်က အသာစီးရလာသည်။

"သိပ်အမွေခွဲချင်နေရင် အိမ်နဲ့ခြံကို ဈေးဖြတ်ပြီး တစ်ဝက်အမ်းလိုက်လေဗျာ"

ဒီစကားကိုဝင်ပြောသူက ကျွန်မညီမသန္တာမဟုတ်ဘဲ သူ့ယောကျ်ားဖြစ်နေသည်။ ရပ်ကွက်အုပ်ချုပ်ရေးမှူးက ဝင်ဟန့်သည်။

"မင်းဝင်ပြောစရာ မလိုဘူး။ သူတို့ညီအစ်မချင်း ရှင်းပါစေ"ဟု ပြောလိုက်မှ ပါးစပ်ပိတ်သွားသည်။ နောက်ဆုံးတော့ သက်ရှိထင်ရှားရှိနေသည့် အမေကတစ်စု၊ ကျွန်မတို့ညီအစ်မနှစ်ယောက်က တစ်စုစီယူရန် လူကြီးတွေက ဆုံးဖြတ်ပေးသည်။

အိမ်ကိုမရောင်းလိုတာကြောင့် ကိုဖုန်းမြတ်အစ်မကို အကျိုးအကြောင်းပြောပြလိုက်ရာ ယောက်မဖြစ်သူက သန္တာကိုပေးရမည့်ဝေစုကို အမ်းပေးမည့်အကြောင်း စိတ်မပူရန်အကြောင်းပြန်လာသည်။

သန္တာလည်း ရသည့်ငွေကြေးများပိုက်ပြီး သူ့ယောကျ်ားခေါ်ရာကို ကောက်ကောက်ပါအောင်လိုက်သွားတော့သည်။ ခြောက်လလောက်ကြာသောအခါ ညကြီးမိုးချုပ်တွင် သန္တာပြန်ရောက်လာတော့သည်။ မမှတ်မိလောက်အောင်ပိန်ချုံးပြီး အရွယ်တွေပါကျနေသည်။ ရောက်လာလာချင်းတော့ ဒေါသစိတ်ဖြင့် မောင်းထုတ်ချင်မိသည်။ နောက်မှ တစ်ဦးတည်းသောညီမလေးဆိုသည့် သွေးသားသံယောဇဉ်ကြောင့် လက်ခံရပြန်သည်။ သူ့ယောကျ်ားပိုင်းလုံးက ငွေတွေအကြိုက်သုံးဖြုန်းလို့ကုန်တော့ မနေနိုင်အောင်နှိပ်စက်ပြီး မောင်းထုတ်လိုက်ပြီဖြစ်သည်။

တစ်လခန့်ကြာသောအခါ ကျွန်မညီမသန္တာ ပြည့်ပြည့်ဖြိုးဖြိုးလေး ပြန်ဖြစ်လာသည်။ အရင်က သန္တာမဟုတ်တော့ဘူး။ အခုက ကျွန်မဆီမှာ မှီခိုရသူဖြစ်သွားပြီလေ။ အသိတရားများလည်းဝင်သွားပြီ။ တစ်ခုလပ်လည်းဖြစ်ကျန်ခဲ့ပြီ။ ကျွန်မတို့မိသားစုမှာပဲ ဝိုင်းလုပ်ဝိုင်းစား ဆက်နေသွားတော့သည်။ ကျွန်မတို့ အမွေဆိုင်အိမ်ကလေးကတော့ ယောက်မကောင်းမှုကြောင့်သာ မပျောက်မပျက်ဆက်ရှိနေခဲ့သည်။ အကြွေးကိုလည်း ကျွန်မတို့ အခုထိဆပ်နေရပါသေးသည်။ သန္တာကတော့ အခုဆိုရင် လုံးဝ Facebook မသုံးတော့ပါဘူး။ တစ်ခုခုဆို အစ်မဖြစ်သူ ကျွန်မမျက်နှာလေး မော့မော့ကြည့်နေပါတော့သည်။

အမွေဆိုသည်မှာ စားထိုက်မှစားရသည်ဆိုသည့် စကားကိုဖြင့် ကျွန်မ မကြာခဏပြန်လည်ကြားယောင်နေမိပါတော့သည်။

## ဘိုးဘွားအမွေ အမြဲတည်စေ

\- တို့အမွေ အစပေါင်း
ရာထောင်သောင်း မကပေ၊
ရှုမြင်ရာ နယ်တစ်ကြော
ကြွယ်ပေါလျှံဝေ၊
ရွှေသီးတဲ့ မြေကြီးတွေ
နေပြီးလေ ခွာမဖွဲ့၊
အမွေခံ စိတ်အသိ
ရှိကြပါကွဲ့။

\- ထည်ဝါဂုဏ် လျှံပြည့်ခဲ့
မာန်ရှိတဲ့ မျိုးမြန်မာ၊
တိုင်းရင်းဆွေ ညီနောင်စု
တည်အောင်ပြုကာ၊
ဘိုးဘွားတို့ အမွေပါ
ရှင်းသန့်စွာ မြဲတည်ရေး၊
တို့အတူ စောင့်ထိန်းသိမ်း
ကင်းငြိမ်းရန်ဝေး။

\- တိုင်းပြည်နယ် ဂုဏ်ရောင်ဖွေး
ငြိမ်းအေးလို့ ထာဝစဉ်၊
တို့အမွေ တိုးပွားဖို့
ရိုးသားချစ်ခင်၊
ချစ်ကြိုးယှက် တွယ်ရစ်ငင်
ဝန်းကျင်လှ ရွှင်ပျော်မွေ့၊
အမွေခံ ဖြူစိတ်ဓာတ်နဲ့
ထူးမြတ်ဝေလေ့။ ။

ငြိမ်းချမ်းအောင်(နတ်တလင်း)

# ပင်းတယမြို့နယ် စကြာကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

ပင်းတယ ဩဂုတ် ၂၅

ရှမ်းပြည်နယ် (တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ပွေးလှကျေးရွာအုပ်စု စကြာကုန်းကျေးရွာ၌ ပဉ္စမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ဩဂုတ် ၂၄ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးလင်းထွဋ်ခိုင်က ကျေးလက်နေပြည်သူများ မိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်ရန်၊ လိုအပ်သည့်ငွေကြေးအရင်းအနှီးများ ရရှိစေရန်နှင့် တိုးပွားလာသော အတိုးရငွေများဖြင့် ကျေးရွာတွင်းဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပင်းတယမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၄၀၇ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက စကြာကုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူဦးရေ ၈၀ ကို ရန်ပုံငွေကျပ် ၄၀၇ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

မောင်ခိုင်

# Mpox (မျောက်ကျောက်)ရောဂါမဖြစ်ရေး သတိနှင့်နေထိုင်ပေး

ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO) က ဩဂုတ် ၁၄ ရက်တွင် (Mpox)မျောက်ကျောက်ရောဂါကို နိုင်ငံတကာပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေ (PHEIC) အဖြစ် ကြေညာခဲ့သည်။ ကွန်ဂိုတွင် ယခုနှစ်နှစ်စကတည်းက မျောက်ကျောက်ရောဂါဖြစ်ပွားမှု သိသိသာသာတိုးလာပြီး ကူးစက်ခံရသူပေါင်း ၁၅၆၀၀ ကျော်နှင့် သေဆုံးသူ ၅၃၇ ဦးထိရှိခဲ့သည်။ ထို့ကြောင့် အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဌာနက ဩဂုတ် ၁၃ ရက်တွင် အရေးပေါ်အခြေအနေ ထုတ်ပြန်ခဲ့ပြီး နောက်တစ်နေ့တွင် WHO က ယခုလို ကြေညာခဲ့ရခြင်းဖြစ်ပါသည်။

လူဦးရေသန်း ၁၀၀ ခန့်ရှိသောဒီမိုကရက်တစ်ကွန်ဂိုနိုင်ငံ (DRC) ရှိ ပြည်နယ် ၂၆ ခုစလုံးတွင် ဗိုင်းရပ်မျိုးကွဲသစ်(Clade 1b) လျင်မြန်စွာကူးစက်ပျံ့နှံ့လာရုံမျှမက ဘရွန်ဒီနိုင်ငံ၊ ဗဟိုအာဖရိကသမ္မတနိုင်ငံ၊ ရဝမ်ဒါနိုင်ငံအပါအဝင် အခြားအာဖရိကတိုက်ရှိနိုင်ငံများတွင် ကူးစက်လူနာများရှိနေပြီး နိုင်ငံအရှေ့ပိုင်းတွင် နယ်စပ်ဖြတ်ကျော် ကူးစက်မှုများလည်းရှိနေသည်။ ၁၉၈၀ ပြည့်နှစ် အာဖရိကဒေသ၌ ကျောက်ရောဂါကို အမြစ်ဖြတ်လိုက်သည့်အတွက် ကာကွယ်ဆေးထိုးလုပ်ငန်းရပ်တန့်ပြီးနောက် မျောက်ကျောက်ရောဂါဖြစ်ပွားလာခြင်းဖြစ်သည်။ ထို့ကြောင့် အာဖရိကရောဂါကာကွယ် ထိန်းချုပ်ရေးဌာနက ဒေသတွင်း၌ Mpox ရောဂါကာကွယ်ဆေးထိုးလုပ်ငန်းကို လာမည့်ရက်ပိုင်းအတွင်း စတင်မည်ဟု ထုတ်ပြန်ထားသည်။

၂၀၂၄ ခုနှစ်တွင် တစ်ကျော့ပြန် ခေါင်းထောင်လာသော Mpox သည် Clade 1b နှင့် Clade 2 ဟူ၍ မျောက်ကျောက်ပိုးမျိုးစိတ်သစ် နှစ်မျိုးထွက်ပေါ်လျက်ရှိရာ လတ်တလောကွန်ဂိုနိုင်ငံတွင် ပျံ့နှံ့နေသည့် Clade 1b အမျိုးအစားသည် အသက်ရှူလမ်းကြောင်းမှတစ်ဆင့် ကူးစက်နိုင်သည့်အတွက် ပိုမိုပြင်းထန်ပြီး ပိုအန္တရာယ်ရှိသည်။ ထိုအမျိုးအစားသည် ကူးစက်ခံရသူနှင့် နီးနီးကပ်ကပ်ရှိနေမည်ဆိုပါက အချိန် ၄ နာရီအတွင်း ကူးစက်နိုင်သည်။ Clade 2 အမျိုးအစားသည် Clade 1b ကဲ့သို့ ပြင်းထန်မှုမရှိပေ။ Clade 2 အမျိုးအစားကူးစက်ခံရသူများ၏ ၉၈ ရာခိုင်နှုန်းသည် အမျိုးသားများဖြစ်ပြီး လိင်တူဆက်ဆံခြင်းမှ ကူးစက်ခံရသူပိုများသည်။Clade 1b၊ Clade 2 နှင့် ၎င်းတို့၏ မျိုးကွဲများအားလုံးသည် ကလေး၊ လူကြီးမရွေးကူးစက်နိုင်ပါသည်။

ကူးစက်ပြင်းထန်(Mpox)မျောက်ကျောက်ရောဂါဖြစ်ပွားမှုနှင့်ပတ်သက်၍ ထိုင်းနိုင်ငံတွင် ဩဂုတ် ၂၁ ရက်ထုတ်ပြန်ချက်အရ မျောက်ကျောက်ရောဂါ Clade 2 အမျိုးအစားပိုးကူးစက်ခံရသူ ၁၉၁ ဦးရှိနေကြောင်း၊ လတ်တလောတွင် ကူးစက်မြန်ဆန်ဗိုင်းရပ်မျိုးကွဲအသစ် Clade 1b ကူးစက်ခံထားရသူသည် ထိုင်းနိုင်ငံတွင် အခြေစိုက်နေထိုင်သည့် အသက် ၆၆ နှစ်အရွယ်ရှိ ဥရောပသားတစ်ဦးဖြစ်ကြောင်း၊ ၎င်းသည်အာဖရိကဒေသတွင် သွားရောက်အလုပ်လုပ်ကိုင်နေရာမှ ဩဂုတ် ၁၄ ရက်တွင် ထိုင်းနိုင်ငံသို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိခဲ့ပြီး နောက်တစ်နေ့တွင် ကိုယ်အပူချိန် မြင့်တက်လာကာ အဖုအပိမ့်များထွက်လာသဖြင့် ဆေးရုံတွင် သွားရောက်ကုသခဲ့ရာမှ Mpox ရောဂါကူးစက်ခံရသည်ကို တွေ့ရှိခဲ့ကြောင်းနှင့် ၎င်းနှင့်အတူလေယာဉ်စီးလာသည့် ခရီးသည် ၄၃ ဦးတို့ကို ဖျားနာမှုတစ်စုံတစ်ရာရှိပါက ကျန်းမာရေးဌာနတွင် သွားရောက်ကုသမှုခံယူရန် ထိုင်းနိုင်ငံကူးစက်ရောဂါထိန်းချုပ်ရေးဌာနက သတင်းထုတ်ပြန်ထားသည်။

အာဂျင်တီးနားနိုင်ငံတွင် ဩဂုတ် ၂၀ ရက်က ပဲပိစပ်များတင်ဆောင်လာသော ကုန်တင်သင်္ဘောပေါ်၌ Mpox ကူးစက်ခံထားရသူ သင်္ဘောသားတစ်ဦး တွေ့ရှိထား၍ ဆေးရုံသို့ပို့ဆောင် စစ်ဆေးမှုများလုပ်နေကြောင်းနှင့် လက်ရှိအချိန်တွင် အဆိုပါကုန်တင်သင်္ဘောကိုပါ ရာနာမြစ်အတွင်းသီးခြားနေရာ၌ ကျောက်ချရပ်နားထားပြီး ကျောက်ချစဉ် လူအတက်အဆင်းပြုလုပ်ခွင့်ပိတ်ထားကြောင်း အာဂျင်တီးနားတာဝန်ရှိသူများက သတင်းထုတ်ပြန်ထားသည်။

အင်ဒိုနီးရှားနိုင်ငံတွင် ဩဂုတ်လ ၂၀ ရက်အတွင်း Mpox ကူးစက်ခံထားရသူ ၈၈ ဦးထက်မနည်းရှိနေပြီး ၎င်းတို့အနက် အများစုသည် ပြန်လည်ကောင်းမွန်လာကြောင်း၊ ယခုအခါ အင်ဒိုနီးရှားကျန်းမာရေးအာဏာပိုင်များက Mpox ပျံ့နှံ့မှုကို ကြိုတင်ကာကွယ်တားဆီးရန် ကြိုးပမ်းမှုတစ်စိတ်တစ်ပိုင်းအဖြစ် နိုင်ငံအတွင်းသို့ လာရောက်ရန် ဖိတ်ကြားထား



သည့် အခြားနိုင်ငံများမှ ဧည့်သည်များအပါအဝင် ဝင်ရောက်လာသည့် နိုင်ငံခြားသား ဧည့်သည်များကို ကျန်းမာရေးဆိုင်ရာမေးခွန်းလွှာများဖြည့်စွက်ရန် လေဆိပ်ရှိစစ်ဆေးရေးဂိတ်များတွင် စစ်ဆေးသည့် အစီအစဉ်များကို ချမှတ်လုပ်ဆောင်လျက်ရှိသည်။

ဖိလစ်ပိုင်နိုင်ငံတွင် ယခုနှစ် ဩဂုတ် ၁၉ ရက်က မျောက်ကျောက်ရောဂါ ကူးစက်ခံရသူတစ်ဦးကို တွေ့ရှိထားကြောင်း၊ အဆိုပါ ကူးစက်ခံရသူမှာ အသက် ၃၃ နှစ်အရွယ် ဖိလစ်ပိုင်နိုင်ငံသားအမျိုးသားတစ်ဦးဖြစ်ပြီး ပြည်ပသို့ ခရီးသွားခဲ့ဖူးသူမဟုတ်ကြောင်း၊ ၎င်းအနေဖြင့် ထိုရောဂါမည်သို့ကူးစက်ခံခဲ့ရပြီး မည်သည့်အမျိုးအစားဖြစ်သည်ကို ဖော်ထုတ်နိုင်ရန် ဆက်လက်ဓာတ်ခွဲစစ်ဆေးနေဆဲဖြစ်ကြောင်း ဖိလစ်ပိုင်ကျန်းမာရေးဌာနက သတင်းထုတ်ပြန်ထားသည်။

ပါကစ္စတန်နိုင်ငံ အနောက်တောင်ပိုင်းဒေသ၌ မျောက်ကျောက်ရောဂါဖြစ်ပွားသူ အနည်းဆုံး သုံးဦးတွေ့ရှိထားပြီး အဆိုပါရောဂါဖြစ်ပွားသူတို့ကို ၎င်းတို့အလုပ်လုပ်ရာ အရှေ့အလယ်ပိုင်းဒေသမှ နိုင်ငံအတွင်းသို့ ပြန်လာစဉ် တွေ့ရှိရကြောင်း၊ ထို့ပြင် ထိုရောဂါသံသယရှိသူနောက်တစ်ဦး၏ ရောဂါပိုးနမူနာကို ဓာတ်ခွဲခန်းသို့ ပို့ထားကြောင်း ပါကစ္စတန်နိုင်ငံ ကျန်းမာရေးတာဝန်ရှိသူများက ဩဂုတ် ၁၆ ရက်က သတင်းထုတ်ပြန်ထားသည်။

ဆွီဒင်နိုင်ငံ၌ ကူးစက်မှုပြင်းထန်သည့် မျောက်ကျောက်ရောဂါဖြစ်ပွားမှုကို ဩဂုတ် ၁၅ ရက်တွင် တွေ့ရကြောင်း၊ Mpox ဗိုင်းရပ်မျိုးကွဲမှာ Clade 1b ဖြစ်ပြီး အသက်ရှူလမ်းကြောင်းမှတစ်ဆင့် ကူးစက်နိုင်သော မျိုးကွဲဖြစ်ကြောင်း ဆွီဒင်နိုင်ငံကျန်းမာရေးတာဝန်ရှိသူများက သတင်းထုတ်ပြန်ထားသည်။

**မျောက်ကျောက်ရာဇဝင်**

၁၉၅၈ ခုနှစ်တွင် ဒိန်းမတ်နိုင်ငံ ကိုပင်ဟေဂင်မြို့ရှိ ဓာတ်ခွဲခန်းကမျောက်များတွင် ဗိုင်းရပ်ရောဂါပိုးတစ်မျိုးစတင်တွေ့ရှိခဲ့သဖြင့် Monkeypox (မျောက်ကျောက်ရောဂါ) ဟုအမည်ပေးခဲ့ခြင်းဖြစ်သည်။ အဆိုပါ ရှားပါးကူးစက်ရောဂါတစ်မျိုးသည် အာဖရိကတိုက် ကွန်ဂိုနိုင်ငံအလယ်ပိုင်းနှင့် အနောက်ပိုင်းနိုင်ငံရှိ အပူပိုင်းမိုးသစ်တောများတွင် ၁၉၇၀ ပြည့်လွန်နှစ်များက လူများ၌စတင်ဖြစ်ပွားခဲ့ပြီး ၁၉၉၀ ပြည့်လွန်နှစ်များအတွင်း ပျောက်ကွယ်သွားသည်။ တစ်ဖန် ၂၀၀၀ ပြည့်နှစ် နောက်ပိုင်းတွင် တောင်ဆူဒန်နှင့် အခြားအာဖရိကနိုင်ငံများ၌ ပြန်လည်ဖြစ်ပွားလာခဲ့သည်။ ၂၀၀၃ ခုနှစ် မေလတွင် အမေရိကန်နိုင်ငံ ဝစ္စကိုဆင်ပြည်နယ်မှ ကလေးငယ်တစ်ဦးခွေးကိုက်ခံရပြီးနောက် ထိုရောဂါကူးစက်ခံခဲ့ရသည်။

၂၀၂၂ ခုနှစ်အတွင်း အာဖရိကအလယ်ပိုင်း၊ အာဖရိကအနောက်ပိုင်းတို့တွင်သာမက ဥရောပ၊ မြောက်အမေရိကနှင့် ကမ္ဘာ့နေရာအနှံ့အပြားတွင် မျောက်ကျောက်ရောဂါကူးစက်ပျံ့နှံ့လာပြီဖြစ်သည်။ ကူးစက်မှုသိသိသာသာမြင့်တက်ခဲ့ပြီးနောက် ၂၀၂၂ ခုနှစ် ဇူလိုင် ၂၃ ရက်တွင် WHO က နိုင်ငံတကာစိုးရိမ်ဖွယ် အများပြည်သူ ကျန်းမာရေး အရေးပေါ်အခြေအနေအဖြစ် ထုတ်ပြန်ကြေညာခဲ့သော်လည်း ၂၀၂၃ ခုနှစ် မေ ၁၁ ရက်တွင် နိုင်ငံတကာပြည်သူ့ကျန်းမာရေးအရေးပေါ်အခြေအနေမှ ဖြေလျှော့ခဲ့သည်။ မူလက မျောက်ကျောက် (Monkey Pox) ဟုခေါ်ဆိုကြသော်လည်း ၂၀၂၂ ခုနှစ် အကုန်တွင် Mpox သို့ ပြောင်းလဲခေါ်ဆိုရန် WHO က ကြေညာခဲ့ပါသည်။

**သံသယဖြစ်ဖွယ် ရောဂါလက္ခဏာများ**

မျောက်ကျောက်ရောဂါ၏ ထူးခြားချက်က ပေါင်ခြံ၊ ချိုင်း၊ လည်ပင်း စသည့် နေရာများတွင် အကျိတ်များ ထွက်ပေါ်လာသည်။ ရောဂါလက္ခဏာများမှာ ရေကျောက်ရောဂါနှင့်ဆင်တူသည်။ အပြင်ပန်းအားဖြင့်ကြည့်လျှင် ရေကျောက်နှင့် မျောက်ကျောက်ရောဂါတို့သည် အရည်ကြည်ဖုပေါက်ခြင်းက တူသယောင်ထင်ရသော်လည်း မျောက်ကျောက်အရည်ကြည်ဖုများက မိတ္တူကူးထားသကဲ့သို့ တစ်လုံးနှင့်တစ်လုံး ဘယ်အချိန်ကြည့်ကြည့် အရွယ်တူ၊ ပုံစံတူများသာဖြစ်သည်။ ၎င်းအဖုအကွက်များသည် ကိုယ်လုံးပေါ်မှာထွက်ခြင်းထက် မျက်နှာ၊ ခြေ၊ လက်တို့ပေါ်တွင် ပိုထွက်တတ်သည်။

Mpox ရောဂါလက္ခဏာများအနေဖြင့် ဖျားနာခြင်း၊ ပြန်ရည်ကျိတ်ရောင်ရမ်းခြင်း၊ ပင်ပန်း နွမ်းနယ်ခြင်း၊ ကြွက်သားများ နာကျင်ခြင်း၊ ခေါင်းကိုက်ခြင်း၊ လည်ချောင်းနာခြင်း ဖြစ်ပေါ်ခံစားရတတ်ကြောင်း သိရသည်။ ဖျားပြီးနောက် တစ်ရက်မှငါးရက်ခန့်အကြာ ခန္ဓာကိုယ်၌ အနီစက် သို့မဟုတ် အနီပျဉ်များဖြစ်ပေါ်ခြင်း၊ အရည်ဖုများ၊ ပြည်ဖုများ စသည်ဖြင့် အဆင့်ဆင့် ဖြစ်ပေါ်ပြီးနောက် အနာများဖြစ်ပေါ်ကာ နောက်ဆုံးတွင် အနာများပျောက်ကင်းသွားပြီး အမာရွတ်အနေဖြင့် ကျန်ခဲ့နိုင်ပါသည်။ အမေရိကန်ရောဂါ ထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာ (CDC) ၏ အဆိုအရ လူအများစုသည် Mpox ကူးစက်ခံရပြီးနောက် ရက်သတ္တနှစ်ပတ်မှ လေးပတ်အတွင်း ပြန်လည်ကောင်းမွန်လာကြောင်း သိရသည်။

**ရောဂါကူးစက်နိုင်ခြေရှိသည့် နည်းလမ်းများ။**

မျောက်ကျောက်ရောဂါသည် တိရစ္ဆာန်မှလူကိုကူးစက်ခြင်း၊ လိင်မှတစ်ဆင့် ကူးစက်ခြင်း၊ အရေပြားမှတစ်ဆင့် ကူးစက်ခြင်းအပြင် ရောဂါရှိသူနှင့် အနီးကပ်စကားပြောခြင်း၊ အနီးကပ်နေထိုင်ခြင်း၊ အနီးကပ်အသက်ရှူခြင်းစသော နည်းလမ်းများဖြင့် ကူးစက်တတ်သည်။ တိရစ္ဆာန်မှတစ်ဆင့် လူသို့ကူးစက်နိုင်ခြေကိုလျှော့ချနိုင်ရန် တောရိုင်းတိရစ္ဆာန်များနှင့် အကာအကွယ်မရှိဘဲ ထိတွေ့ခြင်းကို ရှောင်ကြဉ်ရပါမည်။ ထို့ပြင် လိင်တူစိတ်ဝင်စားသူများတွင် Mpox ရောဂါကူးစက်နိုင်ခြေပိုများသည်။ ထို့ကြောင့် အဆိုပါရောဂါနှင့် အမြင့်ဆုံးကူးစက်ထိတွေ့ခဲ့သူသည် ရက်သတ္တသုံးပတ်ကြာ သီးသန့် ခွဲခြားနေထိုင်ရမည်ဟု ဘယ်လ်ဂျီယံနိုင်ငံနှင့် အင်္ဂလန်ကျန်းမာရေးသုတေသီများက အကြံပြုချက်ထုတ်ပြန်ထားသည်။

**ကာကွယ်နိုင်မည့် နည်းလမ်းများ**

မျောက်ကျောက်ရောဂါသည် ကူးစက်ရောဂါဖြစ်သည့်အတွက် တစ်ကိုယ်ရေသန့်ရှင်းမှုက အထူးအရေးကြီးသည်။ ကိုဗစ်-၁၉ စည်းကမ်းချက်များနှင့်အညီ နေထိုင်တတ်သူများအတွက် မျောက်ကျောက်ရောဂါကို ကာကွယ်ရန် မခဲယဉ်းလှပေ။ Mpox ရောဂါလက္ခဏာခံစားနေရသူများနှင့် အနီးကပ်ထိတွေ့ခြင်းကို ရှောင်ကြဉ်ပါ။ လက်ကို ဆပ်ပြာနှင့်ရေ သို့မဟုတ် အယ်လ်ကိုဟော အနည်းဆုံး ၆၀ ရာခိုင်နှုန်းပါဝင်သော ရေမလို လက်သန့်စင်ဆေးရည် အသုံးပြု၍ စနစ်တကျဆေးကြောပါ။ ပါးစပ်နှင့် နှာခေါင်းစည်း(Mask) ကို စနစ်တကျတပ်ဆင်ပါ။ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေပါ။ နှာချေ၊ ချောင်းဆိုးသည့်အခါ လက်ကိုင်ပဝါ သို့မဟုတ် တံတောင်ကွေးဖြင့် လုံခြုံစွာဖုံးအုပ်ပါ။ အသားစိမ်းများကို ကျက်အောင်ချက်စားပါ။ တောရိုင်းတိရစ္ဆာန်များကို အကာအကွယ်မပါဘဲ မထိတွေ့ရ။ လက်မဆေးဘဲ ပါးစပ်၊ နှာခေါင်းနှင့် မျက်စိတို့ကို ကိုင်တွယ်ခြင်း မပြုရပါ။ တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး ကောင်းမွန်စေရန် ဆောင်ရွက်ပါ။

အချုပ်အားဖြင့်ဆိုရသော် ကမ္ဘာကြီးတွင် လွန်ခဲ့သော ဆယ်စုနှစ် နှစ်စုကျော်ကာလအတွင်း ဖြစ်ပွားခဲ့သောရောဂါများ၏ ၇၅ ရာခိုင်နှုန်းမှာ တိရစ္ဆာန်မှလူသို့ ကူးစက်သောရောဂါများဖြစ်သည်။ မျက်မှောက်ကာလသည် အကြောင်းအမျိုးမျိုးဖြင့် ကမ္ဘာအနှံ့သို့ ကူးသန်းသွားလာရေးများပြားလာမှု၊ နေထိုင်ရာအရပ်ဒေသပြောင်းလဲလာမှု၊ နေထိုင်သည့်ပုံစံကွဲပြားမှု၊ လူနှင့် တိရစ္ဆာန်တို့ တစ်သားတည်းဖြစ်နေမှုတို့ကြောင့် တိရစ္ဆာန်မှလူသို့ဖြစ်စေ၊ လူအချင်းချင်းဖြစ်စေ ကူးစက်ရောဂါများလည်း တစ်နေ့တခြားမြင့်တက်နေမည်ဖြစ်သည်။ ထို့ကြောင့် အများပြည်သူတို့အနေဖြင့် ကျန်းမာရေးဝန်ကြီးဌာန က ထုတ်ပြန်ထားသော မျောက်ကျောက်ရောဂါ ကာကွယ်ရေးဆိုင်ရာ ဆောင်ရန်၊ ရှောင်ရန်အချက်များကို အလေးထားလိုက်နာ၍ သတိပြုရမည်ဖြစ်ပါကြောင်း မျောက်ကျောက်ရောဂါမဖြစ်ရေး သတိပေးလိုက်ရပါသည်။

ပေါက်ပေါက်

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

သတင်းထုတ်ပြန်ချက်

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကိုဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ရက်နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့် ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့်ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# သာပေါင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၄၂၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



ပုသိမ် ဩဂုတ် ၂၅

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် သာပေါင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၄၂၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

သာပေါင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၄၆၃ ဧကထိ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇွန်လပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဖူးစားပြောင်း၄၂၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရေး စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၊ စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

"သာပေါင်းမြို့နယ်မှာရှိတဲ့ ဒေသခံတောင်သူတွေက စပါးအပြင် အခြားသီးနှံတွေကိုလဲ စိုက်ပျိုးပါတယ်။ ဒီနှစ်မှာ ဖူးစားပြောင်းကို၄၆၃ဧကထိစိုက်ပျိုးဖို့လျာထားပါတယ်။ လက်ရှိမှာ ၄၂၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားချက်အတိုင်း ပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ စိုက်ပျိုးရေးဦးစီးဌာနနဲ့ ဆက်စပ်ဌာနတွေ ပူးပေါင်းဆောင်ရွက်နေပါတယ်" ဟု ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဦးဝင်းစိုးက ပြောပြသည်။

အဆိုပါ စိုက်ပျိုးနေသော ဖူးစားပြောင်းများ ရွက်လိပ်ပိုး၊ ရွက်ဖျက်ပိုး၊ ငမြောင်တောင်ပိုး စသည့်ပိုးမွှားအန္တရာယ်များ မကျရောက်စေရေး၊ အထွက်နှုန်းကောင်းစေရေးတို့အတွက် စိုက်ပျိုးရေးဦးစီးဌာနမှ တောင်သူ အသိပညာပေး လုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

# ပုလောမြို့နယ် ဂျဲတောင်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှုစစ်ဆေး

ပုလော ဩဂုတ် ၂၅

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ပုလောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဂျဲတောင်ကျေးရွာ၌ ရေရရှိရေး လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ဩဂုတ် ၂၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပုလောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေလင်းအောင်နှင့်တာဝန်ရှိသူများက ကျေးရွာရေရရှိရေး ကော်မတီဝင်များနှင့်အတူ ဂျဲတောင်ကျေးရွာ၌ စိမ့်စမ်းရေ သွယ်တန်းဆောင်ရွက်နေမှု အခြေအနေများ၊ အုတ်ရေကန်တည်ဆောက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ တင်ဒါအောင်မြင်သည့်ကုမ္ပဏီမှတာဝန်ရှိသူများနှင့်တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး ဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

ပုလောမြို့နယ် ဂျဲတောင်ကျေးရွာ၌ ရေရရှိရေးအတွက် အရှည်သုံးမိုင် စိမ့်စမ်းရေသွယ်တန်းခြင်း၊ ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန် တည်ဆောက်ခြင်း လုပ်ငန်းများကို ၂၀၂၄-၂၀၂၅ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၇၂ ဒသမ ၅ သန်းဖြင့် တင်ဒါအောင်မြင်သည့် မြတ်ကျော်ဇင်ကုမ္ပဏီက ဇွန်လပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၈၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက ဂျဲတောင်ကျေးရွာရှိ ပြည်သူများအတွက် ရာသီမရွေး သောက်သုံးရေဖူလုံစွာရရှိမည်ဖြစ်ကြောင်း ပုလောမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေလင်းအောင်ထံမှ သိရသည်။

ဖြိုးထက်အောင်(ပျော်ဘွယ်)

# ကာကွယ်ရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုမြင့်တင်လျက်ရှိသော အင်ဒိုနီးရှားနှင့်သြစတြေးလျနိုင်ငံ

အင်ဒိုနီးရှားနှင့် သြစတြေးလျနိုင်ငံတို့သည် ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ်အသစ်တစ်ရပ် လက်မှတ်ရေးထိုးရန် သဘောတူညီထားပြီးဖြစ်သည့်အတွက် တင်းမာမှုနှင့်ကန့်သတ်မှုများရှိနေသော ဒေသတွင်းလုံခြုံရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်သွားနိုင်မည်ဖြစ်ကြောင်း သြစတြေးလျဝန်ကြီးချုပ် အယ်ဘန်နိစ်က ပြောကြားခဲ့သည်။

သြစတြေးလျဝန်ကြီးချုပ် အယ်ဘန်နိစ်သည် သြဂုတ် ၂၀ ရက်က ကင်ဘာရာမြို့၌ အင်ဒိုနီးရှားနိုင်ငံ၏ ရွေးကောက်ခံသမ္မတ ပရာဘိုဝိုဆူဘီယန်နှင့် တွေ့ဆုံဆွေးနွေးစဉ် လာမည့်နေ့များအတွင်းလုံခြုံရေးစာချုပ်အဆင့်ရှိ စာချုပ်တစ်ရပ်ကို သမိုင်းဝင်လက်မှတ်ရေးထိုးသွားမည်ဖြစ်ကြောင်း၊ ၎င်းစာချုပ်သည် တစ်နိုင်ငံချင်းစီ၏လုံခြုံရေးကို အထောက်အကူပြုသွားမည်ဖြစ်သဖြင့် နှစ်နိုင်ငံစလုံးအတွက် အရေးပါလျက်ရှိသည့်အပြင် ဒေသတွင်းတည်ငြိမ်အေးချမ်းမှုကိုလည်း အထောက်အကူပြုသွားလိမ့်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ရွေးကောက်ခံသမ္မတ ပရာဘိုဝိုဆူဘီယန်သည် အယ်ဘန်နိစ်နှင့် တွေ့ဆုံဆွေးနွေးပြီးနောက် သြစတြေးလျလွှတ်တော်၌ မိန့်ခွန်းပြောကြားစဉ် သဘောတူစာချုပ်သည် အနာဂတ်တွင် နှစ်နိုင်ငံစလုံးအတွက် အကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ ကာကွယ်ရေးအပြင် စီးပွားရေး၊ စားနပ်ရိက္ခာလုံခြုံမှု၊ စိုက်ပျိုးရေးနှင့် နိုင်ငံတကာမူးယစ်ဆေးဝါးတရားမဝင်ရောင်းဝယ်မှုတို့ကိုလည်း ထိန်းချုပ်ရေးတွင် သြစတြေးလျနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်သွားလိုကြောင်း၊ မိမိတို့၏စီးပွားရေးတွင် သြစတြေးလျနိုင်ငံက ပိုမိုပါဝင်ဆောင်ရွက်လာမှုကိုတွေ့မြင်လိုကြောင်း၊ ကောင်းမွန်သောအိမ်နီးချင်းဆက်ဆံရေးကို ဆက်လက်ထိန်းသိမ်းသွားမည်ဖြစ်ကြောင်း၊ သြစတြေးလျနိုင်ငံသည် အင်ဒိုနီးရှားနိုင်ငံအတွက် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

ရွေးကောက်ခံသမ္မတပရာဘိုဝိုဆူဘီယန်က မိမိအနေဖြင့် လက်ရှိသမ္မတ ဂျိုကိုဝီဒိုဒို၏ ဘက်မလိုက်နိုင်ငံခြားရေးဝါဒကို ဆက်လက်ကျင့်သုံးသွားမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် အစဉ်အလာအားဖြင့် ဘက်မလိုက်နိုင်ငံခြားရေးဝါဒ ကျင့်သုံးခဲ့ကြောင်း၊ မိမိတို့ပြည်သူများသည် ပထဝီနိုင်ငံရေး၊ စစ်ရေးမဟာမိတ်ဖွဲ့မှုများနှင့် အုပ်စုဖွဲ့မှုများကို ပါဝင်ပတ်သက်လိုသောဆန္ဒမရှိကြောင်း၊ မိမိအနေဖြင့် ၎င်းမူဝါဒကို ဆက်လက်စွဲကိုင်သွားမည်ဖြစ်ကြောင်း၊ သြစတြေးလျနှင့် နှစ်နိုင်ငံဆက်ဆံရေးကို အလေးထားသွားမည်ဖြစ်ကြောင်း၊ အိမ်နီးချင်းများဖြစ်သည့်အတွက် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်ထိန်းသိမ်းသွားမည်ဖြစ်ကြောင်း၊ နှစ်နိုင်ငံအကျိုးစီးပွားနှင့် အမျိုးသားအကျိုးစီးပွားများအတွက် နီးကပ်စွာပူးပေါင်းဆောင်ရွက်သွားလိုကြောင်း ပြောကြားခဲ့သည်။

သြစတြေးလျကာကွယ်ရေးဝန်ကြီး ရစ်ချတ်မာလက်စ်က အင်ဒိုနီးရှားနိုင်ငံနှင့် စီးပွားရေး၊ လုံခြုံရေးနှင့် နယ်စပ်ဖြတ်ကျော်ကုန်သွယ်မှု အခွန်လျှော့ချရေးတို့တွင် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရန် အခိုင်အမာဆုံးဖြတ်ထားရှိကြောင်း၊ ကာကွယ်ရေးစာချုပ်သည် နှစ်နိုင်ငံကြား ချုပ်ဆိုထားသည့် ထူးခြားသောသဘောတူစာချုပ်များအနက် တစ်ခုပင်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ယခင်ကထက် ပိုမိုပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသွားခဲ့သည်။

ယခုစာချုပ်သည် မိမိတို့ကာကွယ်ရေးတပ်ဖွဲ့များကြား အပြန်အလှန် ချိတ်ဆက်ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးတက်လာစေမည်ဖြစ်ကြောင်း၊ ထို့ပြင် နှစ်နိုင်ငံတပ်မတော်များကြား ပူးတွဲစစ်ရေးလေ့ကျင့်မှုများ ပိုမိုလုပ်ဆောင်လာနိုင်မည်ဖြစ်ကြောင်း၊ စည်းမျဉ်းစည်းကမ်းအခြေခံသော ကမ္ဘာလုံးဆိုင်ရာအခင်းအကျင်းကို အထောက်အကူပြုစေမည့် ကမ္ဘာလုံးဆိုင်ရာ ဘုံသဘောတူညီချက်ကို အထောက်အကူပြုစေ



မည်ဖြစ်ကြောင်း သြစတြေးလျကာကွယ်ရေးဝန်ကြီး ရစ်ချတ်မာလက်စ်က ပြောကြားခဲ့သည်။

သြစတြေးလျကာကွယ်ရေးဝန်ကြီး ရစ်ချတ်မာလက်စ်က သဘောတူစာချုပ်သည် နှစ်နိုင်ငံ၏ နယ်မြေနီးစပ်မှုကို ကျောထောက်နောက်ခံပြုထားကြောင်း၊ နှစ်နိုင်ငံသည် ကမ္ဘာပေါ်တွင် အရှည်လျားဆုံး ပင်လယ်ရေကြောင်းဆိုင်ရာနယ်စပ်ကို ပိုင်ဆိုင်ထားရှိကြောင်း၊ အင်ဒိုနီးရှားနှင့် သြစတြေးလျတို့သည် တူညီသောကံကြမ္မာကို ပိုင်ဆိုင်ထားရှိကြောင်းနှင့် နက်ရှိုင်းသောမဟာဗျူဟာမြောက်ယုံကြည်မှု တည်ဆောက်ထားရှိကြောင်း ပြောကြားခဲ့သည်။

သြစတြေးလျနှင့် အင်ဒိုနီးရှားနိုင်ငံတို့သည် လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို အတိုင်းအတာတစ်ခုထိ ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး လူကုန်ကူးမှုနှင့် မူးယစ်ဆေးဝါးတရားမဝင်ရောင်းဝယ်ဖောက်ကားမှုများအပါအဝင် သမားရိုးကျမဟုတ်သောခြိမ်းခြောက်မှုများ ဖြေရှင်းရေးအတွက်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ သြစတြေးလျနိုင်ငံသည် အမေရိကန်၊ ဂျပန်၊ စင်ကာပူ၊ ပြင်သစ်၊ ဗြိတိန်တို့နှင့်အတူ အင်ဒိုနီးရှားနိုင်ငံ၏ Super Garuda Shield ပူးတွဲစစ်ရေးလေ့ကျင့်မှုများတွင် ပါဝင်လေ့ကျင့်ခဲ့သည်။ တော်ဝင်သြစတြေးလျလေတပ်နှင့် အင်ဒိုနီးရှားလေတပ်တို့အနေဖြင့်လည်း ယခုနှစ် မေလတွင် ဘာလီ၌ ပူးတွဲပင်လယ်ရေကြောင်း စောင့်ကြည့်ရေး စစ်ရေးလေ့ကျင့်မှုကိုလည်းပြုလုပ်ခဲ့ပြီး စက်တင်ဘာလတွင် မြောက်ဆူလာဝေဆီ၌ လေကြောင်းတိုက်ခိုက်ရေး စစ်ရေးလေ့ကျင့်မှုပြုလုပ်သွားမည်ဖြစ်သည်။

ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းသဘောတူစာချုပ်၏ အသေးစိတ်အချက်အလက်ကို ထုတ်ပြန်ခြင်းမရှိသော်လည်း ပူးတွဲစစ်ရေးလေ့ကျင့်မှုများပြုလုပ်ရေး၊ နှစ်နိုင်ငံတပ်ဖွဲ့များ အပြန်အလှန်သွားရောက်လည်ပတ်ခွင့်ရရှိရေးတို့ပါဝင်မည်ဖြစ်ပြီး လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို အဆင်ပြေချောမွေ့စေမည်ဖြစ်သည်။

၁၉၉၅ ခုနှစ်က သြစတြေးလျနိုင်ငံခြားရေးဝန်ကြီး ဂါးရက်အီဗန်နှင့် အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီး အလီအလာတတ်စ်တို့သည် လုံခြုံရေးဆိုင်ရာ သဘောတူညီချက် လက်မှတ်ရေးထိုးခဲ့ကြသော်လည်း အရှေ့တီမောအရေးတွင် သြစတြေးလျနိုင်ငံ၏ ပါဝင်ပတ်သက်မှုကြောင့် အင်ဒိုနီးရှားနိုင်ငံသည် ၁၉၉၉ ခုနှစ် စက်တင်ဘာလ၌ စာချုပ်ကို ဖျက်သိမ်းခဲ့သည်။ ဆက်ဆံရေးပုံမှန်အခြေအနေသို့ ပြန်လည်ရောက်ရှိလာသည့်အချိန် ၂၀၀၆ ခုနှစ်နှင့် ၂၀၁၂ ခုနှစ်တွင် လုံခြုံရေးဆိုင်ရာသဘောတူစာချုပ်များ ပြန်လည်လက်မှတ်ရေးထိုးခဲ့သည်။ သြစတြေးလျ-အင်ဒိုနီးရှားဆက်ဆံရေးသည် အခါအားလျော်စွာဖြစ်ပွားခဲ့သည့် ပဋိပက္ခနှင့် သဘောထားကွဲလွဲမှုများအပေါ်တွင် လုံးလုံးလျားလျားတည်မှီလျက်ရှိသည်။ ၂၀၁၃ ခုနှစ်တွင်သြစတြေးလျနိုင်ငံသည်အင်ဒိုနီးရှားသမ္မတ ဆူစီလိုဘန်ဘန်းယူဒိုယိုနို၏ တယ်လီဖုန်းလိုင်းကို ကြားဖြတ်နားထောင်ပြီး သြစတြေးလျကြည်းတပ်က အသုံးပြုခဲ့သော အငြင်းပွားဖွယ်ရာ စစ်ရေးလေ့ကျင့်မှုပစ္စည်းများကြောင့် အင်ဒိုနီးရှားနိုင်ငံသည်သြစတြေးလျနှင့် စစ်ရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများရပ်ဆိုင်းခဲ့သည်။

လက်ရှိသဘောတူညီချက်အသစ်သည် နှစ်နိုင်ငံဆက်ဆံရေးရင့်ကျက်လာမှုနှင့် ဒေသတွင်း ပထဝီနိုင်ငံရေးဆိုင်ရာတင်းမာမှုများအပေါ် နှစ်နိုင်ငံစလုံး၏ မဟာဗျူဟာမြောက်အမြင်သဘောထားများကို ထင်ဟပ်ပေါ်လွင်စေလျက်ရှိသည်။ သို့သော် နှစ်နိုင်ငံစလုံးသည် ဒေသတွင်း ပထဝီနိုင်ငံရေးဆိုင်ရာ တင်းမာမှုများအပေါ် မတူညီသောရှုထောင့်ဖြင့် တုံ့ပြန်လျက်ရှိသည်။ သြစတြေးလျနိုင်ငံအနေဖြင့် အမေရိကန်နှင့် မဟာမိတ်ဖွဲ့ကာ တုံ့ပြန်လျက်ရှိသဖြင့် ဒေသတွင်းသဘောထားကွဲလွဲမှုများ ဖြစ်ပေါ်စေလျက်ရှိသည်။ အင်ဒိုနီးရှားနိုင်ငံအနေဖြင့် လွတ်လပ်ရေးရရှိစဉ်ကတည်းက စွဲကိုင်ထားသည့် လွတ်လပ်ပြီး တက်ကြွသော ဘက်မလိုက်နိုင်ငံခြားရေးမူဝါဒကို စွဲကိုင်ကျင့်သုံးလျက်ရှိသည်။

ကာကွယ်ရေးသဘောတူစာချုပ်များသည် နှစ်နိုင်ငံအမျိုးသားအကျိုးစီးပွားနှင့် ဆက်နွယ်လျက်ရှိသောကြောင့် အင်ဒိုနီးရှားနိုင်ငံသည် သြစတြေးလျ၊ ဗြိတိန်နှင့် အမေရိကန်နိုင်ငံတို့ကြား လုံခြုံရေးဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းဖြစ်သည့် AUKUS နှင့်စပ်လျဉ်း၍ ရပ်တည်ချက်ပြတ်သားရန် လိုအပ်ပေသည်။ စင်စစ်အားဖြင့် AUKUS သည် တော်ဝင်သြစတြေးလျရေတပ်အတွက် နျူကလီးယားရေငုပ်သင်္ဘောများ တည်ဆောက်သွားမည်ဖြစ်ပြီး ၂၀၄၀ ပြည့်လွန်နှစ်များတွင် တာဝန်ထမ်းဆောင်နိုင်မည်ဖြစ်သည်။ ၂၀၂၁ ခုနှစ်တွင် AUKUS စတင်သည့်အချိန်၌ အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီးဌာနသည် ၎င်းအဖွဲ့၏ ရည်မှန်းချက်နှင့်စပ်လျဉ်း၍ စိုးရိမ်ပူပန်မိကြောင်း ထုတ်ပြန်ခဲ့သည်။

အထူးသဖြင့် သြစတြေးလျအသုံးပြုသွားမည့် နျူကလီးယားနည်းပညာသည် အင်ဒိုနီးရှားနိုင်ငံအပေါ် ဆိုးကျိုးသက်ရောက်နိုင်သောကြောင့်ပင်ဖြစ်သည်။ စင်စစ်အားဖြင့် အင်ဒိုနီးရှားနိုင်ငံအနေဖြင့် နျူကလီးယားရေငုပ်သင်္ဘောများ ထုတ်လုပ်သည့် လုပ်ငန်းစဉ်နှင့် ဂေဟစနစ်အပေါ်သက်ရောက်မှုများကို အလေးထားမေးမြန်းသွားရန်လိုအပ်ပြီး အင်ဒိုနီးရှားရေပိုင်နက်အတွင်း နျူကလီးယားရေငုပ်သင်္ဘောများဝင်ရောက်လာမှုကို တားမြစ်ခြင်းသည် အချုပ်အခြာအာဏာထိန်းသိမ်းမှုပင်ဖြစ်သည်။

မည်သို့ပင်ဆိုစေ လွန်ခဲ့သောငါးနှစ်အတွင်း သြစတြေးလျ-အင်ဒိုနီးရှား ကာကွယ်ရေးဆိုင်ရာဆက်ဆံရေးသည် အပြုသဘောဆောင်သောတိုးတက်မှုများ ရှိခဲ့ရာ အပြန်အလှန်လည်ပတ်မှုခရီးစဉ်များနှင့် ပူးတွဲစစ်ရေးလေ့ကျင့်မှုများ အကြိမ်ကြိမ်ပြုလုပ်နိုင်ခဲ့သည်။ ကာကွယ်ရေးဆိုင်ရာသဘောတူစာချုပ်အသစ်သည် နှစ်နိုင်ငံတပ်မတော်များကြား ပူးတွဲလှုပ်ရှားဆောင်ရွက်မှုများကို ပိုမိုအဆင်ပြေချောမွေ့စေမည်ဖြစ်သော်လည်း တရုတ်နှင့် အမေရိကန်နိုင်ငံအပါအဝင် မတူညီသောကမ္ဘာ့ရေးရာများနှင့်စပ်လျဉ်း၍ နှစ်နိုင်ငံ၏မဟာဗျူဟာမြောက်ဆက်ဆံရေးအပေါ် အပြောင်းအလဲဖြစ်ပေါ်စေမည်မဟုတ်ပေ။

အင်ဒိုနီးရှားနိုင်ငံနှင့် သြစတြေးလျနိုင်ငံတို့သည် ၁၉၄၉ ခုနှစ်တွင် သံတမန်ဆက်ဆံရေး ထူထောင်ခဲ့ပြီး အိမ်နီးချင်းနိုင်ငံများဖြစ်သည့်အားလျော်စွာ နှစ်နိုင်ငံဆက်ဆံရေးသည် အတက်အကျများ ရှိခဲ့သည်။ ၁၉၉၅ ခုနှစ်တွင် ကာကွယ်ရေးဆိုင်ရာသဘောတူစာချုပ်ချုပ်ဆိုခဲ့သော်လည်း အရှေ့တီမောအရေးတွင် သြစတြေးလျနိုင်ငံ ပါဝင်ပတ်သက်ခဲ့သဖြင့် ၁၉၉၉ ခုနှစ် စက်တင်ဘာလတွင် အင်ဒိုနီးရှားနိုင်ငံဘက်က ရပ်ဆိုင်းခဲ့ပြီး ၂၀၀၆ ခုနှစ်နှင့် ၂၀၁၂ ခုနှစ်တို့တွင် လုံခြုံရေးဆိုင်ရာသဘောတူစာချုပ်များ ပြန်လည်လက်မှတ်ရေးထိုးနိုင်ခဲ့သည်။ ထို့ကြောင့် နှစ်နိုင်ငံဆက်ဆံရေးသည် ဒေသတွင်းအခြေအနေများနှင့် မတူညီသောရှုထောင့်များအပေါ် မူတည်၍ အတက်အကျဖြစ်ပေါ်လျက်ရှိပေသည်။

**ကိုးကား**

- Indonesia and Australia to Sing Ambitious New Defense Agreement by The Diplomat.

**ဝင်းဇင်(သုတေသန)**

**ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။**

# ဘရာဇီးနိုင်ငံရှိ မြို့ပေါင်း ၃၀ အနီးတစ်ဝိုက်တွင် တောမီးလောင်ကျွမ်းမှုဖြစ်ပွားနေ



**ဘရာဇီးလီးယား သြဂုတ် ၂၅**

ဘရာဇီးနိုင်ငံ ဆာပေါ်လိုပြည်နယ်ရှိ မြို့ပေါင်း ၃၀ အနီးတစ်ဝိုက်တွင် တောမီးလောင်ကျွမ်းမှုဖြစ်ပွားနေကြောင်း ဘရာဇီးအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

အချို့သောမြို့များတွင် တောမီးသည် လူနေအိမ်ခြေများဆီသို့ စတင်ကူးစက်နေပြီး တောမီးကူးစက်လောင်ကျွမ်းမှု မတော်တဆဖြစ်စဉ်ကြောင့် လူနှစ်ဦး သေဆုံးခဲ့ရကြောင်း ဘရာဇီးအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

လေတိုက်နှုန်း မြင့်တက်နေခြင်းကြောင့်လည်း တောမီးသည် တစ်နေရာမှ တစ်နေရာသို့ ကူးစက်လောင်ကျွမ်းရာတွင် မြန်ဆန်နေခြင်းဖြစ်ကြောင်း၊ ဆာပေါ်လိုပြည်နယ်သည် လူဦးရေ ၁၁ သန်းခန့်နေထိုင်သည့်ပြည်နယ်ဖြစ်ပြီး တောမီးကို အမြန်ဆုံးထိန်းချုပ်နိုင်ရန် လိုအပ်နေကြောင်း၊ တောမီးလောင်ကျွမ်းမှု ဖြစ်ပွားနေသည့် ဧရိယာ များပြားသည့်အတွက် ဆာပေါ်လိုပြည်နယ်ကို သဘာဝဘေးအန္တရာယ် အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

တောမီးလောင်ကျွမ်းမှုဖြစ်ပွားသည့်နေရာ များပြားသကဲ့သို့ တောမီးအရှိန် ပြင်းထန်သည့်အတွက် မီးခိုးငွေ့များ နေရာအနှံ့သို့ပျံ့နှံ့နေပြီး မြင်ကွင်းမရှင်းသည့်အခြေအနေဖြစ်သောကြောင့် ယာဉ်မတော်တဆမှုများ မဖြစ်စေရေးအတွက် မီးခိုးများဖုံးလွှမ်းနေသောနေရာများသို့မော်တော်ယာဉ်မောင်းနှင်ခြင်းမပြုရန် အာဏာပိုင်အဖွဲ့အစည်းက သတိပေးချက်ထုတ်ပြန်ထားကြောင်း သိရသည်။

Ref : Sputnik News
Trs : Sai Sat

# မာလီနိုင်ငံတွင် ရေဘေးအန္တရာယ် ဆိုးရွားနေမှုကြောင့် နိုင်ငံတော်အဆင့် အရေးပေါ်အခြေအနေသတ်မှတ်

**ဘန်မာကို သြဂုတ် ၂၅**

မာလီနိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေဘေးအန္တရာယ် ဆိုးဆိုးရွားရွားဖြစ်ပေါ်နေသဖြင့် ရေဘေးအန္တရာယ်ကို နိုင်ငံတော်အဆင့် အရေးပေါ်အခြေအနေသတ်မှတ်ကြောင်း မာလီအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

၂၀၁၉ ခုနှစ် မိုးရာသီကာလအတွင်း မာလီနိုင်ငံတွင် မိသားစုပေါင်း ၄၇၀၀၀ ကျော်ထိ ရေဘေးဒဏ်သင့်ခဲ့ရသကဲ့သို့ သေဆုံးသူဦးရေ ၃၀ ထက်မနည်းရှိခဲ့ကြောင်း၊ ရေဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုလည်း မြင့်မားခဲ့သည့်အတွက် မာလီအာဏာပိုင်အဖွဲ့အစည်းကရေဘေးအန္တရာယ်အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်အဆင့်အရေးပေါ် အခြေအနေအဖြစ် သတ်မှတ်ခြင်းကြောင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းကိုနိုင်ငံတော်အဆင့်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အာဖရိကတိုက် အလယ်ပိုင်းနှင့် အနောက်ပိုင်းနိုင်ငံများတွင် ဇွန်လမှ စက်တင်ဘာလထိ မိုးရာသီအဖြစ်သတ်မှတ်ပြီး မာလီနိုင်ငံသည် လက်ရှိမိုးရာသီကာလကို ဖြတ်သန်းနေရသည့်အခြေအနေဖြစ်ကြောင်း၊ မိုးရာသီကာလပြီးဆုံးရန် တစ်လကျော်လိုအပ်နေသေးသည့် အခြေအနေဖြစ်ပြီး လက်ရှိကာလတွင် ရေဘေးဒဏ်သင့်ပြည်သူ ၇၁၆၀၀၀ ကျော်ထိရှိနေပြီဖြစ်ကြောင်း သိရသည်။

ရေဘေးဒဏ်သင့်ပြည်သူအရေအတွက် ဆက်လက်မြင့်တက်လာဖွယ်ရှိနေခြင်းကြောင့် နိုင်ငံတော်အဆင့် အရေးပေါ်အခြေအနေအဖြစ်သတ်မှတ်ပြီး နိုင်ငံတကာ၏ အကူအညီများကိုလည်းတောင်းခံသွားရန် ပြင်ဆင်နေကြောင်း၊ အထူးသဖြင့် ကုလသမဂ္ဂအဖွဲ့ထံသို့ အကူအညီတောင်းခံသွားမည်ဖြစ်ပြီး ကုလသမဂ္ဂအဖွဲ့၏ လက်အောက်ခံအဖွဲ့တစ်ခုဖြစ်သော Office for the Coordination of Humanitarian Affairs ထံသို့လည်း တိုက်ရိုက်အကူအညီ တောင်းခံသွားရန် ပြင်ဆင်နေကြောင်း သိရသည်။

Ref : Russia Today
Trs : Sai Sat

# ဆွီဒင်နိုင်ငံတွင် အမဲလိုက်လိုင်စင်များထုတ်ပေးပြီးနောက် ဝက်ဝံညို ၁၅၂ကောင် သတ်ဖြတ်ခံခဲ့ရ

**စတော့ဟုမ်း သြဂုတ် ၂၅**

ဆွီဒင်အစိုးရက ယခုနှစ်အတွင်း အမဲလိုက်လိုင်စင်များ ထုတ်ပေးခဲ့ပြီးနောက် ဝက်ဝံညို ၁၅၂ ကောင် သတ်ဖြတ်ခံခဲ့ရကြောင်း ဆွီဒင်နိုင်ငံ သဘာဝပတ်ဝန်းကျင်ကာကွယ်ရေးအေဂျင်စီက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ဆွီဒင်အစိုးရသည် ယခုနှစ်တွင် အမဲလိုက်လိုင်စင် ၄၈၆ ခု ထုတ်ပေးခဲ့ပြီးနောက် ဝက်ဝံညို ၁၅၂ကောင် အမဲလိုက်သတ်ဖြတ်ခံခဲ့ရပြီး အဆိုပါအရေအတွက်သည် လက်ရှိ ဝက်ဝံညိုစုစုပေါင်း၏ ၂၀ ရာခိုင်နှုန်းခန့်နှင့် ညီမျှကြောင်း၊ ၂၀၁၂ ခုနှစ်ကလည်း ဝက်ဝံညို ၇၂၂ ကောင်ကို အမဲလိုက်သတ်ဖြတ်ခဲ့ရကြောင်း၊ ယခုကဲ့သို့ ဝက်ဝံညိုများ အမဲလိုက်သတ်ဖြတ်ခံရမှုကြောင့် သဘာဝပတ်ဝန်းကျင်နှင့် တောရိုင်းတိရစ္ဆာန် ထိန်းသိမ်းကာကွယ်သူများနှင့် အမဲလိုက်သူများကြား အငြင်းပွားဖွယ်ရာများဖြစ်ပေါ်လာကာ ဆန္ဒထုတ်ဖော်မှုများ ဖြစ်ပေါ်လာနိုင်ကြောင်း ဒေသခံရဲတပ်ဖွဲ့များက ပြောကြားထားသည်။



တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းကာကွယ်ရေးအဖွဲ့ဖြစ်သည့် Swedish Carnivore Association ၏ ဥက္ကဋ္ဌဖြစ်သူ Magnus Orrebrant က ခေတ်မီအမဲလိုက်နည်းများက ဝက်ဝံညိုများကို အမဲလိုက်သတ်ဖြတ်ရာတွင် ပိုမိုလွယ်ကူစေပြီး ယခုအတိုင်း ဝက်ဝံညိုများ အမဲလိုက်သတ်ဖြတ်ခံနေရမည်ဆိုပါက မကြာမီ ဝက်ဝံညိုများ မျိုးသုဉ်းပျောက်ကွယ်သွားနိုင်ကြောင်း ပြောကြားထားသည်။

ဆွီဒင်နိုင်ငံသည် သားရဲတိရစ္ဆာန်အမဲလိုက်မှုကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေသောနိုင်ငံဖြစ်ကြောင်း၊ ထို့ကြောင့် ရှားပါး ဝက်ဝံညိုများအတွက် တင်းကျပ်သောကာကွယ်မှုများနှင့် အမဲလိုက်ခြင်းကို တားမြစ်ခြင်းများဆောင်ရွက်ခြင်းဖြင့် မျိုးသုဉ်းခြင်းဘေးမှ ကာကွယ်နိုင်မည်ဖြစ်ကြောင်း ဥရောပသဘာဝပတ်ဝန်းကျင်နှင့် တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့က ထုတ်ပြန်ထားသည်။

Ref : Russia Today
Trs : KZ

# ကုလသမဂ္ဂ၏ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်က ဂွါတီမာလာနိုင်ငံကို လယ်ယာစိုက်ပျိုးရေးနှင့် ပတ်သက်၍ အကူအညီပေးသွားမည်

**ဂွါတီမာလာစီးတီး သြဂုတ် ၂၅**

ဂွါတီမာလာနိုင်ငံတွင် မိုးခေါင်မှုကြောင့် ကောက်ပဲသီးနှံအထွက်နှုန်းများကျဆင်းပြီး လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ၌ အခက်အခဲများ ဖြစ်ပေါ်နေသောကြောင့် ကုလသမဂ္ဂ၏ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်က လယ်ယာစိုက်ပျိုးရေးနှင့်ပတ်သက်၍ အကူအညီပေးသွားမည်ဖြစ်ကြောင်း ယနေ့သတင်းများအရသိရသည်။

ဂွါတီမာလာနိုင်ငံတွင် ကာလကြာမြင့်စွာဖြစ်ပေါ်နေသော မိုးခေါင်မှုသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများအတွက် ခြိမ်းခြောက်မှုတစ်ခုဖြစ်နေသည့်အပြင် မိုးခေါင်မှုကြောင့် ကောက်ပဲသီးနှံအထွက်နှုန်းများ ကျဆင်းကာနိုင်ငံ၏ကျေးလက်ဒေသများတွင် ငတ်မွတ်မှုနှင့် အာဟာရချို့တဲ့မှုများ ဖြစ်ပေါ်နေကြောင်း၊ ထို့ကြောင့် ကုလသမဂ္ဂ၏ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်မှ ဝန်ထမ်းများသည် အဆိုပါအရပ်ဒေသများတွင်ဖြစ်ပေါ်နေသော အာဟာရချို့တဲ့မှုကို တိုက်ဖျက်ရန်အတွက် ရေရှည်တည်တံ့ပြီး ဘေးဒဏ်ကို ခံနိုင်ရည်ရှိသော စိုက်ပျိုးရေးအလေ့အကျင့်များနှင့်ပတ်သက်၍ ဂွါတီမာလာရှိ ကျေးလက်နေပြည်သူများကို လေ့ကျင့်သင်ကြားပေးရန် ရည်ရွယ်ချက်ထား ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ဂွါတီမာလာနိုင်ငံမှာ ကြုံတွေ့နေရတဲ့ ရာသီဥတုဖောက်ပြန်မှုကြောင့် ဖြစ်ပေါ်လာတဲ့ စိန်ခေါ်မှုတွေကို ရင်ဆိုင်ဖို့အတွက် ပိုမိုကောင်းမွန်တဲ့ ကြိုတင်ပြင်ဆင်မှုတွေ၊ ရေရှည်တည်တံ့ပြီး ဘေးဒဏ်ကိုခံနိုင်ရည်ရှိတဲ့ စိုက်ပျိုးရေးအလေ့အကျင့်တွေနဲ့ပတ်သက်ပြီး နိုင်ငံရဲ့ ကျေးလက်နေပြည်သူတွေက တတ်သိနားလည်ထားသင့်ပါတယ်"ဟု ဂွါတီမာလာရှိ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်မှ Tania Goossens က ပြောကြားခဲ့သည်။

Ref : Sputnik News
Trs : KZ

# ဂရီတာသွန်းဘတ်ဦးဆောင်သည့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတက်ကြွလှုပ်ရှားသူများက နော်ဝေနိုင်ငံ ကာစတိုးမြို့ရှိ သဘာဝဓာတ်ငွေ့ပိုက်လိုင်းတွင် ပိတ်ဆို့ဆန္ဒထုတ်ဖော်

**အော့စလို သြဂုတ် ၂၅**

ဆွီဒင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတက်ကြွလှုပ်ရှားသူအသက် ၂၁ နှစ်အရွယ် ဂရီတာသွန်းဘတ် ဦးဆောင်သည့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတက်ကြွလှုပ်ရှားသူများသည် နော်ဝေနိုင်ငံ ကာစတိုးမြို့ရှိ သဘာဝဓာတ်ငွေ့ပိုက်လိုင်းတွင် ပိတ်ဆို့ဆန္ဒထုတ်ဖော်မှု ပြုလုပ်ခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

ဂရီတာသွန်းဘတ်သည် ကမ္ဘာ့နိုင်ငံအနှံ့အပြားသို့ သွားရောက်ကာ ဆန္ဒထုတ်ဖော်မှုများ ပြုလုပ်လျက်ရှိသကဲ့သို့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတက်ကြွလှုပ်ရှားသူများ အဖွဲ့အစည်းတစ်ခုဖြစ်သည့် Extinction Rebellion အဖွဲ့အစည်းတွင်လည်း ဦးဆောင်သူတစ်ဦးအနေဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ဂရီတာသွန်းဘတ်ဦးဆောင်သော ဆန္ဒထုတ်ဖော်သည့်လူအုပ်ကြီးသည် ကာစတိုးသဘာဝဓာတ်ငွေ့ပိုက်လိုင်းတွင် သက်ဆိုင်ရာအဖွဲ့အစည်းများမှ ဝန်ထမ်းများ အလုပ်မလုပ်နိုင်ရေးကိုရည်ရွယ်၍ ပိတ်ဆို့ဆန္ဒထုတ်ဖော်နေခြင်းဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ကုမ္ပဏီရဲ့ အဓိကရေနံပိုက်လိုင်းမှာ ဆန္ဒထုတ်ဖော်သူတွေစုရုံးပြီးတော့ ဆန္ဒထုတ်ဖော်မှုတွေ ပြုလုပ်နေတယ်။ ဒီနေရာမှာ နေ့စဉ် ကျွန်တော်တို့ ဆောင်ရွက်ရမဲ့ ကိစ္စတွေရှိတယ်။ ဆန္ဒထုတ်ဖော်သူတွေ လမ်းကို ပိတ်ဆို့ထားတဲ့အတွက်ကြောင့် အလုပ်မလုပ်နိုင်တဲ့ အခြေအနေဖြစ်ပါတယ်။ တကယ်တော့ ဒီနေရာဟာ သဘာဝဓာတ်ငွေ့ပမာဏအများကြီးထုတ်နေတဲ့ ပိုက်လိုင်းတစ်ခုတော့မဟုတ်ပါဘူး"ဟု Equinor ကုမ္ပဏီမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

အဆိုပါ ပိုက်လိုင်းသည် နော်ဝေနိုင်ငံမှ ဥရောပနိုင်ငံများသို့ သွယ်တန်းထားသော သဘာဝဓာတ်ငွေ့ပိုက်လိုင်းဖြစ်ပြီး Equinor ကုမ္ပဏီက တာဝန်ဆောင်ရွက်နေသည့် ပိုက်လိုင်းလည်းဖြစ်ကြောင်း သိရသည်။

ဂရီတာသွန်းဘတ်သည် ကမ္ဘာ့တစ်ဝန်း ရုပ်ကြွင်းလောင်စာသုံးစွဲမှုကိုလျှော့ချရေးအတွက် နိုင်ငံတကာသို့ လှည့်လည်သွားရောက်ကာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတက်ကြွလှုပ်ရှားသူများကို စည်းရုံးပြီး ဆန္ဒထုတ်ဖော်မှုများ ပြုလုပ်နေခြင်းဖြစ်သည်။

Ref : Xinhua News
Trs : Sai Sat

# ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)
# ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး
# ကြော်ငြာစာအမှတ်(၁/၂၀၂၄)
# (၂၀၂၄ ခုနှစ် ဩဂုတ်လ ၇ ရက်)
# လျှောက်လွှာခေါ်ယူခြင်း

၁။ ဤညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် မြဝတီသတင်းစာတိုက်နှင့် ရတနာပုံသတင်းစာတိုက်တို့တွင် အောက်ပါရာထူးများ၌ စစ်သည်(အစားခန့်)ဝန်ထမ်းအဖြစ်ခန့်အပ်ရန်အလိုရှိပါသည်-

(က) စာတည်း(ဝိဇ္ဇာဘွဲ့(မြန်မာစာ)၊ ဝိဇ္ဇာဘွဲ့ (သတင်းအတတ်ပညာ)ဦးစားပေးမည်)

(ခ) စာပြင်(ဝိဇ္ဇာဘွဲ့(မြန်မာစာ)၊ ဝိဇ္ဇာဘွဲ့(သတင်းအတတ်ပညာ)ဦးစားပေးမည်)

(ဂ) ကွန်ပျူတာ(ကွန်ပျူတာဘွဲ့ရဦးစားပေးမည်)

၂။ ရာထူးအားလုံးအတွက် လိုအပ်သောအရည်အချင်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား တိုင်းရင်းသားမိဘနှစ်ပါးမှ မွေးဖွားသူဖြစ်ရမည်။

(ခ) ၂၀၂၄ ခုနှစ် ဇွန်လ(၃၀)ရက်နေ့တွင် အသက်(၂၈)နှစ်မကျော်လွန်စေရ။

(ဂ) တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိပြီးသူဖြစ်ရမည်။

(ဃ) အနည်းဆုံး ၅ နှစ်အမှုထမ်းဆောင်နိုင်သူဖြစ်ရမည်။

(င) လျှောက်ထားသူနှင့် မိဘညီအစ်ကိုမောင်နှမများအားလုံးအနေဖြင့် ပြစ်မှုကင်းရှင်းရမည့်အပြင် ပါတီနိုင်ငံရေးနှင့်ကင်းရှင်းသူဖြစ်ရမည်။

၃။ လျှောက်လွှာနှင့်ကိုယ်ရေးရာဇဝင်ပုံစံများကို အောက်ပါနေရာများတွင် ရယူနိုင်ပါသည်-

(က) မြဝတီသတင်းစာတိုက်(နေပြည်တော်)

(ခ) မြဝတီသတင်းစာတိုက်(ရန်ကုန်)

(ဂ) မြဝတီသတင်းစာတိုက်(မန္တလေး)

(ဃ) ရတနာပုံသတင်းစာတိုက်

၄။ လျှောက်လွှာများ ကို ၇-၈-၂၀၂၄ ရက်မှ ၂၉-၈-၂၀၂၄ ရက်နေ့အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။

၅။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ပြည်နယ်၊ မြို့ နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)၊ ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံနှင့် တပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံတို့မှ ပဏာမဆေးစစ်အောင်မြင်ကြောင်း ထောက်ခံချက်ပူးတွဲတင်ပြရမည်။

၆။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာ ရေးသားဖော်ပြခြင်းမရှိသောလျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသောလျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၇။ လူတွေ့စစ်ဆေးခြင်းအား မြဝတီသတင်းစာတိုက်(နေပြည်တော်)တွင် ၂၀၂၄ ခုနှစ် ဩဂုတ်လ ၂၉ ရက်နှင့် ၃၀ ရက်တို့၌ ပြုလုပ်သွားမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

| | |
|---|---|
| နေပြည်တော် | ဖုန်း - ၀၉-၄၃၀၂၉၈၂၀၊ ၀၉-၄၂၂၁၉၂၁၇၀၊ ၀၉-၂၅၀၀၀၀၈၅၄၊ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈ |
| ရန်ကုန် | ဖုန်း - ၀၉-၄၀၃၇၀၃၅၉၉ |
| မန္တလေး | ဖုန်း - ၀၉-၆၈၈၈၈၃၅၅၈၊ ၀၉-၄၀၁၆၀၅၀၇၁ |


လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။
ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)


**ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေ ဖတ်ကြစို့**

# ကျုံပျော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကြံ ၅၄၅ ဧက စိုက်ပျိုးပြီးစီး



**ကျုံပျော် ဩဂုတ် ၂၅**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ကျုံပျော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံ စိုက်ပျိုးရာသီ၌ ကြံ ၅၄၅ ဧက ရာနှုန်းပြည့်စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကျုံပျော်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဆန်းဝင်းက ပြောပြ၍ သိရသည်။

ကျုံပျော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကြံ ၅၄၅ ဧကကို ယခုနှစ် ဇွန်လ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ရာနှုန်းပြည့် စိုက်ပျိုးပြီးဖြစ်ကြောင်း၊ အဆိုပါ ကြံများ ရာနှုန်းပြည့် စိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

"မိုးသီးနှံ စိုက်ပျိုးရာသီမှာ တောင်သူများအခက်အခဲမရှိ စိုက်ပျိုးနိုင်ဖို့အတွက် လိုအပ်တဲ့နည်းပညာနဲ့ အခြားကူညီပံ့ပိုးမှုတွေကို ကြိုတင်ဆောင်ရွက်ပေးခဲ့ပါတယ်။ ကြံ ၅၄၅ ဧကထိ လျာထားစိုက်ပျိုးခဲ့ပါတယ်။ လက်ရှိ အားလုံး ရာနှုန်းပြည့် စိုက်ပျိုးနိုင်ခဲ့ပြီးဖြစ်ပါတယ်။ စိုက်ထားတဲ့ကြံတွေ အထွက်နှုန်းကောင်းမွန်စေဖို့ စိုက်ပျိုးနည်းစနစ်နဲ့ အခြားလိုအပ်တဲ့ပံ့ပိုးမှုတွေကို စိုက်ပျိုးရေးဦးစီးဌာနက တောင်သူတွေနဲ့ ပူးပေါင်းဆောင်ရွက်ပေးခဲ့ပါတယ်။ အရင်နှစ်တွေကထက် အထွက်နှုန်း ပိုမိုကောင်းမွန်ဖို့ အရည်အသွေးကောင်းစေဖို့ ပိုးမွှားအန္တရာယ်ကင်းရှင်းစေဖို့ အသိပညာပေးလုပ်ငန်းတွေကို စနစ်တကျ ဆောင်ရွက်ပေးနေပါတယ်။ တောင်သူအသိပညာပေးလုပ်ငန်းတွေကိုလဲ အဆက်မပြတ်လုပ်ဆောင်ပေးနေပါတယ်"ဟု ကျုံပျော်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဆန်းဝင်းက ပြောပြသည်။

ကျုံပျော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ကြံများကို ကျေးရွာ ၁၉ ရွာမှ ဒေသခံတောင်သူများမှ အများဆုံးစိုက်ပျိုးထားကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# ရေတာရှည်မြို့နယ် ပိတောက်ခင်ကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**ရေတာရှည် ဩဂုတ် ၂၅**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ရေတာရှည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ပိတောက်ခင်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တောင်ငူခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန့်ဇင်မျိုး၊ ရေတာရှည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ ပိတောက်ခင်ကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းနှင့် ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကော်မတီဝင်များနှင့်တွေ့ဆုံပြီး ဆောင်ရွက်ပြီး ကွန်ကရစ်လမ်းနှင့်ရေသန့်စင်စက်ကို အကျိုးရှိစွာအသုံးပြုကြရန်၊ ရေရှည်အသုံးပြုနိုင်ရေးအားလုံး ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

ရေတာရှည်မြို့နယ် ပိတောက်ခင်ကျေးရွာ၌ လမ်းအရှည်ပေ ၆၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းနှင့် တစ်နာရီရေသန့်ဂါလန် ၂၀၀ ကျော်ထွက်ရှိသည့် ရေသန့်စင်စက် တပ်ဆင်ခြင်းလုပ်ငန်းများကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) ရန်ပုံငွေကျပ် ၁၅ သိန်း၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ငါးသိန်း စုစုပေါင်းငွေကျပ်သိန်း ၂၀ ဖြင့် ရေတာရှည်မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အင်ဂျင်နီယာဝန်ထမ်းများ၏ နည်းပညာကူညီပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်ဆောင်ရွက်ပေးမှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဇွန် ၂၀ ရက်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးမှုကြောင့် ပိတောက်ခင်ကျေးရွာရှိ အိမ်ခြေ ၁၉၈ အိမ်မှ လူဦးရေ ၇၆၀ တို့၏ သွားလာမှုလွယ်ကူနေပြီဖြစ်ပြီး သန့်ရှင်းသောသောက်သုံးရေများကိုလည်း ဖူလုံစွာရရှိနေပြီဖြစ်ကြောင်း တောင်ငူခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန့်ဇင်မျိုးက ပြောပြ၍ သိရသည်။

**ကိုညို**




ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၃၊ ၀၁ ၆၅၁၀၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၀၈၀
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၀၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇




ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၃၀၈၆၁၆၅၅၊ ၀၉ ၄၂၀၂၁၉၄၃၆
STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၀၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၀၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

### ပျောက်ဆုံးကြောင်း

လောက်ကိုင်မြို့၊ ရွှေယင်စီးအုပ်စု၊ ယာခုတ်ကိုင်းကျေးရွာနေ မလီကျွင်းဟွမ် (ဘ) ဦးလီလောက်အန် (၁၃/လကန(နိုင်)၀၁၇၂၉၂)၏ နိုင်ငံကူးလက်မှတ်အမှတ် (MH–097553) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉–၉၅၃၃၆၆၃၆၀

### ပျောက်ဆုံးကြောင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၂၀)နေ မောင်သန်းဇော်ဦး (ဘ) ဦးကီဆန်း (၉/ပဥလ(နိုင်)၀၉၄၁၅၉)၏ နိုင်ငံကူးလက်မှတ်အမှတ် (MG–661686) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉–၇၉၉၉၄၀၀၈၂

#### COVID-19 ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်



COVID-19 ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

#### COVID-19 ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်

နှာချေ ချောင်းဆိုးရာတွင် ပါးစပ်နှင့် နှာခေါင်းတို့ကို ပခုံး တစ်ရှူးတို့ဖြင့် လုံအောင်ဖုံးအုပ်ပါ (သို့မဟုတ်) တံတောင်ဆစ်ကွေးနှင့် ဖုံးအုပ်ပြီး နှာချေချောင်းဆိုးပါ။



#### COVID-19 ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်

လူတစ်ဦးနှင့်တစ်ဦး ၃ ပေ (တစ်မီတာ)မှ ၆ ပေခန့်အကွာမှာနေပါ။ ပိုးရပ်ပျံ့နှံ့မှုကို ကာကွယ်နိုင်ရန် မလိုအပ်ဘဲ အိမ်အပြင်မထွက်သင့်ပါ။




#### COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူပြုစေရန်

လက်ကိုဆပ်ပြာ (သို့မဟုတ်) Alcohol ၆၀ ရာနိုင်နှုန်းပါဝင်သော လက်သန့်ဆေးရည်ဖြင့် မကြာခဏစနစ်တကျဆေးကြောပါ။



# အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် ''1111'' အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Pro–gramme–PFP) ကိုအသုံးပြုဆောင်ရွက်လျက်ရှိပါ သည်။




၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများထံမှ Short Code နံပါတ် ''1111'' ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့်ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး အဖွဲ့များက Short Code နံပါတ် ''1111'' ဖြင့် SMS ပေးပို့မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှုတားဆီး ကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော် တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

❖ **ကမ္ဘာကြီး၏ မျက်မှောက်အခြေအနေအရပင်ဖြစ်စေ၊ မိမိတို့နိုင်ငံ၏ ပကတိအရှိတရားအရဖြစ်စေ၊ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးသည် အလိုအပ်ဆုံးနှင့် အဖြစ်သင့်ဆုံး အမျိုးသားရေးရည်မှန်းချက်၊ အမျိုးသားရေးပန်းတိုင်၊ အမျိုးသားရေးတာဝန်ပင်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၂၀ ရက်တွင် ပြုလုပ်သော (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် လူငယ်နှင့် စာပေအနုပညာပွဲတော် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန်လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးနှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများဆွေးနွေးပြောကြား




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးနှင့်ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

**နေပြည်တော် ဩဂုတ် ၂၅**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးနှင့်ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများကို ယနေ့မွန်းလွဲပိုင်းတွင် မန္တလေးမြို့ မြို့တော်ခန်းမ၌ တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများအား ဆွေးနွေးပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီးမောင်မောင်အေး၊

**စာမျက်နှာ ၁၉ ကော်လံ ၁ ☆**

